www.burmeseclassic.com

# ဘီလူးသုံးကောင်နှင့် ဆင်းရဲမွဲတေမှုအယ်လ်ဘမ်

မောင်ချစ်(သူရဲသပိန်)
ကိုရင်ရွှေမျိုး
မြို့မသိခ်




www.burmeseclassic.com

www.burmeseclassic.com

# ဘိလူးသုံးကောင်နှင့် ဆင်းရဲမွဲတေမှုအလယ်လတ်ဘမ်

အပါအဝင်

နိုင်ငံရေးဆောင်းပါး(ပေါင်းချုပ်)

- မောင်ချစ်(သူရဲသမိန်)
- ကိုရင်ရွှေမျိုး
- မြို့မသိန်

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ ဦးအောင်စိုး(မြဲ-၀၃၈၉၄)
စိုးစာပေ
၅၅(E) ၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ ဒေါ်ချစ် (ခ) ဒေါ်စန်းမြင့်
စန္ဒာမိုးပုံနှိပ်တိုက်
အမှတ်–၂၀၀၊ ၃၁–လမ်း၊ (၇) ရပ်ကွက်၊
ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း ကာတွန်းဟန်

ပုံနှိပ်ခြင်း ပထမအကြိမ်

ပြီးစီးသည့်ကာလ ၂၀၁၄ ခုနှစ်၊ ဇွန်လ

ဖြန့်ချိရေး စိုးနိုင်စာပေ
အမှတ်– ၁၉(စီရုံ/ပထမထပ်)၊
သိမ်ကြီးဈေး၊ ရန်ကုန်မြို့။
ဖုန်း–၀၉၄၂၀၁၁၆၀၂၄၊၀၉ ၃၁၄၅၃၃၈၈

အုပ်ရေ ၁၀၀၀

တန်ဖိုး ၁၅၀၀ ကျပ်

ကလောင်စုံ ၈၂၇.၁
ဘီလူးသုံးကောင်နှင့် ဆင်းရဲမွဲတေမှုအယ်လ်ဘမ်အပါအဝင်
နိုင်ငံရေးဆောင်းပါး(ပေါင်းချုပ်) / ကလောင်စုံ။ – ရန်ကုန်
စိုးစာပေ ၊ ၂၀၁၄။
၁၅၃ – စာ ၊ ၁၃ . ၅ စင်တီ × ၂၁ . ၅ စင်တီ
(၁) ဘီလူးသုံးကောင်နှင့် ဆင်းရဲမွဲတေမှုအယ်လ်ဘမ်အပါအဝင်
နိုင်ငံရေးဆောင်းပါး(ပေါင်းချုပ်)


## မာတိကာ


### မောင်ချစ်(သူရဲသမိန်)

၁။ သမ္မတကြီးရဲ့ ဆင်းရဲမွဲတေမှုပပျောက်ရေးအယ်လ်ဘမ်လ် ၂
၂။ ကိုယ်တိုင် စာဖတ်ရှိန် လျှော့ချလိုက်ပါပြီ ၉
၃။ အမေသာရှိရင် အံ့သြလိုက်မယ့်ဖြစ်ခြင်း ၁၇
၄။ လွှတ်လပ်ရေး ကြေညာစာတမ်းနှင့် ကမ္ဘာမကျေဘူးတဲ့လားဗျာ ၂၂
၅။ အချိန်တွေကြာမြင့်လို့အသည်းကွဲနေကြပါပြီ ၂၉
၆။ ခေါင်းဆောင်ဆိုတာ ၃၅
၇။ သမ္မတကြီး၏ဆင်းရဲမှုလျှော့ချရေးစီမံကိန်းထဲမှသမဝါယမ ၄၂
၈။ အမတ်မင်းတွေ အားရပါးရအိပ်ပျော်နေရာကနိုးမှပဲ ၄၉

### ကိုရင်ရွှေမျိုး

၉။ ဒီမိုကရေစီ တကယ်ရပါ့မလား ၅၇
၁၀။ ပြည်သူ့အတွက် ခေါင်းဆောင်ကောင်းဖြစ်ဖို့လိုသည် ၆၂
၁၁။ ခရိုနီများနှင့် ဒီမိုကရေစီ လားလားမျှမညီ ၆၉
၁၂။ ငြိမ်းစုစီ ပုဒ်မ ၁၈ နဲ့ပတ်သက်၍ ၇၅
၁၃။ မင်းသားလား ၊ ဘီလူးလား ၈၀
၁၄။ အမှန်တရားလိုအပ်ချက် ဖြည့်စွက်ဖို့လိုပြီ ၈၇


www.burmeseclassic.com

www.burmeseclassic.com


၁၅။ သည်လိုနှင့် မိုးကြီးချုပ်တော့မယ် ၉၂

၁၆။ ကြက်သားဟင်း သံသရာ ၉၈

၁၇။ လမ်းကောင်းပေါ်ရောက်ဖို့ လမ်းမှန်လျှောက်ဖို့လိုမယ် ၁၀၄


**မြို့မသိမ်**


၁၈။ မြန်မာ့နိုင်ငံရေးဖြစ်စဉ်နှင့် ထောင်ချောက်များ ၁၁၁

၁၉။ လက်နက်ကိုင် လမ်းစဉ်အသုံးချပြီး နိုင်ငံရေးအဖြေရှာနေသမျှ . . . ၁၁၅

၂၀။ သပိတ်တိုက်ပွဲများ မပေါ်ပေါက်စေချင်လျှင် ပြည်သူ့ဆန္ဒကို အလေးထားဆောင်ရွက်ပေးစေချင် ၁၂၀

၂၁။ ဗိုလ်ချုပ်အောင်ဆန်း၏ပြည်ထောင်စုသဘောထားအမြင် ၁၂၄

၂၂။ တစ်မျိုးသားလုံးအရေးနှင့် နှိုင်းယှဉ်သည့်အခါ (CPI) ဆိုတာ အသေးအမွှားရယ်ပါ ၁၃၀

၂၃။ တကယ်တော့ တပ်မတော်သားဟာလည်း နှလုံးသားရှိတဲ့လူပါပဲ ၁၃၄

၂၄။ ရုပ်ပုံလွှာအရှင်သခင်ဆရာ၊ ဆရာ၏ ရုပ်ပုံလွှာကို ကျွန်တော်တို့ ဆက်ရေးရမည်သာ ၁၃၉

၂၅။ တိုင်းပြည်မလွတ်လပ်သေးတာကို ဗိုလ်ချုပ်နှင့်တော်လှန်ရေးခေါင်းဆောင်များသိမသွားရှာ ၁၄၅

၂၆။ ပြုပြင်လိုသူများ၏ အခြေအနေ၊ မပြုပြင်လိုသူများ၏ 'ဆင်ခြေ' ၁၄၉


◆ ◆ ◆



# ဖောင်ချစ် (သူရဲသမိန်)

## ကိုယ်ရေးအကျဉ်း

ဝေါမြို့နယ်၊ သူရဲသမိန်ကျေးရွာ၊ လယ်သမားကြီး ဦးဘညွန့်+ ဒေါ်တင်တို့၏ သားသမီး(၆)ဦးအနက် အကြီးဆုံးသားဖြစ်သည်။ ၁၉၆၂ ခုနှစ်မှစ၍ ဖက်စပ်အမှတ် (၉) နှင့် ကုန်သွယ်ရေးဝန်ကြီးဌာနတွင် ၁၉၈၉ ခုနှစ်ထိ (၂၇) နှစ် တာဝန်ထမ်းဆောင်ပြီး နှစ်ပြည့်အငြိမ်းစားယူသည်။

၁။ ၁၉၈၆ ခုနှစ်တွင် ကဗျာတစ်ပုဒ်ဖြင့် စာပေလောကထဲ ဝင်သည်။

၂။ ၂၀၀၄ ခုနှစ်တွင် 'သူရဲသမိန်ဒိုင်ယာရီ' စာအုပ်

၃။ ၂၀၁၁ ခုနှစ်တွင် 'အကြော်ဖိုးလေးပေးခဲ့ပါနှင့် ရင်မှာစွဲကျန်ရစ်သော ပုံရိပ်များ' စာအုပ်

၄။ ၂၀၁၃ ခုနှစ်တွင် 'ဆုံမှတ်လွဲသောအလွမ်းနှင့် ရသစာစုများ' အာနှာဒ်

၅။ စုပေါင်း ဝတ္ထုတို (၂၈) အုပ်

၆။ ကလောင်ခွဲ (၄) ခုဖြင့် ဝတ္ထု၊ ဆောင်းပါး (၄၀၀) ကျော် ရေးသားခဲ့ပြီးဖြစ်သည်။


အိမ် အမှတ်-၁၆၊ သုဝဏ္ဏလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်
ဖုန်း- ၀၉ ၅၀၂၁၄၈၁၊ ၀၁ ၅၄၀၀၃၄၊ ၀၁ ၅၂၆၇၄


www.burmeseclassic.com

www.burmeseclassic.com



# သမ္မတကြီးရဲ့ ဆင်းရဲမွဲတေမှုပပျောက်ရေး
# အယ်လ်ဘမ်လ်

သမ္မတ ဦးသိန်းစိန် အရပ်သားအစိုးရတက်လာပြီးနောက်ပိုင်းတွင် ဆင်းရဲမွဲတေမှု ပပျောက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို ဦးစားပေးဆောင်ရွက်မည်ဟု ကတိပြုခဲ့၍ ပြည်သူများ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြသည်။

အစိုးရသက်တမ်း (၃) နှစ်တာ ကာလအတွင်း အကျင့်ပျက်ဝန်ထမ်းများကို ဌာနပြောင်းရွှေ့ခြင်း၊ အငြိမ်းစားပေးခြင်း စသဖြင့် လျော့ပေါ့သော ပြစ်ဒဏ်များချမှတ်အရေးယူသည်။ အများအမြင်မှာတော့ မျက်နှာနာစရာ၊ ထောက်ထားစရာများကြောင့် ရှေ့ဖော့ရိုးဖြင့် ရိုက်နှက်ဆုံးမမှုများကို သဘောမတွေ့ကြ။ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး ဆောင်ရွက်မှုများအနက် လက်ညှိုးထိုးစရာတစ်ခုအဖြစ် ဝန်ကြီးဌာနများတွင် အကျင့်ပျက်ခြစားမှုများနှင့် အလွဲသုံးစားမှုများ စိုးမိုးနေဆဲဖြစ်သည်ကို ဖေဖော်ဝါရီလ (၅) ရက်က တင်ပြခဲ့သော လွှတ်တော်သို့ စာရင်းစစ်ချုပ်၏ အစီရင်ခံစာက မေးခွန်းထုတ်စရာအဖြစ် တင်ပြထားသည်ကို တွေ့ရသည်။ ဝန်ကြီးဌာနအဆင့်မှာပင် အဖြစ်တွေက ဆိုးနေဆဲပါ။



အကျင့်ပျက်သည်များကို စစ်ဆေးတွေ့ရှိပါက ဌာနပြောင်းရွှေ့ခြင်း၊ အငြိမ်းစားပေးခြင်း၊ ပြစ်ဒဏ်က လျော့ပေါ့လွန်းတာကြောင့်၊ မသမာမှုများကို ရဲတင်းစွာ မကြောက်မရွံ့ ပြုနေကြဦးမည်ဖြစ်သည်။ ဤသို့ဖြင့် လက်တစ်ဆုပ်စာ လူတစ်စုမှာ ထားစရာမရှိအောင် ချမ်းသာနေကြပြီး ပြည်သူအများစုကတော့ ကုန်းကောက်စရာမရှိအောင် ဆင်းရဲမွဲတေနေကြသည်။ သည်အရေးဆောင်ရွက်ရန် ဦးတည်ခဲ့ခြင်း ဖြစ်သည်။

သမ္မတဦးသိန်းစိန်၏ အပြောကို လက်တွေ့ အကောင်အထည်ဖော်ရာတွင် အောက်ခြေထိ ရောက်မလာဘဲ၊ အပေါ်ပိုင်းမှာပင် ပိပြင်မှုမရှိခြင်းကို တွေ့ရသည်။ ဌာနကြီးတစ်ခုကို ဦးဆောင်ဦးရွက်ပြုရမည့် ပြည်ထောင်စုဝန်ကြီးများ ကိုယ်တိုင်ပင် ပြည်သူ့အကျိုးကို ဆောင်ရွက်နိုင်မှုနှင့် ပြည်သူကို စော်ကားမော်ကား၊ ရိုင်းစိုင်းသည့် အပြောများကြောင့် ပြည်သူများ စိတ်မချမ်းမြေ့ ဖြစ်နေကြသည်။ အပြောလည်းမချို၊ အလုပ်လည်းမဖြစ်သော အချို့ဝန်ကြီးများကြောင့် တိုင်းပြည်တိုးတက်ဖို့ထက် ပြည်သူတွေ စိတ်မချမ်းသာမှုက ပိုမိုနေသည်။ ရိုင်းစိုင်းသော အပြောလျှော့၍ တိုးတက်မည့်အလုပ်ကို လုပ်စေချင်သည်။

ဝန်ကြီးတစ်ပါးက ရိုင်းစိုင်းပြောဆိုမှုကို ဝိုင်းဝန်းမထိန်းကြဘဲ စေတနာပါသော စေတနာအပြောသာဖြစ်မည်။ အချိန်ပေးပါဦး၊ လေ့လာဝါရစေဦး ဆိုသော စကားများဖြင့် ဖာဖာထေးထေး ပြုနေကြသည်။ ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေခြင်းကြောင့် ပုပ်ဟောင်နေသော ငါးချဉ်များကို ပြည်သူတွေ ရှုံ့မုန်းနေကြသည်။ ကျီးက ဘုတ်မြောက်၊ ဘုတ်က ကျီးမြောက် ပြုနေကြဦးမည်ဆိုလျှင် ပြည်သူများ လမ်းပေါ်ထွက်လာသည့်အရေးက တစ်ဆင့်ကြီးထွားလာနိုင်သည်။

နိုင်ငံတစ်နိုင်ငံ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနိုင်စေရန်

www.burmeseclassic.com

www.burmeseclassic.com



ဦးစွာ ခြစားမှုများကို အမြန်ဖြေရှင်းရမည် ဖြစ်သည်။ တာဝန်ရှိသူများအနေဖြင့် မသမာမှုပြုသူများကို ထောက်ထားငဲ့ညှာစရာ၊ မျက်နှာထောက်စရာများကြောင့် တိကျသောအရေးယူမှု မပြုနိုင်သမျှ ပြည်သူ့ဘဏ္ဍာငွေကို အလွဲသုံးစား ပြုနေကြဦးမည်သာ ဖြစ်သည်။ သို့ပါ၍ ပြောပြောနေသော တည်ဆဲဥပဒေဆိုသည်ကို နေရာတကျ ချသုံးဖို့လိုပါမည်။

ဝန်ထမ်းတွေ လစာနှင့် မလောက်လို့ လာဘ်ပေးလာဘ်ယူ ပြုကြသည်ဆိုတာလည်း မှန်သင့်သလောက် မှန်ပါသည်။ ဝန်ထမ်းလစာ၊ ရိက္ခာမဖြစ်မနေတိုးပေးဖို့ လိုအပ်သလို တပြေးညီမြင့်တက်လာသော ကုန်ဈေးနှုန်းကို ထိန်းနိုင်ဖို့လိုပါသည်။ လစာတိုးပေးပါသော်လည်း ဝန်ထမ်းမဟုတ်သော အောက်ခြေ လက်လုပ်လက်စား ခေါင်းရွက်ဗျက်ထိုး တစ်နေ့လုပ်မှ တစ်နေ့စားရသူများမှာတော့ မြင့်တက်သွားသော ကုန်ဈေးနှုန်းဒဏ်ကို လူးလိမ့်ခံကြရသည်။

ကုန်ပစ္စည်း စီးဆင်းရာတွင် လမ်းခရီး စစ်ဆေးရေးဂိတ်များအကြောင်းကို မြဝတီကုန်သည်တစ်ဦးက 'ဆယ့်နှစ်လက်မ တစ်ပေ၊ သုံးပေတစ်ဂိတ်' ဟု ပြောဖူးသည်။ မြို့ပေါ်တွင် ကားစပယ်ယာနှင့် ယာဉ်ထိန်းရဲလက်ဆွဲနှုတ်ဆက်သည့် ယဉ်ကျေးမှုကို ပြည်သူများ နားလည်ကြသည်။ စစ်တောင်းမြစ်အတွင်း သွားလာနေသော မီးသွေးသမ္ဗာန်၊ သစ် သမ္ဗာန်များသည် လုံခြုံရေးဂိတ်များကို ခနှင့်ပစ်ပေါက်သွားလေ့ရှိသည်။ အပေါ်ယံက ကြည့်လျှင် ရိုင်းပျသည်ဟု ထင်သော်လည်း ပစ်လိုက်သော ခဲ၊ ထုပ်တို အတွင်း၌ ဂိတ်ကြေးပါကြောင်းကို သူတို့ချင်း သိပြီးဖြစ်သည်။ ဒါ အောက်ခြေ အသေးစား လာဘ်ပေး လာဘ်ယူမှု ဖြစ်သည်။

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၉) ရက်နေ့ထုတ် ဧရာဝတီဂျာနယ် စာမျက်နှာ (၇) တွင် တစ်ချိန်က တန်ဖိုးကြီးသွားခဲ့သည့် ဝန်ကြီးတစ်ပါး၏ လာဘ်ပေးလာဘ်ယူမှုကို နာမည်နှင့်တကွ အတိအကျဖော်ပြထားသည်။ ဝန်ကြီး၏ ကိုယ်ရေးအရာရှိနှစ်ဦးကို သိန်း (၄) ထောင် ပေးရကြောင်းနှင့် ဝန်ကြီးကိုယ်တိုင် စစ်အစိုးရတွင် ပါဝင်သော ဖခင်၏အရှိန်အဝါကို အသုံးချ၍ သားနှစ်ဦးမှာ သစ်၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ လျှပ်စစ်အားလိုင်း၊ ဆက်သွယ်ပစ္စည်း၊ ဘဏ်လုပ်ငန်း၊ ဟိုတယ်နှင့် ဆောက်လုပ်ရေးလုပ်ငန်းများကြောင့် သန်းကြွယ်သူဌေးများ ဖြစ်နေကြသည်ကို နာမည်နှင့်တကွ ဖော်ပြထားသည်။ ကြားဖူးခဲ့သည်က ပုံပြင်ဟု ထင်ရသော်လည်း ခုတော့ တကယ်ပါလားဟု ယုံလိုက်ရသည်။



သန်းပေါင်းများစွာ အဖိုးထိုက်တန်သော နန်းတော်ကြီးတစ်မျှစ် အိမ်တော်တွင် သူတို့နေထိုင်ကြသည်။ ရန်ကုန်မြို့လယ်ကောင်၊ ကားမှတ်တိုင်များ၊ လမ်းဘေး ပလက်ဖောင်းပေါ် အိပ်နေသော မိသားစုများအရေးက ရင်လေးစရာ။ ယခုနှစ် အအေးပိုသောကာလတွင် ဖြစ်သလိုရှင်သန်နေကြရသည်။ လမ်းဘေးအိပ်နေသည်ကို ရှင်းလင်းရန် ဖမ်းဆီးပြန်တော့ အချုပ်ခန်းထဲ ရောက်ကြရသည်။ ပြေးစရာလည်း မြေမရှိ၊ ဘဝဆိုးများ ဖြစ်သည်။

လယ်သိမ်း၊ ယာသိမ်း၊ ရွာမြေသိမ်းကိစ္စများကို မရေးချင်တော့ပါ။ အကြောင်းပြချက် အမျိုးမျိုးဖြင့် ဆင်းရဲသားများထံမှ ချမ်းသာသူများက သိမ်းယူကြ၍ မြေပိုင်ရှင်ဘဝက ကျူးကျော်ဖြစ်ရသူများလည်း ရှိနေသည်။ မြစ်ဝကျွန်းပေါ် ကျေးရွာများနှင့် ရွှေလင်ပန်းကျူးကျော်တို့ အရေးကလည်း ဖြေရှင်းမရအောင် ဖြစ်နေသည်။ နောက်ဆုံးတော့ ဖျက်သိမ်းကြရသည့်အပြင် အချုပ်ခန်းထဲ ရောက်ကုန်သော အိမ်ထောင်ဦးစီးများကြောင့် ညှိုးငယ်နေရသော မိသားစုများ၊ ကလေးများအဖြစ်က သနားစရာ။

လတ်တလော သယံဇာတကျွန်းအပိုင်း ၁၊ ၂၊ ၃ က ဖြေရှင်း၍ မပြီးသေး၊ မြန်မာ့ဂုဏ်ရောင် ဆန္ဒပြပွဲက အစိုးရနှင့် ရင်ဆိုင်ကြရတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်း ဒဂုံဆိပ်ကမ်းမြို့နယ် (၆၇) ရပ်ကွက် အိမ်ခြေ (၂၅၀၀) ကျော် ပလပ်မြေပေါ်တွင် ကျူးကျော်သည်ဟုဆိုကာ ဖေဖော်ဝါရီလ (၁၆) ရက် နောက်ဆုံးထားဖျက်သိမ်းရန် အမိန့်ထုတ်ပြန်ထားကြောင်း ရပ်ကွက်နေ ပြည်သူများက ဆိုသည်။ အလားတူ အောင်သိဒ္ဓိ ဘုန်းတော်ကြီးကျောင်းတွင် ခိုလှုံနေသည့် သမီးကလေးကျေးရွာသူ/သားများအတွက် ကျောင်းနေသည့်၊ ကျောင်းသားမရှိသည့် အိမ်ထောင် (၆၆) စုအား လာမည့် စနေနေ့အပြီး ထွက်ခွာပေးရန် ပဲခူးမြို့နယ် ထွေအုပ်က လူကိုယ်တိုင် ထပ်မံအသိပေးထားကြောင်း သိရပြန်သည်။

ကိုယ့်နိုင်ငံမှာ လုပ်စားစရာမရှိလို့ ပြည်ပနိုင်ငံတွင် ရရာအလုပ်လုပ်ကိုင်ရန် တရားဝင်၊ တရားမဝင်၊ သွားရောက်နေသူများ၏ အိမ်အပြန်ခရီးတလည်း ရင်ဆို့စရာ။

ထိုင်းနိုင်ငံ ပြည်တွင်းရေး မငြိမ်မသက်မှုကြောင့် ထိုင်းဘက်က ထာဝံ့တန်းအဆင်း အလုပ်လက်မဲ့ မြန်မာလုပ်သား (၅၀၀၀) ကျော်နေ့တိုင်း ပြန်လာနေကြရသည်။ ကိုယ့်အထုပ်ကိုယ်ထမ်းပြီး ချစ်ကြည်ရေးတံတားကို ဖြတ်လာသော ဒုက္ခသည်များက မျက်စိတစ်ဆုံးပင်။ ချစ်ကြည် ရေးတံတားကို မဖြတ်ဘဲ လှေကိတ်တွေက ပြန်တဲ့လူတွေက တံတားဖြတ် ပြန်သူထက် နှစ်ဆခန့်ပိုကြောင်း သိရပြန်သည်။ ထိုင်းပြည်တွင်းရေးကြောင့် လုပ်ငန်းများလည်ပတ်မှု ရပ်ဆိုင်းသွားတော့ နေစရိတ်၊ စားစရိတ်၊ ရေဖိုး၊ မီးဖိုးတွေအခက်အခဲကြောင့် ကိုယ့်နိုင်ငံ ကိုယ်ပြန်လာကြသတဲ့။

ထိုင်းပြန် သောင်းချီရွှေ့ပြောင်းလုပ်သားများသာမက မလေးရှားရောက် အဖမ်းခံ၊ ဒုက္ခခံ မြန်မာရွှေ့ပြောင်း လုပ်သားများရေးကိုလည်း သီတဂူဆရာတော်ကြီးနှင့်အဖွဲ့က ကူညီဆောင်ရွက်ပေးကြသည်။ ပြည်တွင်းအလုပ်ရုံ၊ စက်ရုံများတွင် အလုပ်သမားများ လုပ်ခလစာနိမ့်ကျမှုအရေး



တောင်းဆိုပွဲများက မပြီးနိုင်သေး။ ပြည်တော်ပြန် အလုပ်သမားဒုက္ခသည်များအဖို့ ဘာအလုပ်တွေ ပေးနိုင်မည်နည်း။ စားစရာ မဖန်တီးပေးနိုင်၊ နေစရာ စီစဉ်မပေးနိုင်၊ အလုပ်အကိုင် စီစဉ်မပေးနိုင်။ ဤသို့ဆိုလျှင် သမ္မတကြီး၏ ဆင်းရဲမွဲတေမှု ပပျောက်ရေးက မည်သို့ရှိမည်နည်း။

နေစရာအတွက် တန်ဖိုးနည်းအိမ်ရာများ စီစဉ်နေသည်။ တန်ဖိုးက သိန်း (၂၀၀) လို့ ပြောသည်။ ကိုယ်ပြောတဲ့ဈေးက အောက်ခြေလူတန်းစားများ အနားပင် ကပ်နိုင်ပါ့မလား။ အမြတ်အစွန်းလိုချင်လို့ ဆောက်လုပ်ခွင့်ရအောင် ပေးကမ်းပြီး လုပ်ငန်းရအောင် ဆောင်ရွက်ထားသူ လုပ်ငန်းရှင်များမှာတော့ ဘယ်လို တန်ဖိုးလျှော့နိုင်ပါ့မလဲ။

လုပ်ငန်းရှင် ဆောက်လုပ်ရေးများကလည်း အရှုံးခံပြီး အပျော်လာလုပ်နိုင်ပါ့မလား။ ဤသို့ဆိုလျှင် အောက်ခြေ ဆင်းရဲသားများအတွက် ဖြစ်မလာဘဲ ငွေရှင်ကြေးရှင်တို့၏ စီးပွားရေး အကွက်တစ်ကွက်သာ ဖြစ်လာပေဦးတော့မည်။ ခေတ်အဆက်ဆက် ပြည်သူတွေနေရေးကို အစိုးရက တာဝန်မယူဖူးခဲ့။ ပြည်သူတွေခမျာ ရှိစုမဲ့စု မြေယာနေစရာများပင် ခုတော့ မြေယာမဲ့၊ အိုးမဲ့အိမ်မဲ့၊ ရွာမဲ့တွေဘာဝ ရောက်ကြရပြီ။ ကျူးကျော်နေပြည်သူများ၊ အလုပ်လုပ်စားချိန်မရ။ နေစရာနှင့်ပင် ထွေးလုံးနေကြရသည်။ တဲဆောက်၊ ဖျက် သံသရာလည်နေသည်။

ဖော်ပြခဲ့ပြီးသော သမ္မတ ဦးသိန်းစိန် အစိုးရ၏ ပြုပြင်ပြောင်းလဲရေးနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို ဦးစားပေးဆောင်ရွက်မည်ဟု ကြွေးကြော်သံမှာ ခုတော့ ရွေ့မတိုးနိုင်သေး။ မပြောင်းလဲနိုင်သေး။ **ထခင်** ကြွေးကျန်ပြဿနာများပင် ရှင်းမရနိုင်သေး။

တိုင်းပြည်ခေါင်းဆောင်များ ကိုယ်တိုင်ပင် ဥပဒေကို **လိုက်နာရဦး** လိုသေးသည်။ အသက် (၆၀) ပြည့်လျှင် မယူမနေရ အငြိမ်းစား **ယူတိုင်းယူရ**

www.burmeseclassic.com

www.burmeseclassic.com



မည်။ ပြဋ္ဌာန်းချက်ကို မလိုက်နာဘဲ လုပ်ငန်းလိုအပ်ချက်အရ တိုင်းပြည်အတွက်ဟု အကြောင်းပြပြီး ကုလားထိုင်ကို ဆုပ်ကိုင်ထားနေသမျှ ဥပဒေနှင့်လုပ်ရမည့် အဂတိလိုက်စားသည့် တိုက်ဖျက်ရေးကိုလည်း မည်သို့အရေးယူကြမည်နည်း။ ခေါင်းဆောင်များအနေဖြင့် မိမိပြောသောစကား၊ မိမိလုပ်ဆောင်ချက်များသည် တိုင်းပြည်အတွက် ဘယ်လောက်ထိရောက်သလဲကို ဦးစွာဆန်းစစ်ကြည့်စေချင်သည်။

ဆင်းရဲမွဲတေမှု ပပျောက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးနှင့် အဂတိလိုက်စားမှုများ တိုက်ဖျက်ရေးကို မည်သို့ ဆောင်ရွက်ကြမည်ကို သိချင်စမ်းပါဘိ။

*ရောင်နီဂျာနယ်*
*(၂၀-၂-၂၀၁၄)နေ့ထုတ်*

◆ ◆ ◆



# ကိုယ်တိုင်စာဖတ်ရှိန် လျှော့ချလိုက်ပါပြီ

စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ဖော်ညွှန်းသော စာပေစကားဝိုင်း၊ စာရေးဆရာကြီးများနှင့် ဆွေးနွေးခန်း၊ လူငယ်များ၏ စာပေဖော်ညွှန်းစကားပြောပြိုင်ပွဲများကို မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပေးနေသဖြင့် ပြည်သူများ စိတ်ပါဝင်စားစွာ စောင့်မျှော်နားထောင်ကြည့်ရှုသည်။ ပုဂ္ဂလိကသတင်းစာများ၊ ဂျာနယ်များ လိုင်းပေါင်းစုံ ထွက်လာခြင်းကြောင့်လည်း ပြည်သူတွေ စာဖတ်အား ကောင်းလာကြသည်။

မြန်မာနိုင်ငံတွင် စာကြည့်တိုက်ပေါင်း ခြောက်သောင်းကျော် ဖွင့်လှစ်နိုင်ခဲ့သော်လည်း ထောင်ဂဏန်းမျှသာ စာကြည့်တိုက်များ ဖွင့်နိုင်ပြီး အများစုမှာ အချိန်ပြည့် ပိတ်ထားကြသည်ကိုတော့ ဝမ်းနည်းစွာ တွေ့မြင်နေရသည်။ ညွှန်းဆိုပြပါဆိုလျှင် မောင်ချစ်နေထိုင်ရာ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက် စာကြည့်တိုက်မှာ လွန်ခဲ့သော (၆) နှစ်ခန့်က ဖွင့်လှစ်ပြီးနောက် နေ့မှစ၍ ယနေ့တိုင် သော့မဖွင့်နိုင်ခြင်းကို တွေ့မြင်နေရသည်။

မည်သို့ပင်ဖြစ်စေ မအောင်မြင်သော စာကြည့်တိုက်ကို အသာထားလို့ မောင်ချစ်နဲ့ လူငယ်တစ်စုတို့ပေါင်းပြီး ဗဟန်းမြို့နယ် ကျိုက္ကဆံ

www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်၊ ငမောက်လမ်းနှင့် မဟူရာလမ်းထောင့်၊ အရိပ်ကောင်းသော ခမ္မာရုံရှေ့လမ်းမပေါ်တွင် ‘စာပေရေချမ်းစင်’ တစ်ခုထူထောင်လိုက်သည်။ နေ့စဉ်ထုတ် ပုဂ္ဂလိကသတင်းစာ ၂ စောင်နှင့် အပတ်စဉ်ထုတ်ဂျာနယ် ၇ စောင်ခန့် နေ့စဉ် ဝယ်ယူဖတ်ရှုနိုင်ခဲ့သည်။ စာဖတ်သူများသလို ဂျာနယ်လှူလိုသူများ သောကြောင့် အတော်ပင်အရှိန်ရလာပါပြီ။ နံနက် (၇) နာရီမှ ည (၉) နာရီထိ ‘စာပေရေချမ်းစင်’ ကို ဖွင့်ပေးထားခဲ့သည်။ အောင်မြင်နေပါပြီ။ လူငယ်တွေ စာဖတ်ရှိန် မြင့်လာပါပြီ။

သို့သော် စာဖတ်သူတွေများလာလို့ ဝမ်းသာနေသော ကျွန်တော် မောင်ချစ်တစ်ယောက် စာဖတ်ချင်စိတ် ကုန်မှန်းမသိ ကုန်လာသည်။ စာမဖတ်ရ မနေနိုင်သောရောဂါ အခြေခံရှိပါလျက် စာဖတ်ရမှာကို စိတ်ပျက်လာသည်။ စိတ်ကုန်လာသည်။ ဘာကြောင့်နည်း၊ ရှင်းပါမည်။

စာဖတ်ပြီး ရင်ထဲ၊ အသည်းထဲထိ ထိုးဖောက်ထည့်သွင်း စုဆောင်းထားတတ်သော မောင်ချစ်၏ ရင်ထဲကို ဆူးကဲ့သို့ သတင်းများ အဆိပ်ငွေ့ ရှူရသလို ခံစားရသော သတင်းများက သတင်းစာ၊ ဂျာနယ်စာမျက်နှာများ ကို အပြည့်နီးပါး နေရာယူထားချေပြီ။ အမင်္ဂလာသတင်းများနှင့် လုံးထွေး ခံစားနေရပါသောကြောင့် စိတ်ပျက်ရခြင်းဖြစ်ကြောင်း ဦးစွာ အကြမ်း တင်ပြပါမည်။

အနည်းငယ်မျှ အကျယ်ချဲ့ကြည့်ပါမည်။ တိုင်းပြည်ခေါင်းဆောင် ဝန်ကြီးဌာနတစ်ခု၏ အရှင်သခင်၊ ဗိုလ်ချုပ်ဟောင်းတစ်ဦးက နိုင်ငံရေးသမား တွေ ထောင်ထဲဆွဲထည့်ပြီး နည်းလှည့်ပါးရိုက်ဝံ့သည်ဆိုသော စကားမှာ ခေတ်စားနေသည်။ ပြည်သူ သန်း ၆၀ ကိုယ်စား ပါးရိုက်လို့ ပါးကောင်းလို့ တောင်းခံသူ တစ်ဦးခများလည်း ခုလောက်ဆို အဖမ်းခံနေရလောက်ပါပြီ။ ပါးရိုက်မယ့်စကားကို ကန့်ကွက်ဆန္ဒပြနေသူအချို့လည်း ကန့်ကွက်တာ



အသာထား၊ အချုပ်ခန်းထဲ ရောက်နေလောက်ပြီ၊ ဝန်ကြီးဌာနတစ်ခုရဲ့ ဝန်ကြီး စကား၊ ဗိုလ်ချုပ်ဟောင်းတစ်ဦးရဲ့ ရင်တွင်းစကား (တချို့က စေတနာ စကားဟု ဖာထေးပါသေးသည်) စေတနာစကားက ကြမ်းလှရမ်းလှသည် ကို ပြည်သူအများ စိတ်မကောင်းဖြစ်ရသည်။ နောက်တစ်ခေါက်ပင် ရှာကို ပြန်လာသေးသည်။ အံ့ရော၊ လန့်ချော။ ပြောပြီးစလစ်၊ အဲဒီအရပ်က လူတွေခမျာ မျက်လုံးအပြူးသားဖြင့် ကြည့်နေကြသတဲ့။

နိုင်ငံခေါင်းဆောင်တွေရဲ့ စကားကို ရေးပြနေရင် ဆုံးအံ့မထင်။ ‘ကြွေးကျေအောင် ထမင်းတစ်နပ် လျှော့စားလို့’ ပြောလာသူက ဝန်ကြီး ခမျာ ထမင်းငတ်သည့်မသာ မရှိသော်လည်း ဟင်းငတ်နေသော လယ်သမားများ ရှိနေသည်ကို သိမှသိပါလေစ။ နယ်လှည့် ပါးရိုက်ဝံ့သည် ဆိုစကားကိုပင် အချို့ဝန်ကြီးက စေတနာစကားဖြစ်မှာပါဟု ပြောကြသေး သည်။ ရှိစေတော့။ အချင်းချင်းပေကိုး။ ပြီးတော့ ပါးရိုက်ခံရမယ့်အထဲ သူမှ မပါတာ၊ ထားပါတော့။

မီးမလာလို့ မှောင်ထဲနေရသည့် ပြည်သူကို မီးမလာလျှင် ဖယောင်းတိုင် ထွန်းနေဖို့ အကြံပေးသော အကြံပေးပုဂ္ဂိုလ်ကြီး၏ စကား တလည်း မှတ်သားလောက်ပါသည်။ အကြံပေးပေကိုး ပြောတတ်မှာပေါ့။ မှောင် အတိကျနေသည့် တိုင်းပြည်ကို လျှပ်စစ်တွေပို့နေလို့ ပြည်ပကိုတောင် ရောင်းနေရပါကြောင်း သူ့လောက်တတ်သူမရှိလို့ ပြောထွက်သည့် ဝန်ကြီး စကားကြောင့်လည်း မောင်ချစ်တို့ တစ်ပြည်လုံး စိတ်ဆင်းရဲခဲ့ကြရသည်။ စာမဖတ်လျှင် ဒါတွေ သိနိုင်မည်မဟုတ်။ စာဖတ်သည့် အဆိုးတွေဟုထင် ထင်ရမယောင်။

အရင် အစိုးရလည်း ကျူပ်ပဲ၊ ယခုအစိုးရလည်း ကျွပ်ဝဲတဲ့ ဟုတ်ပါတယ် ဘယ်သူမှလည်း မငြင်းပါဘူး။ အရင်အစိုးရတွင် ဝါဝင်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



သော ဝန်ကြီးများခင်ဗျာ၊ အရင်က လုပ်ခဲ့ဖူးသော မြစ်ဆုံကိစ္စနှင့် လက်ပံတောင်းတောင် ကိစ္စ ဘယ်အချိန်ရှင်းမှာလဲ မေးပါရစေ။ ဝန်ကြီးမင်းတို့လက်ရာ ခုတလောတောင် သတင်းဂျာနယ်တွေမှာ ဖတ်နေရပါသေးသည်။ လက်ပံတောင်းတောင်အနီးတွင် ရဲအင်းအားအသုံးပြုကာ သံဆူးကြိုးချုံ့ထွင်ခတ်မှုကြောင့် ဒေသခံများနှင့် လုံခြုံရေးများ ထိပ်တိုက်တွေ့ဆုံခဲ့ပြီး ရွာသူရွာသား ရှစ်ဦးထိန်းသိမ်းခံရပြန်သတဲ့။

ဆားလင်းကြီးမြို့နယ်၊ ဝက်မေးရွာနှင့် အနီးအနားရွာသားတို့၏ဒုက္ခက မသေးလှပါ။ ညောင်ပင်ကြီး ယင်းမာပင် လမ်းနားက ကျေးရွာ၊ နှတ်စင်နားမှာ တစ်နေရာ ရဲအင်အား တစ်ထောင်လောက် သုံးပြီး ခြံစည်းရိုးခတ်သည့်ကိစ္စ ဒေသခံတွေဒုက္ခနဲ့ ရင်ဆိုင်နေကြရပြန်ပြီ။ တစ်ချိန်က နာမည်ကြီးခဲ့တဲ့ မအေးနက်တစ်ယောက် ဘယ်ပျောက်နေပါသလဲ။ အပြင်မှာမှ ရှိပါလေစ။ ထိန်းသိမ်းခံ (၈) ဦးမှာ မသွဲ့သွဲ့ဝင်းတစ်ယောက်ပါဝင်ကြောင်း စိတ်မကောင်းစွာ ကြားရ၊ ဖတ်ရပြန်သည်။ ကျွန်တော်တို့ ဘာလုပ်ပေးနိုင်မည်နည်း။ လူကြီးများလည်း ဘာလုပ်ပေးနိုင်ကြမှာလဲ၊ မြေတူးစက်၊ ဘူဒိုဇာကြီးတွေရှေ့မှာ အသေခံတားဆီးနေသည့် ဒေသခံမိန်းကလေးများဘဝကရင်လေးစရာ ဖြစ်နေသည်။ ကယ်နိုင်လျှင် ကယ်ကြပါဦး။ အသက်အသေခံကြတော့မည်။

ခပ်လှမ်းလှမ်းက ပြုံးပြီးကြည့်သည်က ဝမ်ပေါင်ကုမ္ပဏီမှ ပေါက်ဖော်တွေ။ ကန့်ကွက်နေသည်က မြန်မာပြည်သူတွေ။ ရှင်းဖို့ကြည့်နေသည်က မြန်မာလူမျိုး ပြည်သူ့ရဲတွေ၊ ထိပ်တိုက်တွေ့လျှင် မြန်မာပြည်သူများနှင့် မြန်မာရဲများ။ ထိကြခိုက်ကြ သေကြလျှင် နှစ်ဖက်စလုံးကို သေစားပြုမည့်သူတွေက မြန်မာအချင်းချင်း။ အချင်းများမည့်သူကို ပြုံးပြုံးကြီးရပ်ကြည့်နေပြီး ရွှေသွားပေါ်အောင်ပြုံးနေသည့် ပေါက်ဖော်ကြီးများ၊ ရင်နင့်စရာ မြင်ကွင်း



ပါလား။ မြန်မာတွေအချင်းချင်း သတ်ကြမှာလား။ လွှတ်ပေးထားမှာလား ထိန်းကြပါဦးလားလို့။

သမီးကလေးကျေးရွာတဲ့။ နာမည်လေးက လှလိုက်တာ။ နာမည်လှပါသော်လည်းအဖြစ်က ဆိုးလွန်းသည်။ သက်ဆိုင်ရာက အင်အားသုံးပြီး ဖယ်ရှားခဲ့သည့် သမီးကလေးကျေးရွာနေ လူဦးရေ ၅၀၀ ကျော်မှာ ပဲခူးမြို့ရှိ အလိုင်နီဆည်အနီး ဘုန်းကြီးကျောင်းတွင် ခိုလှုံနေရပြီး စားဝတ်နေရေး အခက်အခဲဖြစ်ပေါ်နေကြောင်း သတင်းဖတ်ရသည်။

'တပ်ပိုင်မြေအတွင်း ကျူးကျော်သည်ဟု ဆိုပြီး ဖယ်ရှားခိုင်းတော့ ကျွန်တော်တို့ ကြည်ကြည်ဖြူဖြူ ဖယ်ပေးခဲ့ပါတယ်။ ဒါပေမဲ့ အခု သွားစရာ၊ နေစရာမရှိဘူး။ ညအိပ်ရင် ကွင်းထဲမှာပဲ နေနေရတယ်။ ဖြစ်နိုင်ရင် ကျွန်တော်တို့က အရင်နေရာလေးပဲ ပြန်နေချင်ပါသတဲ့' ရွာသားတစ်ဦးက ပြောပါတယ်။ အများစုမှာ အလိုင်နီဆည်နားက အောင်သိဒ္ဓိဘုန်းကြီးကျောင်းမှာ ခိုလှုံနေကြသည်။

ဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးအဂ္ဂဓမ္မက 'အခု ဦးဇင်းကျောင်းမှာ ခိုလှုံနေတဲ့ ရွာသူရွာသားတွေက ကလေး၊ လူကြီး ၅၀၀ ကျော်လောက်ရှိပါတယ်။ အိမ်ထောင်စု ၁၄၉ စု၊ မနက် အလှူရှင်တစ်ယောက်က ဝတ္ထုငွေ ၅၀၀၀ နဲ့ ဆန်ငါးအိတ် လှူသွားတယ်။ ရွာကို အင်အားသုံး ဖယ်ရှားခဲ့တဲ့အတွက် နေအိမ်တွေ အကုန်ပျက်စီးခဲ့တယ်။ စာသင်ကျောင်းက ကလေးတွေကို သွားခေါ်ထုတ်ခဲ့တယ်။ အင်အားသုံးဖယ်ရှားခဲ့တဲ့ သမီးကလေးရွာကို တပ်မတော်က အစောင့်ချထားပါတယ်။ ဖြစ်နိုင်ရင် သမီးကလေးရွာက ဒုက္ခသည် ၅၀၀ လောက်နေစရာနဲ့ စား[illegible] စီစဉ်ပေးဖို့ ကောင်းတာပေါ့။ ခုတော့ သမီးကလေးလည်း ဒုက္ခ[illegible]နေလေရဲ့' ဟု မိန့်ခဲ့သည်။

www.burmeseclassic.com



သိမ်းထားသည့် မြေများအနက် မြေဧက ၁၅၀၀၀၀ ကျော် စွန့်လွှတ်ရန် ကာကွယ်ရေးဦးစီးချုပ်က အတည်ပြုပြီးဖြစ်ကာ တပ်မတော်တွင် မြေသိမ်းလုပ်ငန်းစဉ်များ မရှိတော့ကြောင်း ကာကွယ်ရေးဒုတိယဝန်ကြီးက ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ပြောကြားသည့် သတင်းတစ်ပိုဒ် ဖတ်ရသည်။ ဝမ်းသာလိုက်တာ။ အသိမ်းခံရတဲ့ မြေဧက ၁၅၀၀၀၀ ကျော် ပြန်ပေးတော့မယ်ဆိုတော့ ဝမ်းသာရပြီပေါ့။ ဟုတ်ပါပြီ။ ပြန်ပေးမှာက ဧက ၁၅၀၀၀၀ ကျော်ဆိုတော့ ပြန်မပေးတော့မည့်ဧက ဘယ်လောက်ရှိမည်ကို သိခွင့်ရလျှင် သိချင်စမ်းပါဘိ။ သိခွင့်ရှိမှာပါ။ သိခွင့်မရှိလည်းနေပါစေ။ ဒီအတိုင်းပဲ ကောင်းပါတယ်။ နော်ဗျာ။

နောက်သတင်းတစ်ပုဒ် ဖတ်ရပြန်သည်။ ဒူချီးရာတန်းကျေးရွာမီးလောင်မှုသည် ဒေသခံရဲများကိုယ်တိုင် ရှို့သည့်မီးဖြစ်ကြောင်း ပြောခဲ့သည်ဟု ဒီဗွီဘီသတင်းတွင် ဖော်ပြခဲ့ခြင်းနှင့်ပတ်သက်၍ ဘူးသီးတောင်မြို့နယ်၏ လွှတ်တော်ကိုယ်စားလှယ် ဦးရွှေမောင်အား ပြည်ထဲရေးဝန်ကြီးဌာနက မေးနေကြောင်း သတင်းဖြစ်သည်။ ဦးရွှေမောင်အနေဖြင့် အင်တာဗျူးတွင် ပြောကြားခြင်းမဟုတ်ဘဲ အလွတ်သဘောသာ ပြောခဲ့ခြင်းဖြစ်ကြောင်း လက်ရှိတွင် ဒီဗွီဘီသတင်းဌာနမှ ရိုက်ကူးထားသော ဒီဗွီဘီဖိုင်အစအဆုံး တောင်းယူထားကြောင်း ဦးရွှေမောင်က ပြန်လည်ရှင်းလင်းထားသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်ကတော့ ခိုင်မာမှုမရှိသော သတင်းကို ပြောပါ့မလား။ မည်သို့ပင်ဖြစ်စေ ကိုယ့်စကားကိုကိုယ် တာဝန်ယူရမည်ဟု လွှတ်တော်ကိုယ်စားလှယ်များ သိကြမှာဖြစ်သည်။ ဦးရွှေမောင်စကားမှန်လျှင် ပြည်သူ့ရဲများ မည်သို့ရှိမည်၊ စကားမမှန်လျှင် ဦးရွှေမောင်တစ်ယောက် မည်သို့ရှင်းမည်ကို သိချင်စမ်းပါဘိ။ မလှူးသာ၊



မလွန့်သာ ရှေ့ဆက်ခက်၊ နောက်ဆုတ်ခက်။ ခက်ခက်နဲ့တော့ ရင်ဆိုင်ကြရဦးတော့မည်။ မည်သို့ပင်ဖြစ်စေ ထွက်ပေါက်တော့ ရှာထားပြီး ဖြစ်မှာပါ။ နော်ဗျာ။

စိတ်ချမ်းသာစရာမရှိသော သတင်းစာများကြောင့် နေ့စဉ်ဖတ်နေကြ၊ ဂျာနယ်မှ စာများဖတ်ဖို့ စိတ်ပျက်နေမိပါသည်။ ပြည်ပအကူအညီရငွေနှင့် သုံးငွေများအား ဝန်ကြီးဌာနအချို့ ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးစာရင်းတွင် မဖော်ပြခြင်း၊ လျှော့နည်းဖော်ပြခြင်း စသော မသမာမှုများပြုလုပ်ထားကြောင်း ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ထောက်ပြခေါင်းစဉ်ဖြင့် သတင်းဖတ်ရသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ပြည်ပအကူအညီရငွေ ကျပ် ၁၅ ဒသမ ၉၇၃ ဘီလီယံရရှိခဲ့ကြောင်း ပြည်ပနိုင်ငံအဖွဲ့အစည်းများမှ ထောက်ပံ့မှုများ (ငွေသား၊ ပစ္စည်း၊ ဆောင်ရွက်မှုများ) ကို ရသုံးမှန်းခြေ ငွေစာရင်းများတွင် ပြည့်စုံတိကျမှန်ကန်စွာ ထည့်သွင်းလျာထားပြီး လချုပ်၊ နှစ်ချုပ်၊ အမှန်စာရင်းများတွင် စာရင်းပြုစုရေးသွင်းထားကြောင်း ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးက စစ်ဆေးတွေ့ရှိခဲ့ကြောင်း ဖတ်ခွင့်ရခဲ့သည်။

ဝန်ကြီးဌာနခုနှစ်ခုသာ သတ်မှတ်ချက်နှင့် ညီသည်ဆိုတော့ ကျန်ဝန်ကြီးဌာနများ မည်သို့ရှိနေမည်နည်း၊ ဆက်၍ ဆက်၍ စဉ်းစားလျှင် မောင်ချစ် ရူးသွားနိုင်သည်။ မောင်ချစ် ရင်မှာ နှစ်ပေါင်းများစွာ စွဲနေသော စာမဖတ်ရမနေနိုင်သည့် ရောဂါပျောက်သလောက်ရှိနေပြီ။

နောက်ဆုံးဖတ်ခွင့်ရသော သတင်းက ရင်တုန်စရာ 'လူမျိုးများ သတ်ဖြတ်မှုတွင် ကြံစည်ပါဝင်မှုဖြင့် ရဝမ်ဒါမိုလ်ကြီးတစ်ဦးကို သမိုင်းဝင် ရုံးတင်စစ်ဆေးမှု ပြင်သစ်တွင် စတင်' ခေါင်းစဉ်ပါ သတင်းဖြစ်သည်။ သတင်းခေါင်းစဉ်သာ ဖတ်လိုက်သည် အောက်ကစာတွေ ဆက်မဖတ်ချင်တော့။

www.burmeseclassic.com

www.burmeseclassic.com



စာဖတ်ရမှာ စိတ်ပျက်လာသည်။ ရင်ထဲမှာ နှလုံးရောဂါရှိသည်။ နှလုံးခွဲစိတ် ကုသမှုခံယူထားသည်။ ရင်ထဲမှာ စူးစူးနစ်နစ် မခံစားနိုင်တော့။ ဒါဆို စာဖတ်ရှိန်လျှော့ချရတော့မည်။ သို့သော် လူငယ်တွေ စာဖတ်ဖို့တော့ ကြိုးစားရပါဦးမည်။

*RIGHT TIME ဂျာနယ်*
*(၁၉-၂-၂၀၁၄) နေ့ထုတ်*

◆ ◆ ◆



## အမေသာရှိရင် အံ့ဩလိုက်မယ့်ဖြစ်ခြင်း

ဖေဖော်ဝါရီ လဆန်းပိုင်းမှစပြီး နေ့စဉ်ရက်ဆက် ပါဝင်နေတဲ့ စိတ်မကောင်းစရာ သတင်းပေါင်းများစွာအနက် ၄ ရက်နေ့က ရွာလုံးကျွတ် ဖျက်ဆီး၊ ဖယ်ရှား၊ ဘူဒိုဇာဖြင့် တွန်းဖယ်ဖျက်သိမ်းခံရသော လှည်းကူးမြို့နယ်မှာရှိတဲ့ သမီးကလေးရွာ အရေးသတင်းက ရင်ဆို့စရာ သတင်းအဖြစ် ခံစားရတယ်။

လယ်သိမ်း၊ ယာသိမ်း၊ ရွာမြေဖျက်သိမ်းခံ တောင်သူလယ်သမားဆင်းရဲသားများမှာ အားကိုရာမဲ့ ဖြစ်ကုန်ကြပြီး မြင်ရာထင်ရာ ကယ်တင်ရာ ကယ်တင်ကြောင်းရယ်လို့ တောင် ၃၃ လုံးရှိ နတ်မင်းကြီးများ ပူဇော်ပသပွဲ၊ ကျိန်စာတိုက်ပွဲများထိ လုပ်နေကြပါပြီ။ တရုတ်ဇာတ်ကားများမှ မိုးနတ်မင်းကြီးကို တိုင်တည်သကဲ့သို့ ဖြစ်နေပါပြီ။

သမီးကလေးကျေးရွာ အိမ်ခြေ ၄၀၀ ကို တပ်ပိုင်မြေလို့ဆိုပြီး ဖျက်သိမ်းခံရတာကြောင့် ရွာက ထွက်ခွာခဲ့လာပြီး ရွာနှင့်နီးရာ အောင်သိဒ္ဓိဘုန်းတော်ကြီးကျောင်းဝင်းသို့ ပြောင်းရွှေ့နေထိုင်တယ်။ တစ်ဖန် ထိုဘုန်းတော်ကြီးကျောင်းမှာ ပဲခူးတိုင်းဒေသကြီးအတွင်းတွင် ရှိတာကြောင့် အသွားသည် ၅၀၀ ခန့်ကို ပဲခူးမြို့နယ်အုပ်ချုပ်ရေးမှူးက ဖေဖော်ဝါရီလ ၁၇ ရက်နေ့ နောက်ဆုံးထားပြီး ကျောင်းဝင်းထဲက တဲတွေ ဖျက်ပေးရမယ်။

www.burmeseclassic.com

www.burmeseclassic.com



မဖျက်လျှင် သက်ဆိုင်ရာက လာရောက်ဖျက်သိမ်းပြီး ဆောက်သူတွေကို တရားစွဲမယ်လို့ အောင်သိဒ္ဓိကျောင်းဆရာတော် ဦးအဂ္ဂဓမ္မကို ဖုန်းဆက်ပြီး အကြောင်းကြားပြန်သတဲ့။

ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ ဖြစ်နေတဲ့ သမီးကလေးရွာ ပြည်သူများရဲ့သတင်းက တစ်နိုင်ငံလုံးသာမက ပြည်ပတိုင်းပြည်များထိတိုင် ပျံ့နှံ့ခဲ့ပါပြီ။ လူသားချင်းစာနာကြဖို့ သတင်းမီဒီယာတွေက ဝေဖန်ရေးသားကြပြီး ကိုယ်ချင်းစာသနားကြလို့ ပြည်သူတွေကလည်း လမ်းပေါ်ထွက်ဆန္ဒထုတ်ဖော်ပွဲတွေ လုပ်လာကြတယ်။ တိုင်းရင်းသားလက်နက်တွေ အဖွဲ့အစည်းတစ်ဖွဲ့ကလည်း လူသားချင်းစာနာတဲ့ အကူအညီပေးမယ်လို့ ကမ်းလှမ်းမှု ပြုလာကြတယ်။

သမီးကလေးရွာကို ဖျက်သိမ်းခံရလို့ လူဦးရေ ၅၀၀ ကျော် နေစရာမရှိတဲ့အတွက် ထိန်းချုပ်နယ်မြေဖြစ်တဲ့ မြဝတီမှာ နေထိုင်ခွင့်ပေးမယ်လို့ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)က နည်းဗျူဟာမှူး ဗိုလ်မှူးကြီး စောဆန်းအောင်ရဲ့ ပြောစကားကို ဖတ်ရလို့ သာမုအကြိမ်ကြိမ် ခေါ်မိပါတယ်။ ဗိုလ်မှူးကြီးစောဆန်းအောင်က မြဝတီမှာ လာနေမယ်ဆိုရင် နေစရာအဖြစ် ပေးမယ်။ လုပ်ကိုင်စားသောက်စရာ စိုက်ပျိုးမြေပေးမှာဖြစ်ပြီး လက်ရှိမြေထက် သာလွန်ကောင်းမွန်အောင် စီစဉ်ပေးပါ့မယ်လို့ ဆိုပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်း (၆၀) လောက်ကို မောင်ချစ်စိတ်တွေ ပြန်ရောက်သွားပါတယ်။ ကိုယ်တွေ့အဖြစ်အပျက်လေးမို့ တင်ပြချင်ပါတယ်။ မောင်ချစ်တို့ ပြည်သူတွေလည်း သမီးကလေးကျေးရွာလို ဘဝမျိုး ကြုံတွေ့ခဲ့ရပါတယ်။ ကြုံတွေ့ခဲ့ရတဲ့ ကာလက မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး တစ်နှစ်ခန့်အကြာ မြန်မာပြည် ကွန်မြူနစ်ပါတီ တောခိုပါတယ်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေ ထကြွပုန်ကန်ကြပါတယ်။ ရောင်စုံသူပုန်လို့ အမည်တပ်လိုက်တဲ့ ပြည်တွင်းစစ်ကာလပါ။



မောင်ချစ်တို့ရွာ တည်နေရာလေးကို မိတ်ဆက်ပေးဖို့ လိုပါမယ်။ ရွာက စစ်တောင်းမြစ် အနောက်ဘက်ကမ်း ရွာကလေးပါ။ အရှေ့ဘက်ကမ်းရွာတွေကတော့ ရွှေကျင်မြို့နယ်၊ ရွာကလေးတွေ ဖြစ်ပါတယ်။ အနောက်ဘက် ကမ်းရွာတွေမှာ မြန်မာပြည်ကွန်မြူနစ်ပါတီက အုပ်စိုးပါတယ်။ အရှေ့ဘက်ကမ်းရွာတွေကို (KNDO)လို့ ထိုစဉ်က ခေါ်ဝေါ်သုံးစွဲတဲ့ ရောင်စုံသူပုန်တပ်ဖွဲ့က အုပ်စိုးပါတယ်။ ရောင်စုံသူပုန်တပ်ဖွဲ့လို့ ပြောတာက ရောင်စုံဆိုတဲ့အတိုင်း သူပုန်တွေက စုံပါတယ်။ ကွန်မြူနစ်ပါတီမှာလည်း အလံနီ၊ အလံဖြူဆိုတာ ရှိပါသေးတယ်။

အဲဒီအချိန်မှာ တရားဥပဒေစိုးမိုးရေးဆိုတာ လုံးဝမရှိတော့ပါဘူး။ သူတို့အဖွဲ့အစည်းကို အထောက်အကူမပြုဘူးဆိုရင် ထောင်မရှိဘူး။ တစ်ခါတည်း သတ်ပစ်တဲ့အပြစ်သာပေးပါတယ်။ ဆက်ကြေးအပြည့်အဝမရရင် ရွာလုံးကျွတ် မီးရှို့လိုက်ပါတယ်။ သူပုန်အချင်းချင်း၊ တပ်မတော်နဲ့ သူပုန်အချင်းချင်း၊ တပ်မတော်နဲ့ သူပုန် သူနိုင် ကိုယ်နိုင် တိုက်ပွဲတွေကြောင့် ရွာသားတွေ မြောက်မြားစွာ သေခဲ့ရပြီး ရွာပေါင်းများစွာ မီးလောင်ပျက်စီးခဲ့ရပါတယ်။

အမေပြောဖူးတဲ့ စကားတစ်ခွန်းကို အမှတ်ရနေသေးပါတယ်။ "တိုင်းပြည်အခြေအနေက အနားနောက်ပြီး အလယ်ကြည်နေပြီ၊ ငါ့သား ဒီတော့ မင်းကို ရန်ကုန်မှာရှိတဲ့ မင်းဘကြီးအိမ်ကို ပို့မယ်" တဲ့။ **မောင်ချစ်**က ရွာကို သိပ်ချစ်ပါတယ်။ ရွာနဲ့အတူ အဖေနဲ့အမေကို ခွဲပြီး ရန်ကုန်က ဘကြီးမိသားစုနဲ့နေဖို့ လုံးဝသဘောမတူပါဘူး။ ဒီတော့ "**အမေရယ်** ဘာလဲဗျာ၊ တိုင်းပြည်က အနားနောက်ပြီး အလယ်ကြည်နေတယ် **ဆိုတာ**

www.burmeseclassic.com

www.burmeseclassic.com



ကြီးက ကျွန်တော် နားမလည်ပါဘူး' လို့ ပြန်ပြောတော့ 'ခုကြည့်စမ်းသား၊ တောရွာတွေမှာ ပြည်တွင်းစစ်ဖြစ်ပြီး လူတွေသေကြ၊ ရွာတွေ မီးလောင်ဖြစ်နေကြပြီ။ အလယ်ကြည်တဲ့ ရန်ကုန်မြို့ကြီးမှာ သား သွားနေရမယ်။ အမေတို့ကတော့ လယ်တွေ၊ ရွာတွေ သိမ်းရှုံးမှာမို့ နေခဲ့ကြမယ်' တဲ့။

လွန်ခဲ့တဲ့ နှစ်ပေါင်း ၆၀ နီးပါးက အမေပြောခဲ့တဲ့ စကားတစ်ခွန်းကို မောင်ချစ်ရင်ထဲမှာ ဘယ်တော့မှ မေ့ပျောက်မသွားအောင် စွဲထင်ကျန်ရစ်ခဲ့ပါတယ်။ ခုတော့ အမေကွယ်လွန်ခဲ့ပါပြီ။ မောင်ချစ်ရဲ့အမေ ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာ ၅ ရက်နေ့က အမေ မခွဲနိုင်တဲ့ သူ့ရဲ့သမိန့်ရွာကလေးမှာပဲ ခေါင်းချခဲ့ပါတယ်။

ခုတော့ အမေရေ ··· လွန်ခဲ့တဲ့ နှစ်ပေါင်း (၆၀) က အမေပြောခဲ့တဲ့ စကားပြောင်းပြန်ဖြစ်သွားပြီဆိုတဲ့အကြောင်း တမလွန်က အမေ့ကို အော်လို့သာ ပြောလိုက်စမ်းချင်ပါရဲ့။ အမေတို့ခေတ်က အနားနောက်ပြီး အလယ်ကြည်ခဲ့တယ်နော်။ အခု အမေ့သား မောင်ချစ်တို့ခေတ်မှာ အလယ်နောက်ပြီး အနားကြည်နေပါကော အမေရယ်။ ရန်ကုန်မြို့ကြီးအနားက သမီးကလေးရွာနည်းတူ ဖျက်သိမ်းခံရတဲ့ နေအိမ်တွေ အများအပြား ဒုက္ခတွေ ရောက်နေကြပြီ။ အမေပြောခဲ့တဲ့ အနားနောက်တယ်ဆိုတဲ့ တောရွာတွေ ပြောင်းရမလို ဖြစ်နေကြပြီ။

ကြုံလို့ ပြောပါရစေ အမေ။ လွန်ခဲ့တဲ့ နှစ် (၆၀) လောက်က ဒုက္ခရောက်ခဲ့တဲ့ မောင်ချစ်တို့ သူပုန်ရန်ကြောင့် ရန်ကုန်မြို့ကြီးသို့ ရောက်ခဲ့ပါတယ်။ အဲဒီခေတ် အဲဒီအခါက အုပ်ချုပ်တဲ့ အစိုးရကလေ တောကစစ်ပြေးဒုက္ခတွေကို ဘာတစ်ခုမှ မကူညီခဲ့ကြပါဘူး။ အမေသိတယ်နော်။ ခုတော့ အမေရေ၊ ခေတ်ကြီးက ပြောင်းပြန်မှ တကယ်ပြောင်းပြန်၊ ဟုတ်တယ်အမေ တကယ်ကို ပြောင်းပြန်ကြီးပါ။



နိုင်ငံတော်အစိုးရက ဖျက်သိမ်းလို့ ဒုက္ခရောက်နေသူတွေကို တစ်ချိန်တုန်းက အခေါ်နဲ့ဆို ရောင်စုံသူပုန်ပေါ့။ ခုတော့ တိုင်းရင်းသားလက်နက်ကိုင်ပေါ့ အမေရယ်၊ အမေတို့အခေါ်နဲ့ ခေါ်ခဲ့ဖူးတဲ့ ရောင်စုံသူပုန်၊ အခုအခေါ် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေက မြို့မှာအဖျက်ခံရတဲ့ သမီးကလေးရွာသားတွေကို ဆန်တွေ၊ စားစရာတွေ လာထောက်ပံ့တယ်။ စိုက်ပျိုးမြေပေးမယ်။ အမေရယ်၊ လက်ရှိမြေနေရာတွေထက် သာလွန်ကောင်းမွန်အောင် စောင့်ရှောက်မတဲ့လေ။

အမေ့ကို သားပြန်ပြောပြတာကို အမေယုံရဲ့လား။ အမေ သက်ရှိထင်ရှားရှိနေရင် မောင်ချစ်ကို 'ဟဲ့ အရူး ··· မဟုတ်တာတွေ အဟုတ်လုပ်ပြီး လာမပြောနဲ့' လို့များ ငေါက်မလားပဲ။ ဟုတ်တယ်အမေ၊ ကျွန်တော်တောင် ဒီသတင်းကြားကာစက အိပ်မက်များ မက်နေသလားလို့ လက်မောင်းကို ဆိတ်ကြည့်ရသေးတယ်။ အိပ်မက် မဟုတ်ဘူး အမေရယ်၊ အိပ်မက်မဟုတ်ပါဘူး။ သားပြောတာ ယုံလိုက်ပါအမေရယ်။

ဟုတ်ပါတယ် အမေရယ်။ ဖေဖော်ဝါရီလ ၄ ရက်နေ့က ရွာလုံးကျွတ် ဖျက်ဆီးဖယ်ရှားခံလိုက်ရတဲ့ သမီးကလေးရွာက ပြည်သူတွေကို ဒီမိုကရေစီ အကျိုးပြု ကရင်တပ်မတော် (DKBA)က အစစ စီစဉ်ပေးမယ်ဆိုတဲ့အကြောင်း သတင်းဂျာနယ်တွေမှာ အတိအလင်းရေးသားထားတာ သား ဖတ်ရပါတယ်။

ဒါကြောင့် အမေယုံလိုက်ပါတော့ အမေရယ် ···။

***RIGHT TIME* ဂျာနယ်**
***(၉-၃-၂၀၁၄) နှုတ်ထုတ်***

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



## လွတ်လပ်ရေးကြေညာစာတမ်းနှင့် ကမ္ဘာမကျေဘူးတဲ့လားဗျာ

၂၇ ကြိမ်မြောက် ဆီးဂိမ်း အားကစားပြိုင်ပွဲနဲ့ပတ်သက်ပြီး ကျွန်တော့်အမြင် ခင်ဗျားတို့ကို တင်ပြချင်တယ်ဗျာ။ အကောင်းဘက်ကပါ။ နှစ်ပေါင်းများစွာ အဆင့် ၆၊ ၇ က မတက်တဲ့ ကျုပ်တို့တိုင်းပြည် အခု အောင်မြင်မှုအဆင့် ဒုတိယကို ရောက်လာတာ ဂုဏ်ယူတယ်။ ရွှေတံဆိပ် (၈၆) ခုထိရတာလည်း ဆန်းလာတယ်။ ကုန်ကျစရိတ်စာရင်း ထွက်မလာသေးတော့ ဘယ်လောက်ကုန်တယ်တော့ မသိနိုင်သေးဘူး။ ရွှေတံဆိပ်ရလို့ အလံတင်အခမ်းအနားမှာ ကျုပ်တို့ နိုင်ငံတော်သီချင်းဖွင့်လိုက်တော့ ရုပ်မြင်သံကြားကလာတိုင်း ကျွန်တော်လိုက်ဆိုလိုက်တယ်။ ကြက်သည်းမွေးညှင်း ထအောင် ဝမ်းသာပီတိဖြစ်ရတယ်ဗျာ။

ဒီသီချင်းက လွတ်လပ်ရေးနဲ့အတူ ပေါက်ဖွားလာတဲ့ နိုင်ငံတော်သီချင်းနော်။ အဲဒီလိုပဲ၊ လွတ်လပ်ရေးနဲ့အတူ ပေါက်ဖွားလာတဲ့ လွတ်လပ်ရေး ကြေညာစာတမ်းဆိုတာလည်း ရှိသေးတယ်။ လွတ်လပ်ရေးကြေညာစာတမ်းဆိုတာကို ကျွန်တော် နည်းနည်းဆွေးနွေးပါရစေ။ လွတ်လပ်ရေးကြေညာစာတမ်း အပိုင်း (၅) မှာ …



'ငါတို့နိုင်ငံတော်ကြီးသည် မည်သူတစ်ဦးတစ်ယောက် တစ်ဖွဲ့တစ်သင်း၏ အမွေအနှစ်မဟုတ်။ မည်သူတစ်ဦးတစ်ယောက် တစ်ဖွဲ့တစ်သင်း၏ ပုဂ္ဂလိကပိုင် ပစ္စည်းလည်းမဟုတ်။ မည်သူတစ်ဦးတစ်ယောက် တစ်ဖွဲ့တစ်သင်းကမှ ချုပ်ကိုင်အနိုင်ယူ၊ အကျိုးခံစားအပ်သော နိုင်ငံမဟုတ်၊ အတိတ်ကာလကလည်းကောင်း၊ ယခု မျက်မှောက်တွင်လည်းကောင်း၊ နောင်လာလတ္တံ့သော အနာဂတ်၌ လည်းကောင်း၊ ငါတို့ပြည်ထောင်စုအတွင်း၌ မှီတင်းနေထိုင်ကြသော ကြီးငယ်ဝေးနီးကျားမ မခြား သစ္စာတော်ခံ နိုင်ငံသားဟူသရွေ့တို့၏ အမွေအနှစ်အပိုင်ပစ္စည်းကျိုး ခံစားရာဖြစ်သည်' ဟူသော လူ့ဘာသာ၊ လူ့တရားနှင့်အညီ ကမ္ဘာဦးကာလ လူတို့၏ ပထမ စည်းရုံးမှု၌ လူအပေါင်းတို့၏ သဘောဆန္ဒအရ လူ့အဝန်း၏ အကျိုးကို ကောင်းစွာ ဆောင်ရွက်နိုင်အံ့သော ပုဂ္ဂိုလ်ကို ရွေး၍ သမ္မတ တင်မြှောက်ကြသော …

အဲဒါ သမ္မတရွေးချယ်တင်မြှောက်ရန် လွတ်လပ်ရေးကြေညာစာတမ်းပါ အချက်တစ်ချက်ပေါ့။

ကောင်းပါပြီ … ကိုစိုးမြင့် … ခင်ဗျားပြောတဲ့ လွတ်လပ်ရေး ကြေငြာစာတမ်းပါ အချက်ကတော့ သနားစရာဖြစ်နေပါပြီဗျား။ ထားပါတော့။ ကျွန်တော်ပြောတဲ့ နိုင်ငံတော်သီချင်းကို ခြေဆင်းလေး ဆိုကြည့်ရအောင်။

'တရားမျှတလွတ်လပ်ခြင်းနဲ့မသွေ တို့ပြည် တို့မြေ များလူခပ်သိမ်း ငြိမ်းချမ်းစေဖို့ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့မြေ တို့ပြည် တို့မြေ' ဒီစာပိုဒ် လေးကို ခင်ဗျားဆွေးနွေးဗျာ … ကဲ အင်ဂျင်နီယာမှူးကြီး လုပ်ပေး

ဆရာဝန်ခင်ဗျာ … တရားမျှတ လွတ်လပ်ခြင်းနဲ့မသွေဆိုတဲ့ စာပိုဒ်ကို ဦးစွာဆွေးနွေးပါရစေ။

www.burmeseclassic.com

www.burmeseclassic.com



တရား … မျှတ … လွတ်လပ်ခြင်း … မသွေ စာပိုဒ်မှာ အဓိပ္ပာယ်အုပ်စု ၄ စုခွဲပြီး မြင်လို့ရပါတယ်။ တရားခြင်းဆိုတာ မမှန်နဲ့ အမှန်ကို စည်းခြားပြီး လူသားတွေကို မှန်မှန်ကန်ကန် လုပ်ခြင်းကို တရားသည်လို့ အဓိပ္ပာယ်ဖွင့်ဆိုမယ်ဆို ရပါတယ်။ ပိုပြီးချဲ့ထွင်လို့လည်း ရပါတယ်။ ထားပါတော့။ မျှတခြင်းဆိုတာက တစ်ဦးကသာ တစ်ဦးကနာ ဒီထက်ပိုမြင့်ပြောရရင် တိုင်းရင်းသားလူမျိုးတစ်စုကို အသာပေးပြီး လူမျိုးတစ်စုကို နိမ့်ကျမှုမရှိစေဘဲ သူတစ်ကျပ်ကိုယ်တစ်ကျပ် ညီတူညီမျှ ဖြစ်စေခြင်းကို အကျယ်မချဲ့၊ သိပ်သည်းတဲ့ စကားလုံးနဲ့ သုံးထားတာဖြစ်တယ်။ လွတ်လပ်ခြင်း ဒါတော့ အများကြီးဖွင့်ဆိုထားတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ သူ့ကျွန်အဖြစ်နဲ့ နေခဲ့ရတဲ့အချိန်တွေကို မလွတ်လပ်ခြင်းလို့ အဓိပ္ပာယ်ဖွင့်လို့ ရသလို၊ ကျွန်ဘဝက လွတ်မြောက်ချိန်ကို လွတ်လပ်ခြင်းလို့ အဓိပ္ပာယ်ဖွင့်လို့ ရပါတယ်။ မသွေဆိုတာကတော့ ဒီလို တရားခြင်း၊ မျှတခြင်း၊ လွတ်လပ်ခြင်းတွေနဲ့ မလွဲမသွေ ဖြစ်ကိုဖြစ်ရမည်ဆိုသည့် သဘောပေါ့။

ဟုတ်ပါပြီ … အင်ဂျင်နီယာမှူးကြီးရယ် ခင်ဗျားဖွင့်ဆိုတဲ့။ တရား … မျှတ … လွတ်လပ်ခြင်း … မသွေဆိုတဲ့ အဓိပ္ပာယ်အကျဉ်းကို ကျွန်တော်လက်ခံလိုက်ပါမယ်။ ဟုတ်ပြီ နိုင်ငံတော်သီချင်းပါ စာသားအတိုင်း ကျုပ်တို့ ဘယ်လောက်ထိ တိကျမှန်ကန်စွာ ထိတွေ့ခံစားရသလဲ … ကဲ ခင်ဗျား ဖြေကြည့်ပါဦး။ သဘောပေါက်သလောက်ပါ။

လွတ်လပ်ရေးရတာ (၆၆) နှစ် မြောက်ခဲ့ပြီ။ တရားသော မျှတသော လွတ်လပ်ခြင်းဆိုတာ၊ လွတ်လပ်ရေးရပြီးစ (၁၄) နှစ်လောက်တုန်းကတော့ ခံစားခွင့်ရခဲ့သလိုပါပဲ။ အဲ ၁၉၆၂ ခုနှစ် တပ်မတော်က အာဏာသိမ်းပြီးနောက် ၂၀၁၀ ပြည့်နှစ်ထိ ကာလတစ်လျှောက်လုံး တရားသော မျှတသော လွတ်လပ်သောဆိုတာတွေကတော့ ဆိတ်သုဉ်းခဲ့ပါတယ်။



အကြောက်တရားနဲ့ လူဖြစ်ခဲ့ရပါတယ်။ ဆင်းရဲမွဲတေမှုအောက်မှာ ကြောက်လန့်ကျီးလန့်စာ စားနေခဲ့ကြရတယ်။ ဂျပန်ခေတ် ကင်ပေတိုင်ထက် ပိုရက်စက်တဲ့ ထောက်လှမ်းရေးတွေအောက်မှာ ဘဝတွေ ဖျက်ဆီးခံခဲ့ရလို့ အသက်ပေးခဲ့ရသူတွေ ဆွေစဉ်မျိုးဆက် ဒုက္ခပေးခံရသူတွေ နလံမထူနိုင်အောင် လူမှုရေး၊ ကျန်းမာရေး၊ ဘဝတွေ ဆုံးရှုံးခဲ့ရသူတွေ အများကြီး မြင်တွေ့ခဲ့ရပါတယ်။

မမျှတဖူးဆိုတာထက်၊ ကိုယ့်အမျိုး၊ ကိုယ့်လူ၊ ကိုယ့်အဖွဲ့အစည်းအတွက် ရတာယူကြပြီး ပြည်သူတွေမှာတော့ သူ့ကျွန်ဘဝထက်ဆိုးတဲ့ အဖြစ်ဆိုးကို ရောက်ခဲ့ကြရတယ်။ တိုင်းပြည်လည်း အဆင်းရဲဆုံးနိုင်ငံစာရင်းဝင်ခဲ့တယ်။ ကုန်းကောက်စရာမရှိအောင် ဆင်းရဲမွဲတေသူတွေနဲ့ ထားစရာမရှိအောင် ချမ်းသာသူတွေထိအောင် အဆင့်ကွာခြားမှုတွေ ဖြစ်ခဲ့ရပါတယ်။ နိုင်ငံတော်သီချင်းပါစာသားများနဲ့ လွတ်လပ်ရေးကြေငြာစာတမ်းတစ်ခုလုံးကို ကျောခိုင်းဆန့်ကျင်တဲ့ အာဏာရှင်စနစ်ကို အသက်သွင်းပေးခဲ့တာကို နောက်ပါ အစဉ်အဆက် အာဏာရှင် စစ်ဗိုလ်ကြီးတွေက ဒီလမ်းအတိုင်း ဆက်လျှောက်ခဲ့ကြတယ်။ အဆိုးဆုံးကတော့ လွတ်လပ်ရေးရယူပေးခဲ့တဲ့ ပုဂ္ဂိုလ်ကြီးတွေ၊ လွတ်လပ်ရေးအတွက် အနှစ်သာရရှိတဲ့ နိုင်ငံတော်သီချင်းကိုရေးပေးခဲ့တဲ့ ပုဂ္ဂိုလ်ကြီးတွေကို အရှမ်းအားနာဖို့ ကောင်းပါတယ်။ နက်နက်နဲနဲ ပြောရရင် စော်ကားသလို ဖြစ်နေတယ်လို့တောင် အထင်ရောက်နိုင်တယ်။ ဒါ ထိန်းထိန်းသိမ်းသိမ်းပြောတာပါ ဆရာဝန်ကြီး။

ဆရာဝန်ကြီးရဲ့ နိုင်ငံတော်သီချင်းကို ကျွန်တော် ရှေ့နည်းနည်းဆက်ဆိုကြည့်မယ်။ 'များလူခပ်သိမ်း ငြိမ်းချမ်းစေဖို့' ဆိုတဲ့အပိုဒ်ကို ပြောကြည့်ရအောင်၊ ဘယ်မှာလည်း ငြိမ်းချမ်းရေး၊ လွတ်လပ်ရေးရပြီး တစ်လျှောက်အကြာမှာ မြန်မာပြည်ကွန်မြူနစ်ပါတီ တောခိုတယ်၊ မွန်၊ ကရင် တရုတ်ဖြူ

www.burmeseclassic.com



ဧရာဝတီတိုင်းတွေမှာ ကရင်တိုင်းရင်းသားတွေ လက်နက်ကိုင် တော်လှန်တယ်။ ကချင်ပြည်နယ်တစ်ခုလုံး၊ ကချင်လက်နက်ကိုင်တွေ၊ ရှမ်းလက်နက်ကိုင်တွေ၊ ချင်းလက်နက်ကိုင်တွေ ထကြွသောင်းကျန်းလို့ ပြည်တွင်းစစ်မီး ဟုန်းဟုန်းတောက်လောင်ခဲ့တယ်။ ဘယ်မှာလည်း ပြည်တွင်းငြိမ်းချမ်းရေး။ ဘယ်မှာလည်း အများလူခပ်သိမ်းငြိမ်းချမ်းစေဖို့ ဆိုတာ ဘာတွေ ဆောင်ရွက်ပေးနိုင်သလဲ။

ကိုယ်အုပ်ချုပ်တဲ့နေရာ၊ ကိုယ်တပ်စွဲတဲ့နေရာ၊ ကွက်ကွက်လေးမှာသာ အစိုးရပြီး တစ်ပြည်လုံး ဖြစ်ချင်တာဖြစ်၊ တစ်ပြည်လုံး စစ်မီးညွန့်အောက်မှာ သေကြမယ်၊ ရပ်ရွာတွေ မီးလောင်မယ်။ အဖေသေလို့၊ အမေသေလို့ အနာဂတ်ပျောက်နေကြတဲ့ မိဘမဲ့ကလေးတွေ အများကြီး ဒုက္ခသည် စခန်းတွေမှာ ရောက်ကုန်ကြတယ်။ အသက်ရှင်ဖို့အတွက် အငတ်ငတ်၊ အပြတ်ပြတ်နဲ့ နေကြရတယ်။ ပညာသင်ကြားခွင့်တွေ ဆိတ်သုဉ်းခဲ့ကြတယ်။ နယ်စပ်တွေမှာ ဒုက္ခသည်စခန်းတွေဖွင့်ပြီး နေခဲ့ကြတယ်။ အိမ်နီးနားချင်း နိုင်ငံတွေကို ထွက်ပြေးခိုလှုံနေကြရတယ်။

သားသမီးချင်း ဘယ်လောက်စာနာတဲ့ ခေါင်းဆောင်ကြီးတွေလဲ၊ စဉ်းစားကြည့်၊ သူတို့သားသမီးတွေကို ကောင်းပေ့၊ ညွန့်ပေ့ဆိုတဲ့ ကျောင်းတွေမှာ ထားတယ်။ ဖြစ်နိုင်ရင် စင်ကာပူလို နိုင်ငံမှာ ကျောင်းထားကြတယ်။ ပြည်သူပြည်သားတွေ ဘယ်လောက်ဒုက္ခရောက်နေတာ မသိ မဟုတ်ဘူး။ သိပါလျက် မသိကျိုးကျွံနေကြတယ်။ ကြားဖူးမှာပေါ့။ လူတွေ ဘာဖြစ်လို့ ဒီလောက်တန်းစီနေကြတာလဲလို့ ဘုရင့်သမီးတော်အမေးကို ပေါင်မုန့်မရလို့ပါ ဘုရားလို့ မှူးကြီးမတ်ရာက ပြောတော့၊ သမီးတော်လေးက အော် ပေါင်မုန့်မရလည်း ကိတ်မုန့်စားပါလားလို့ အဖြေလို ဖြစ်နေတယ်။

ပြည်သူတွေတော်နေကြတာ သိသိကြီးနဲ့၊ ကိုယ်ရကိုယ်ယူစနစ်



ထွန်းကားရေးကိုပဲ ထူထောင်နေကြတယ်။ နေစရာမရှိဘူး၊ စားစရာမရှိဘူး၊ မငြိမ်းချမ်းဘူး။ ကျည်ဆံမိုးတွေ ရွာနေတယ်။ တစ်ဖက်နိုင်ငံတွေမှာ ကျွန်ခံနေရတယ်။ ကဲ ဆရာဝန်ကြီးရဲ့ သီချင်းစာသား 'အများလူခပ်သိမ်း ငြိမ်းချမ်းစေဖို့' ဆိုတဲ့ စာပိုဒ်ကို ဘယ်လိုအနက်အဓိပ္ပာယ်ဖွင့်ရမလဲ။ လက်တွေ့ဘဝနဲ့ နိုင်ငံတော်သီချင်း လားလားကြီး ဆန့်ကျင်နေတာ တွေ့ရတယ်။

အင်ဂျင်နီယာမှူးကြီးတစ်ခု ကျွန်တော် စဉ်းစားမိတာ ပြောရဦးမယ်။ ကျွန်တော်တို့ အစက ပြောခဲ့တဲ့ ၂၇ ကြိမ်မြောက် ဆီးဂိမ်းမှာ ၈၆ ကြိမ်တိုင်တိုင် နိုင်ငံတော်သီချင်းကို ဖွင့်ခဲ့ရတယ်။ နားထောင်ခွင့်ရခဲ့တယ်။ ဟုတ်ပြီ … နားထောင်သူတွေက အားကစားသမားတွေ၊ ပြည်သူတွေချင်း မဟုတ်ဘူးဗျ။ နိုင်ငံတော်သမ္မတကြီးလည်း ပါတယ်။ သူတို့လည်း နိုင်ငံတော် သီချင်းကို နားထောင်ကြရမှာပေါ့။

ဟုတ်ပြီ … သူတို့ကော သီချင်းစာသားပါ စကားလုံးတွေနဲ့ ဒီကနေ့ ဖြစ်နေတဲ့ တိုင်းပြည်အခြေအနေကို တိုက်ဆိုင်မစဉ်းစားမိကြဖူးလား။ ဒါစဉ်းစားစရာပဲနော်။ သူတို့လည်း သတိထားမိကြမှာပါ။ ကဲ … အင်ဂျင်နီယာမှူးကြီး ပြောပါဦးဗျာ …

ဆရာဝန်ကြီး တစ်ခု စဉ်းစားကြည့်ပါဦး၊ ဒီကနေ့ သမ္မတကြီးတို့ ဒုတိယသမ္မတကြီးတို့၊ ဝန်ကြီး၊ ဝန်ကလေးတို့ဆိုတာ အခုမှ ခေါင်းဆောင်ဖြစ်လာကြတာ မဟုတ်ပါဘူးဗျာ။ အများစုဟာ အရင်အစိုးရလက်ထက် ကတည်းက ရာထူးကြီးကြီးတွေ ယူပြီး၊ ဘယ်သူကမှ မတင်မြှောက်ထဲ တိုင်းပြည်ခေါင်းဆောင် လုပ်နေသူတွေပါ။ မသိဘဲနေပါ့မလား၊ သိပ်သိ တိုင်းပြည်ဖြစ်နေတာ သိပ်သိ။

ကြီးစဉ်ငယ်လိုက် တိုင်းပြည်ရဲ့ အမွေအနှစ်တွေကို ခင်းတဲ့ဆင်းတဲ့ အကျိုးခံစားကြတယ်။ တစ်ဦးချင်းရယူမယ်။ အဖွဲ့အစည်းနဲ့ရလာတာတွေ

www.burmeseclassic.com



အာဏာကို တစ်ဖွဲ့တစ်သင်းက ချုပ်ကိုင်ထားနိုင်ဖို့ ဥပဒေကို ပြဋ္ဌာန်းမယ်။ တစ်ပါးသူ ဝင်တိုးမရတဲ့၊ ဥပဒေကို အရဆုပ်ကိုင်ထားမယ်။ တရား … မျှတ … လွတ်လပ်၊ အများလူခပ်သိမ်း ငြိမ်းချမ်းတာ၊ မငြိမ်းချမ်းတာ သူတို့အလုပ်မဟုတ်၊ အုပ်ချုပ်ရေးအာဏာ တည်တံ့ရေးကို ဘယ်လိုဆုပ်ကိုင်ထားရမလဲ။ အဲဒါ … အဲဒါ ကျွန်တော်တို့ ခေါင်းဆောင်တွေရဲ့အလုပ် … ဒါပါပဲ ဆရာဝန်ကြီးရယ်။

နိုင်ငံတော်သီချင်းနဲ့ လက်တွေ့ဘဝ။ ကွာခြားချင်တိုင်း ကွာခြားနေတာကတော့ စိတ်မကောင်းစရာပါပဲ။ အင်ဂျင်နီယာမှူးကြီးရေ၊ ဒါတို့ပြည်၊ ဒါတို့မြေလဲ ခုတော့ တို့မပိုင်တဲ့မြေ ဖြစ်ကုန်ပြီ။ တို့ဘိုးဘွားအမွေစစ်မို့ ချစ်မြတ်နိုးပေဆိုပေမယ့် … ချစ်စရာ ဘိုးဘွားအမွေစစ်တွေလဲ ကုန်တော့မှာပါ။ ရောင်းလို့၊ ငှားလို့ ကျွန်တော်တို့ မပိုင်တော့ပါဘူး။

အော် … ကမ္ဘာမကျေ … မြန်မာပြည်တဲ့လား။ ဟုတ်ပါပြီ။ ကျွန်တော်တို့ မြန်မာပြည်သူတွေ ဖြစ်နေတဲ့အဖြစ်တွေကိုကြည့်ပြီး ကမ္ဘာမကျေ … ကမ္ဘာမကျေ … နိုင်တော့ဘူးလို့သာ အော်ဟစ်လိုက်ချင်စမ်းပါဘိ။

*ပြည်သူ့ဆန္ဒဂျာနယ်*

*(၁၃-၃-၂၀၁၄) နေ့ထုတ်*



# အချိန်တွေကြာမြင့်လို့ အသည်းကွဲနေကြပါပြီ

၂၀၁၃ ခုနှစ်၊ မတ်လ (၂) ရက်နေ့မှာ ကျရောက်တဲ့ တောင်သူလယ်သမားနေ့ အခမ်းအနားကို သမ္မတကြီး ဦးသိန်းစိန်က သဝဏ်လွှာ ပို့ခဲ့တယ်။ အဲဒီသဝဏ်လွှာမှာ 'ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတာဝန်အား အမျိုးသားရေး ရည်မှန်းချက်အဖြစ် ခိုင်မာစွာ ချမှတ်ပြီးဖြစ်ကြောင်း လူဦးရေ (၂၀) ရာခိုင်နှုန်း အဓိကပါဝင်သော တောင်သူလယ်သမားတို့၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအား အမျိုးသားရေး ရည်မှန်းချက်အဖြစ် ခိုင်မာစွာချမှတ်ပြီးဖြစ်ကြောင်း၊ လူဦးရေ (၇၀) ရာခိုင်နှုန်း အဓိကပါဝင်သော တောင်သူလယ်သမားတို့၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအား ပထမဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း တောင်သူလယ်သမားများ၏ လူနေမှုဘဝနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အထူးအလေးပေး မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးကုန်ထုတ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်ဦးချင်းဝင်ငွေ တိုးတက်စေရေးအတွက် တည်ဆောက်ခဲ့ရေးသော စနစ်အား ရာခိုင်နှုန်းပြည့် ပြီးစီးနိုင်အောင် အလေးထားဆောင်ရွက်လျက်

www.burmeseclassic.com

www.burmeseclassic.com



ရှိကြောင်း၊ သီးနှံများ အရည်အသွေးနှင့် အထွက်နှုန်း ပိုမိုတိုးတက်စေရေးအတွက် စိုက်ပျိုးရေးပညာရှင်များအနေဖြင့် သိပ္ပံနည်းကျ စိုက်ပျိုးရေးစနစ်များ၊ တီထွင်ကြံဆပြီး တောင်သူလယ်သမားများ လက်ဝယ်အရောက်၊ လေ့ကျင့်ပညာပေးရေးကို ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း” မိန့်ကြားသွားပါသည်။

သမ္မတ၏ တောင်သူလယ်သမားနေ့ သဝဏ်လွှာကိုများစွာ နှစ်ထောင်းအားရ ဖြစ်ခဲ့သည်။ ၂၀၁၃ ခုနှစ်၊ မတ်လမှ ယခု ၂၀၁၄ ခုနှစ် မတ်လဆိုတော့ တစ်နှစ်တိတိ ကြာခဲ့ပါပြီ။ ဒီတစ်နှစ်အတွင်းမှာ မိန့်ခွန်းပါအတိုင်း လယ်သမားတွေ မည်မျှထိ ခံစားခွင့်ရခဲ့သလဲဟု စူးစမ်းကြည့်သည်။ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတာဝန်ကို အမျိုးသားရေး ရည်မှန်းချက်အဖြစ် ခိုင်မာစွာချမှတ်ခဲ့ပြီးဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ဤအချက်ကို ဘယ်လောက် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပြီလဲ။

တောင်သူလယ်သမားတွေ အမှန်တကယ်လိုအပ်သော မျိုးကောင်းမျိုးသန့်၊ မျိုးစပါးတွေ စီစဉ်ပေးရေး၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးတွေကို အာနိသင်မှန်မှန် ဈေးနှုန်းချိုသာစွာ ဆောင်ရွက်ပေးရေးကို မည်မျှထိ ဆောင်ရွက်ပေးနိုင်ခဲ့သနည်း။ စိုက်ပျိုးရေးစရိတ်ချေးငွေများ လုံလောက်စွာထုတ်ပေးရန်နှင့် လယ်ယာထွက် ကုန်သီးနှံတွေ ဈေးမှန်ဈေးကောင်းရရှိရေးအတွက် မည်မျှထိ ဆောင်ရွက်ပေးနိုင်ခဲ့သလဲ။

သမ္မတကြီးရဲ့ နှစ်လိုဖွယ်မိန့်ခွန်းနှင့် ဆန့်ကျင်နေသော မိန့်ခွန်းတစ်ရပ်ကို လယ်/ဆည် ဝန်ကြီးက မိန့်ခြွေခဲ့သည်။ ‘တောင်သူလယ်သမားများဟာ မိမိရဲ့ကြွေးအပေါ် သံသရာကြွေးမပါအောင် တာဝန်ရှိပါတယ်။ ကုမ္ပဏီက ကူညီပေးတယ်။ နိုင်ငံတော်က စောင့်ရှောက်တယ်။ ထောက်ပံ့တယ်ဆိုတာကကို စားစရာမရှိ၊ လျော်စရာရှိရမယ်ဆိုတဲ့ ထုံးနှလုံးမူပြီးတော့မှ



တိုယ်ဆပ်ရမယ့်ကြွေးကို မပျက်မကွက်ပေးဆပ်ဖို့ အနူးအညွတ် တိုက်တွန်းပြောကြားလိုပါတယ်။ စွပ်ကျယ်တစ်ထည်နဲ့ ငါ ထမင်းတစ်နပ် လျှော့စားမယ်။ ငါနဲ့ ငါ့မိသားစုတွေ ထမင်းတစ်နပ်လျှော့စားမယ်။ ဥပုသ်စောင့်သလိုပေါ့ဗျာ” တဲ့။ ဝန်ကြီးရဲ့ ကြွေးဆပ်ရေးမိန့်ခွန်းက ကောင်းရော …

နိုင်ငံတော်အစိုးရအတွက်လား၊ ဘယ်ကုမ္ပဏီအတွက် ကိုယ်စားပြုကြွေးတောင်းတာလဲဆိုပြီး တစ်တိုင်းပြည်လုံး တအံ့တသြ ဖြစ်ကုန်ကြတယ်။ ဝန်ကြီးအနေနဲ့ စိုက်ပျိုးရေးနည်းစနစ်တွေ မှန်ကန်ဖို့ ပညာရှင်တွေနဲ့ ပညာပေးရေးတွေ ဘယ်လိုဆောင်ရွက်ပေးနေတယ်။ ရေကာတာတွေ လုံခြုံဖို့၊ ရေကြီးကွင်းတွေ မဖြစ်ပေါ်ဖို့ သဘာဝအလျောက် စီးဆင်းတဲ့ ချောင်းတွေ၊ မြောင်းတွေ ပုံမှန်စီးဆင်းနိုင်ဖို့ ဘယ်လိုဆောင်ရွက်ပေးနေတယ်။ လယ်လုပ်ထိရိယာတွေ ဈေးနှုန်းချိုသာစွာ ရောင်းချပေးပြီး ခိုင်းကျွဲနွားတွေအတွက် ရှာဖွေစုဆောင်းပေးနေတာတွေ ပြောကြားဖို့ ကောင်းပါတယ်။ ခုတော့သူမိန့်ခွန်းက သမ္မတကြီးရဲ့သဝဏ်လွှာကို ဘာတစ်ခုမှ အထောက်အကူမပြုစေခဲ့ဘူး။

တစ်ဖက်ကတော့ တောင်သူလယ်သမားများ၏ လူနေမှုဘဝနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အထူးအလေးပေး မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားခဲ့ပေမယ့် သမ္မတကြီးမိန့်ခွန်းသဝဏ်လွှာပို့ပြီး တစ်နှစ်အကြာ ယနေ့တောင်သူလယ်သမားများ အခြေအနေကို ဆန်းစစ်ကြည့်လိုက်တော့ မိန့်ခွန်းမပြောခင်ဘဝထက် နိမ့်ကျသွားတဲ့ ဘဝဆိုးတွေ ရင်ဆိုင်နေကြရတာ တွေ့နေရတယ်။

၁၉၄၈ ခုနှစ်မှ ၁၉၆၂ ထိ လယ်သမားတွေ ဘဝသိပ်မဆိုးသေးဘူး။ ကြွေးတင်တဲ့ နှစ်ဆိုတာမရှိသလောက်ပါပဲ။ ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီ ပေါ်လာတယ်။ ၁၉၆၃ ခုနှစ်မှ တောင်သူ

www.burmeseclassic.com

www.burmeseclassic.com



လယ်သမား အခွင့်အရေး ကာကွယ်ရေးဥပဒေ ထုတ်ပြန်သလို သီးစားချထားရေး ဥပဒေကို ပြဋ္ဌာန်းပေးခဲ့တယ်။ နည်းပညာ မျိုးကောင်း မျိုးသန့် ရရှိရေးအတွက် 'နိုင်ငံတကာ ဆန်စပါး သုတေသနဗျူရိုတစ်ခု ထားရှိပေးမယ်' ဆိုပြီး ကမ္ဘာ့ကုလသမဂ္ဂက ကမ်းလှမ်းထားတယ်။ မြန်မာအစိုးရက လက်မခံတာကြောင့် ဖိလစ်ပိုင်နိုင်ငံကို ပြောင်းရွှေ့ဖွင့်လှစ်စေခဲ့တယ်။ ဖိလစ်ပိုင်နိုင်ငံက ခုထိကောင်းစားသွားခဲ့ပြီ။ မြန်မာပြည်မှာကတော့ 'ရာကျော်' စပါးမျိုးကို တင်သွင်းစိုက်ပျိုးခဲ့တယ်။ အဲဒီစပါးကို ကမ္ဘာ့ဈေးကွက်က လက်မခံတာကြောင့် လယ်သမားတွေ ခွက်ခွက်လန်အောင် အရှုံးနဲ့ ရင်ဆိုင်ခဲ့ရတယ်။

စစ်အစိုးရလက်ထက်မှာ လယ်သမားတွေ ဖြူခါပြာခါကျကုန်ကြတယ်။ မျက်မှောက်ခေတ် လယ်သမားတွေရဲ့ဘဝက ပိုဆိုးလို့ ရင်နာစရာတွေနဲ့ ကြုံတွေ့ရတယ်။ မြန်မာ့ဆန်အိုး၊ စပါးကျီအိုးလို့ သတ်မှတ်ခံထားရတဲ့ ဧရာဝတီတိုင်းက လယ်သမားတွေရဲ့ ပိုင်ဆိုင်မှုလယ်တွေကို နည်းအမျိုးမျိုးအကြောင်းပြပြီး တပ်ပိုင်၊ စီးပွားရေးလုပ်ငန်းရှင်များပိုင်၊ အင်သူကြီးများအပိုင်အဖြစ် အဓမ္မသိမ်းယူလိုက်ကြတယ်။ ကိုယ့်လယ်တွေ ဆုံးရှုံးအသိမ်းခံရတာနှင့် မပြီးသေးဘူး။ ထိုလယ်အတွင်း ဝင်ရောက်၊ ဖားရှာ ငါးရှာတဲ့ တောင်သူလယ်သမားတွေ၊ အချုပ်အနှောင်ခံနေကြရတယ်။ ထောင်ကျခံကြရတယ်။ မိသားစု အိမ်ထောင်ဦးစီးတစ်ဦး အကျဉ်းချခံရတဲ့မိသားစုတစ်စုလုံးဘဝတွေ ပျက်ကုန်ကြတယ်။ သားသမီးတွေရဲ့ ပညာရေး၊ ကျန်းမာရေးတွေ နိမ့်ကျပျက်စီးကုန်ကြတယ်။

လက်ပံတောင်းတောင်ဒေသ တောင်သူတွေဘဝက အလွန်ဆိုးဝါးစွာ ဘဝဆိုးတွေကို ရင်ဆိုင်နေကြရတယ်။ နေရာတွေဖော်ပြနေက ဆုံးနိုင်တော့မှာ မဟုတ်ဘူး။ မြန်မာပြည်မြောက်ဖျားမှ တောင်ဖျားအစွန်ထိတိုင်



လယ်သိမ်းမှု၊ ယာသိမ်းမှုတွေ ကြုံနေရတယ်။ ဆန္ဒပြမှုတွေ၊ ဖမ်းဆီးခံရမှုတွေ နေ့စဉ်ထုတ် ပုဂ္ဂလိကသတင်းစာ၊ ဂျာနယ်တွေမှာ ဖတ်နေရတယ်။

သမ္မတကြီးရဲ့ တောင်သူလယ်သမားနေ့ မိန့်ခွန်းပါ အချက်အလက်တွေ လက်တွေ့အကောင်အထည် မဖော်ပေးနိုင်ခဲ့ဘူး။ တောင်သူလယ်သမားတွေ၊ လယ်ယာပိုင်တွေ ဆုံးရှုံးကုန်ကြတယ်။ တောင်သူလယ်သမားတွေအတွက် အမှန်တကယ် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့် မျိုးစပါးရရှိရေး၊ ဓာတ်မြေဩဇာ ပိုးသတ်ဆေး အာနိသင်မှန်၊ ဈေးနှုန်းချိုသာစွာ ရရှိရေး၊ စိုက်ပျိုးရေးစရိတ် ချေးငွေလုံလောက်စွာ ရရှိရေးတွေ ဘာတစ်ခုမှ ဟုတ်တိတတ်တိ လုပ်မပေးနိုင်ခဲ့ဘူး။ လုပ်ပေးပြန်တော့လည်း လယ်သမားတွေမှာ လုပ်စရာ လယ်တွေ၊ ယာတွေ မရှိတော့ဘူး။ တစ်ပြည်လုံး ကျွတ်ကျွတ်ညံနေတဲ့ လယ်သိမ်း၊ ယာသိမ်း၊ မြေသိမ်းမှု ဆန္ဒပြပွဲတွေကို ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုအစိုးရ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရတွေက လက်ရှောင်နေကြတယ်။

တကယ်တော့ အဓမ္မရယူသိမ်းဆည်းထားသော လယ်သိမ်း၊ ယာသိမ်း၊ မြေသိမ်းသူတွေထဲမှာ အစိုးရမှာ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်ရေး မပါဝင်သည့်တိုင် ဆက်နွယ်မှုတွေကြောင့် ရေငုံနှုတ်ပိတ်နေတယ်လို့ ပြည်သူတွေက မြင်နေကြပြီ။ ဒါကိုလည်း မပါဝင်ရင် တို့မပါဝင်ဘူးပေါ့လို့ ရဲရဲရင်ဆိုင်သင့်ပါပြီ။

မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ ဗုဒ္ဓလမ်းစဉ် ဆရာတော်ကြီးများရဲ့ ပြောဆိုဆုံးမမှုအရ တစ်ဦးချင်း မေတ္တာပို့ခြင်း၊ အုပ်စုဖွဲ့ မေတ္တာပို့ခြင်းများကို ရွတ်ဆိုမေတ္တာပို့နေကြတယ်။ စာရေးသူအနေနဲ့လည်း နံနက်တိုင်း ဆရာတော်၊ သံဃာတော်များရဲ့ မေတ္တာပို့နည်း အဖုံဖုံကို ရွတ်ဆိုမေတ္တာပို့နေခဲ့တယ်။ ဒါဟာ ဗုဒ္ဓဘာသာဝင်များရဲ့ ဘာသာရေးဓလေ့ထုံးစံ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တယ်။

ခုတော့ ရင်နာစရာပါ။ ၄င်းတို့ကို မတရား ဖိနှိပ်အနိုင်ကျင့်နေသူများအား ကျိန်စာ (၁၀) မျိုး တိုက်သည့်ပွဲတွေ ရန်ကုန်မြို့ကြီး အပါအဝင် နယ်ဒေသအသီးသီးမှာ ပြုလုပ်နေကြပြီ။ ကျိန်စာတိုက်သူတွေအနေနဲ့ လုပ်ချင်လွန်းလို့ လုပ်နေကြတာမဟုတ်ဘူးဆိုတာ ရဲရဲကြီး ယုံကြည်တယ်။ သူတို့အားကိုးရာမဲ့နေကြပြီ။ အချိန်တွေ ကြာမြင့်လာပါသော်လည်း တာဝန်ရှိသူတွေက လျစ်လျူရှုထားကြတယ်။ အချိန်တွေ ကုန်ခဲ့ပါပြီ။ အဖြေမရသေးပါ။

နောက်ဆုံးသတင်းတစ်ခုကို ၁၀.၂.၂၀၁၄ နေ့ထုတ် ပုဂ္ဂလိကသတင်းစာတစ်စောင်တွင် ဖတ်လိုက်ရသည်။ ခေါင်းစီးက 'တောင်သူလယ်သမား အကျိုးစီးပွား မြှင့်တင်ရေးနည်းဥပဒေ အမြန်ဆုံး ထုတ်ပြန်ရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ တိုက်တွန်း' ဆိုသည်ပင် ဖြစ်သည်။

မည်သို့ပင်ဆိုစေ အစိုးရသက်တမ်း (၃) နှစ်ပင် ကျော်ခဲ့ပါပြီ။ သမ္မတကြီးမိန့်ခွန်းက အားရစရာဖြစ်ခဲ့ပါသည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ တိုက်တွန်းချက်က ကောင်းလွန်းပါသည်။ သို့သော်လည်း အဲ ... နေမြဲပါပဲ။ လယ်သမားတွေ ဒုက္ခဆင်းရဲတွင်းမှာ နေမြဲပါပဲ။

*ရောင်နီဂျာနယ်*
*(၂၇-၂-၂၀၁၄) နေ့ထုတ်*

◆ ◆ ◆



# ခေါင်းဆောင်ဆိုတာ

"ဒီကနေ့ ကျုပ်ဆွေးနွေးစေချင်တဲ့ အကြောင်းအရာကတော့ 'ခေါင်းဆောင်ဆိုသည်မှာ' ဆိုတဲ့ ခေါင်းစီးကို ဗဟိုပြုပြီး ဆွေးနွေးကြရအောင်ဗျာ။ ဒီနေရာမှာ ဟိုစာအုပ်က ဒီလိုရေးတယ်၊ ဟိုပညာရှင်ကြီးက 'ခေါင်းဆောင်ဆိုသည်မှာ' ဒီလို ဖွင့်ဆိုထားတာဆိုတဲ့ သူများအတွေးအခေါ်မဟုတ်ဘဲ မိတ်ဆွေတို့ဝန်းကျင်မှာ ထိတွေ့ခံစားရတဲ့ ခေါင်းဆောင်တွေအပေါ်၊ အတွေးအမြင်ကို ကိုယ့်ရှုထောင့်က ကိုယ်ဖွင့်ဆိုကြစေချင်ပါတယ်။ ပထမဆုံး စတင်ဆွေးနွေးပေးဖို့ လမ်းလျှောက်ဖော်များအနက် အသက်အကြီးဆုံး ဦးသန်းလှက စဆွေးနွေးပေးပါဗျာ"

လမ်းလျှောက်ဖော်တို့၏ နံနက်လပ်ကီးဆဲဗင်း လက်ဖက်ရည်ဆိုင်ဝိုင်းတွင် အဖွင့်စကားပြောကြားသူက အငြိမ်းစားဆရာဝန်ကြီး ဦးထွန်းလင်းဖြစ်သည်။ သူ၏ မေတ္တာရပ်ခံချက်အရ ခေါင်းဆောင်ဆိုသည်မှာကို စတင်ဆွေးနွေးမည့် ပုဂ္ဂိုလ်ကား အသက် (၈၄) နှစ်အရွယ်ရှိ အဘဦးသန်းလှဖြစ်သည်။

www.burmeseclassic.com



"ခေါင်းဆောင်ဆိုသည်မှာကို ကျုပ်က နှစ်ပိုင်းရှင်းပြချင်တယ်။ ပြည်သူက နှစ်လိုဖွယ်၊ ချစ်ခင်လေးစားခြင်းခံရတဲ့ ခေါင်းဆောင်၊ နောက်တစ်မျိုးက ပြည်သူလက်ခံသည်ဖြစ်စေ၊ မချစ်ပါဘဲ အမုန်းခံနေရသူ ဖြစ်ပါစေ၊ ခေါင်းဆောင်နေရာအတွက် အဓမ္မနည်းသုံးတဲ့ ခေါင်းဆောင်တစ်မျိုး အကြမ်းအားဖြင့် နှစ်မျိုး ခွဲခြားလို့ရပါတယ်။ ပထမတစ်မျိုးဖြစ်တဲ့ ပြည်သူချစ်တဲ့ ခေါင်းဆောင်ကြတော့ ... ကိုယ်ကျိုးမဖက် ကိုယ်ကျိုးစွန့်၊ အနစ်နာခံ၊ ဘာကိစ္စဖြစ်ဖြစ် ပြည်သူ... ...သူသည်သာ ဦးထိပ်ထား၊ ပြည်သူ့အင်အားကိုယူ၊ ကိုယ့်အတွက် တစ်စွန်းတစ်စမျှ ...ကျိုးမခံစားကတတ်တဲ့ ပုဂ္ဂိုလ်မျိုးဖြစ်တယ်။ သူ့နောက်မှာ အရိပ်မဲမရှိ၊ သားသမီးအတွက်၊ ဆွေမျိုးအတွက် မရှိ၊ တိုင်းပြည်ကိုသာ ဦးထိပ်ထားလို့ ပြည်သူတစ်ရပ်လုံးရဲ့မေတ္တာကို ရယူနိုင်တယ်"

"ဒုတိယတစ်မျိုးက အထက်တင်ပြခဲ့တဲ့ ပထမတစ်မျိုးနဲ့ လုံးဝဆန့်ကျင်တယ်။ ငါ့အတွက်၊ ငါ့အမျိုးအတွက်၊ ငါ့ပါတီအတွက်သာ ဦးထိပ်ထားပြီး ပြည်သူကို ဗဟိုမပြုဘူး။ အမြီးကျက်အမြီးစား၊ မကျက်တစ်ကျက်လည်း ...၊ ကိုယ့်အတွက်၊ ကိုယ့်သားသမီးအတွက် ဦးထိပ်ထား ဆောင်ရွက်တတ်တယ်။ ပြည်သူကို အသာထား၊ ကိုယ်ရကိုယ်ယူစနစ်ကို ကျင့်သုံးတတ်တယ်။ ဓမ္မနဲ့အဓမ္မယှဉ်လာရင် အဓမ္မစနစ်ကို ကျင့်သုံးတတ်လို့ ပြည်သူ့ရဲ့ ညိုညင်မှုကိုခံရတဲ့ ခေါင်းဆောင်မျိုး ဖြစ်တတ်တယ်။ သူ့နောက်မှာ အဖွဲ့အစည်းရှိတယ်။ ကြီးကိုင်မယ့် အရိပ်မဲကြီးရှိတတ်တယ်။ ဒါက ဒုတိယခေါင်းဆောင်မျိုး၊ ခင်ဗျားတို့ မြင်ကြည့်လို့ရပါတယ်။ ဒါ ပညာရှိ ပြောတဲ့စကား၊ ဘယ်စာအုပ်ရေးတဲ့တရားမဟုတ်ဘူး၊ ကျုပ်အသက် (၈၄)နှစ်မှာ ကြုံတွေ့ရတဲ့ ခံစားခဲ့ရတဲ့ ခေါင်းဆောင်ဆိုသူတွေကို မြင်ရတဲ့ ကိုယ့်ရှုထောင့်က အမြင်များသာ ဖြစ်ပါတယ်။ ဒါဆို ဆရာဝန်ကြီးကျေနပ်မှာပါ"



"သိပ်ကျေနပ်တာပေါ့ ဆရာဦးသန်းလှရယ်၊ ကျေနပ်ယုံတင်မကဘူး၊ မြင်ကြည့်လို့လည်း ရပါတယ်။ ကျေးဇူးလည်း တင်ပါတယ်။ နောက်တစ်ယောက်က ကျုပ်ရဲ့ခေါင်းဆောင်ဆိုသည်မှာကို ဆွေးနွေးပါဦးဗျာ" ဆွေးနွေးမည့်သူက ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အငြိမ်းစား အင်ဂျင်နီယာမှူးကြီး ဦးစိုးမြင့်ဖြစ်ပါတယ်။

"ကျွန်တော်ကလည်း အဘဦးသန်းလှ ပြောသလို ခေါင်းဆောင်နှစ်မျိုးကိုပဲ တင်ပြပါရစေ။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အခြေခံဥပဒေအတည်ပြုရေးဆောင်ရွက်နေလို့ အရေးကြီးတဲ့အချိန်မှာ ၂၀၀၈ ခုနှစ်နာဂစ်မုန်တိုင်းအရေးကို ပြန်မြင်ကြည့်လိုက်ကြရအောင်။ မြစ်ဝကျွန်းပေါ်မှာ ပြည်သူတွေ သိန်းဂဏန်း၊ မိနစ်ပိုင်းအတွင်း အသက်ဆုံးရှုံးကုန်တယ်။ ကျွဲ၊ နွား၊ တိရစ္ဆာန် အရေအတွက် မသိနိုင်အောင် ဆုံးရှုံးကြတယ်။ ဧရာဝတီတိုင်းအတွင်းမှာ ငရဲပွက်သံသောသောသည် ဖြစ်ကုန်တယ်။ စေတနာရှင်တွေ ဝိုင်းကြဝန်းကြတယ်။ ပြည်ပနိုင်ငံတွေက ကူကြတယ်၊ ဒုက္ခတွေ ဝိုင်းဖြေသိမ့်ကြတယ်"

"အဲဒီလို တိုင်းတစ်တိုင်းလုံးနီးပါး ပြည်ပျက်နေတဲ့အခါ ကျုပ်တို့ခေါင်းဆောင်ကြီး ရောက်မလာဘူး။ ခင်ဗျားတို့ ပြည်သူချစ်သည်ဖြစ်စေ၊ မချစ်သည်ဖြစ်စေ ကျုပ်နဲ့မဆိုင်ဘူး။ သေကြတော့လည်း ကိုယ့်ခေါသနဲ့ကိုယ်ရှင်းကြပေတော့။ ခေါင်းဆောင်ကြီးကတော့ အေးဆေး။ (၂၁) ရက်ကြာမှ ကောင်းကင်ခရီးက ဟယ်လီကော်ပတာစီးပြီး ရောက်တော်မူလာတယ်။ အဲဒီလိုခေါင်းဆောင်မျိုးက တစ်မျိုး၊ နောက်တစ်မျိုးက ရှိသေးတယ်။ နာဂစ်နဲ့အပြိုင် တရုတ်ပြည်မှာ မြေငလျင်ကြီး အကြီးအကျယ်ဖြစ်တယ်။ ခင်ဗျားတို့ မှတ်မိနေမှာပါ"

"နာဂစ်လောက် ဒုက္ခမရောက်ပေမယ့် တရုတ်တွေလည်း အမောဟ်

www.burmeseclassic.com

www.burmeseclassic.com



သေကြပါတယ်။ ပြိုတဲ့မြေအောက်မှာ မြုပ်ပြီးသားဖြစ်ကုန်ကြတယ်။ တရုတ်ခေါင်းဆောင်ကြီးက မြေပြိုမှု ဖြစ်ဖြစ်ချင်း နာရီဝက်အကြာ ရောက်လာတယ်။ လူသားချင်းစာနာစွာ၊ ကယ်တင်မှုတွေ အစွမ်းကုန်လုပ်ပေးခဲ့တယ်။ ပြည်သူချစ်ဖို့၊ မချစ်ဖို့မဟုတ်ဘူး၊ လူကိုလူတွေလို မြင်ပါတယ်ဆိုတဲ့ လူသားချင်းစာနာစိတ်၊ တစ်နည်းပြောရင် လူစိတ်''

''အဲဒီမှာကြည့်ပြီး ကျွန်တော် ခေါင်းဆောင်ဆိုသည်မှာ နှစ်မျိုးရှိပါလားလို့ မြင်လို့ရတယ်။ ဘယ်လိုလူမျိုးကို ပြည်သူ ဘယ်လောက်ချစ်မလဲဆိုတာကိုတော့ ထောက်မပြတော့ပါဘူး။ ဒါပေမဲ့ ပြည်သူ ချစ်သည်ဖြစ်စေ၊ မချစ်သည်ဖြစ်စေ၊ ငါ့အလုပ် မဟုတ်ဘူး။ မင်းတို့မုန်းလည်း ဂရုမစိုက်ဘူးဆိုတဲ့ ခေါင်းဆောင်မျိုးကတော့ အာဏာရယူစဉ်ကာလတည်းက ပြည်သူအားနဲ့ ခေါင်းဆောင်လုပ်လာတာ မဟုတ်ဘူးဆိုတာ ပြန်မြင်လို့ရပါတယ်။ ဒါ ကျွန်တော်မြင်ကြည့်တဲ့ နာဂစ်မုန်တိုင်းနဲ့တူသော ခေါင်းဆောင်ပါ။ ဆရာဝန်ကြီးတို့ ကြိုက်မကြိုက်တော့ မသိဘူး''

''ဆရာစိုးရယ်၊ ခင်ဗျားရှုထောင့်က ခင်ဗျားအမြင်၊ ကျုပ်တို့လက်ခံပါတယ်။ နာဂစ်နဲ့တူသော ခေါင်းဆောင်ကောင်းပါဗျာ။ ရှေ့ဆက်ဖို့အလှည့်ကျတဲ့ ဗဟိုစာရင်းရုံး ဝန်ထမ်းဟောင်း၊ ဦးစောလွင် မြင်ကြည့်ပါဦး။ နားထောင်ရအောင်''

''ကျွန်တော်ကတော့ ခေါင်းဆောင်ဆိုသည်မှာကို ငွေကြေးချမ်းသာမှု တစ်ခုတည်းနဲ့ တိုင်းကြည့်ချင်တယ်။ ဥပမာ ခေါင်းဆောင်ကြီး ဦးဘ၊ သူ ဘယ်လောက်ချမ်းသာသလဲ၊ သူ့လစာနဲ့၊ သူ့ရဲ့ပိုင်ဆိုင်မှု ဘယ်လောက်ကွာခြားသလဲ။ မြင်ကြည့်လို့ရပါတယ်။ မြန်မာနိုင်ငံ မြို့ကြီး (၆) မြို့လောက်မှာ မြေပိုင်ဆိုင်မှု၊ တိုက်တာအဆောက်အအုံ ပိုင်ဆိုင်မှု ဘယ်လောက်ရှိသလဲ။ ဝင်ငွေထက် ပိုမိုနေတာတွေဟာ မသမာမှုတွေကြောင့်လို့ အကြမ်း



ဖွင့်ခွဲလို့ ရတယ်။ ဥပမာပေးခဲ့တဲ့ ဦးဘရဲ့ လာရာလမ်းကြောင်း၊ မျိုးရိုးက ဘယ်လောက်ချမ်းသာခဲ့သလဲ။ မိဘက အမွေဘယ်လောက်ပေးလို့ ဒီနေ့ ဦးဘ ချမ်းသာနေတာလဲ။ ဒီလိုမျိုး စဉ်းစားလို့ရသလို ဦးဘရဲ့ သားသမီးတွေ ဘယ်လောက်ချမ်းသာကြသလဲ။ ဝင်ငွေတွေ ဘယ်လမ်း၊ ဘယ်နည်းနဲ့ရကြသလဲ။ သူတို့အလုပ်ကို ပြန်ကြည့်''

''အရင်းအနှီး ဘယ်လိုရသလဲ၊ လုပ်ပိုင်ခွင့် ဘယ်လိုရနေသလဲ။ အရှိန်အဝါနဲ့ ဘယ်လောက်အကျိုးပြုနေလဲ။ မိဘကြောင့်၊ အဖိုးကြောင့် ဘာအလုပ်မှ ဟုတ်တိပတ်တိ ပြစရာမရှိပါဘဲ အရှင် မွေးရင်း နေ့ချင်းကြီးနေတဲ့ ဘဝပိုင်နေကြတဲ့ မိသားစုဝင်တွေနဲ့ တိုင်းပြည်ခေါင်းဆောင်ကြီးတွေရဲ့ သိက္ခာနဲ့ ရိက္ခာကို အရှက်မဲ့စွာနဲ့ လဲလှယ်လိုက်ခြင်းအပေါ် ပြည်သူတွေက မသိမဟုတ်၊ သိကြပါတယ်။ အဲဒီလို ခေါင်းဆောင်မျိုးတွေ အုပ်ချုပ်တဲ့ တိုင်းပြည်ရဲ့ တိုးတက်မှု၊ ချမ်းသာမှုကို မြင်ကြည့်လို့ ရပါတယ်။ ဒီလိုမြင်ကြည့်ရင်း ခေါင်းဆောင်ဆိုသည်မှာ ဘာတွေလိုအပ်သလဲဆိုတာ ခန့်မှန်းလို့ရမှာပါ''

''ကောင်းတယ်၊ ကိုစောလွင် ခင်ဗျားတိုင်းပြတဲ့ ခေါင်းဆောင်ဆိုသည်မှာဆိုတဲ့ ပေတံက သိပ်တိကျလွန်းသဗျာ။ မြန်မာနိုင်ငံအနေနဲ့ကြည့်ရင် ပိုပြီးမြင်သာထင်သာ ရှိလှပါတယ်။ ကျုပ်တို့နိုင်ငံမှာ **နှစ် (၂၀)** ကျော်လောက် နောက်ကိုပြန်ဆုတ်ကြည့်ရင် ယနေ့ခေါင်းဆောင်လုပ်ပြီး ချမ်းသာခဲ့တဲ့ လူတွေ၊ လက်ရှိခေါင်းဆောင်လုပ်နေပြီး **ချမ်းသာနေသူတွေ** တစ်ဦးချင်း မြင်ကြည့်လို့ ရပါတယ်''

''ဒါပေမဲ့ သူတို့ ဒီလောက်ချမ်းသာနေကြပါလျှင် **လောကသစ်တော်**နိုင်သလား ပြန်ကြည့်။ တစ်ရာတစ်ယောက် **လောကသစ်တော်နိုင်ကြသူ** ဒီလမ်းကရရင် ငါ ဟိုလမ်းကရအောင်ယူမယ်ဆိုတဲ့ **သူတွေကြောင့်**

www.burmeseclassic.com



တိုင်းပြည် ဘယ်ဘဝရောက်ပြီလဲ။ ခေါင်းဆောင်ကောင်းတွေ ယုတ်မာရက်စက်တဲ့ ခေါင်းဆောင်တွေကို ဒါရိုက်မကြည့်နဲ့ဦး၊ သူတို့ ဦးဆောင်ခြင်းခံရတဲ့ တိုင်းပြည်ရဲ့ဆင်းရဲခြင်း၊ ချမ်းသာခြင်း၊ ဒါကိုကြည့်ပြီး ခေါင်းဆောင်တွေရဲ့ ကောင်းခြင်း၊ မကောင်းခြင်းရဲ့ ခေါင်းဆောင်လက္ခဏာကို မြင်လို့ရကြမှာပါ''

ဆရာဝန်ကြီး ဆွေးနွေးအပြီးမှာ ဆက်လက်ဆွေးနွေးမဲ့ ပုဂ္ဂိုလ်က ဘော်လီအကြံလုပ်ငန်းရှင် ဦးဝင်းမောင်ဖြစ်တယ်။

''ဆရာကြီးရဲ့ ခေါင်းဆောင်ဆိုသည်မှာကို ကျွန်တော့် ဆွေးနွေးခွင့်ပြုပါခင်ဗျာ။ ကျွန်တော်တို့ အညာခရီးကို ခေါင်းဆောင်ကြီးလာခဲ့ဖူးပါတယ်။ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူတွေက အဆင့်ဆင့်ညွှန်ကြားလို့ ဌာနဆိုင်ရာတွေ၊ ပညာရေးဝန်ထမ်းတွေ၊ ကျောင်းသားကျောင်းသူတွေ မကြိုမနေရ အမိန့်ကြောင့် စိတ်လက်မအီမသာနဲ့ အလံလေးတွေကိုင်ပြီး ကြိုကြရတယ်။ ရပ်ကွက်ထဲက ပြည်သူတွေအသက်ဘယ်လောက်ကြီးကြီး ကိုယ့်ထက်ငယ်တဲ့ ခေါင်းဆောင်ကိုလက်အုပ်ချီပြီး ဂါရဝပြု ကြိုကြရတယ်။ ဒီလိုကြိုရခြင်းကို ရာခိုင်နှုန်းပြည့်ဘယ်သူကမှ မနှစ်မြို့ကြဘူး။ ဒါပေမဲ့ အမိန့်လေ။ အမိန့်ကြောက်ပြီးကြိုခဲ့ကြရတယ်''

အခုတလော ပြည်သူချစ်တဲ့ ခေါင်းဆောင်တစ်ယောက် တိုင်းနယ်ပြည်နယ်အနှံ့ ရောက်ရောက်လာတယ်။ ဘယ်တိုင်းဘယ်ပြည်နယ်ကမှလဲ ကြိုရမယ်လို့ အမိန့်မထုတ်ဘူး။ ဘယ်ဌာနဆိုင်ရာ၊ ဘယ်ပညာရေးဌာနကမှလည်း ကျောင်းသား၊ ကျောင်းသူတွေ ကြိုရမယ်လို့ မညွှန်ကြားဘူး။ အချိန်တန်တော့ ငယ်ရွယ်သူသာမက အိုကြီးအိုမတွေလည်း ခေါင်းဆောင်ကို ကြိုကြတယ်။ မြင်ရရင် သေပျော်ပါပြီလို့တောင် ပြောကြတယ်။



ဝမ်းသာလွန်းလို့ မျက်ရည်ကျတာ။ ပင်ပန်းလို့ပင်ပန်းမှန်း မသိအောင်ပျော်နေကြတယ်။ ကျွန်တော်တို့ အညာမှာ ဆုံခဲ့ရတဲ့ ခေါင်းဆောင်အကြောင်းကိုတင်ပြတာပါ။ ဆရာကြီးရဲ့ခေါင်းဆောင်ဆိုသည်မှာ ခေါင်းစဉ်နဲ့ အံကိုက်ပါ့မလားတော့ မသိပါဘူး''

''ကိုဝင်းမောင်ရေ ခင်ဗျားရဲ့ ခေါင်းဆောင်ဆိုသည်မှာကလည်း ခေတ်နဲ့ညီသဗျ၊ အေးဗျာ ခင်ဗျားတို့တိုင်းတဲ့ ပေတံကို ကြည့်ပြီး ကျုပ်တို့နိုင်ငံမှာ ရွေးတင်လို့ပဲဖြစ်ဖြစ်၊ မရွေးသော်လည်း ခေါင်းဆောင်ဖြစ်နေသူတွေပဲဖြစ်ဖြစ်၊ ကျုပ်တို့ဆွေးနွေးတဲ့ ပြည်သူ မြင်တဲ့အမြင်ထဲက ခေါင်းဆောင်ကို လေ့လာကြည့်ပြီး ပြင်ကြမယ်ဆိုရင် တိုင်းပြည် သိပ်တိုးတက်မှာပဲနော်ဗျာ''

''ဆရာဝန်ကြီး စေတနာကိုတော့ အားနာပါတယ်။ အရိုးစွဲနေတဲ့ အမူအကျင့်တွေနဲ့ ခေါင်းဆောင်ဆိုးတွေကတော့ သူတို့ကိုယ်သူတို့ ဟုတ်လှပြီထင်ပြီး မပြင်ရေးချ မပြင်ပါပဲ ဆရာကြီးရယ်''

*ပြည်သူ့ဆန္ဒကွာနယ်*
*(၂၀-၂-၂၀၁၄) နေ့ထုတ်*

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



## သမ္မတကြီး၏
## ဆင်းရဲမှုလျှော့ချရေးစီမံကိန်းထဲမှသမဝါယမ

ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် ငွေစုငွေချေး သမဝါယမ အသင်းများဖွဲ့စည်းပြီး ဆောင်ရွက်တော့မည်ဟုသိရသည်။ နိုင်ငံတော် သမ္မတကြီးကိုယ်တိုင်က ငွေစုငွေချေးသမဝါယမများကို အားတက်သရော စိတ်ပါဝင်စားစွာ ဦးဆောင်ပါဝင်ဆောင်ရွက်နေသည်ကိုတွေ့ရတော့ သမ္မတကြီးအတွက် စိတ်မကောင်းဖြစ်မိသည်။ သမ္မတကြီး၏ ရိုးသားမှုနှင့် စေတနာကို လေးစားတော့ပို၍ ကရုဏာသက်မိပါသည်။ မှန်မြတ်သော စေတနာတွေ အလဟသဖြစ်သွားမှာကို စိုးရိမ်သည်။

သမဝါယမဝန်ကြီး ဦးကျော်ဆန်းက နယ်တွေမှာ သမဝါယမ အသင်းများ၊ ငွေထုတ်ချေးခြင်း၊ လယ်ယာစက်မှုကိရိယာများ၊ အပ်ချုပ်စက် များ အကြွေးရောင်းချခြင်းများပြုလုပ်နေသည်။ အရောင်းပြခန်းများဖွင့်၍ လယ်ယာသုံးစက်ပစ္စည်းကိရိယာများ၊ လယ်ထွန်စက်၊ စပါးရိတ်စက်၊ စပါးခြွေစက်များ ပြသထားသည်။ ဒီလိုအဖြစ်မျိုးတွေက ရိုးတော့ရိုးနေပါပြီ။ အစိုးရအရောင်းပြခန်းများဖွင့်ပြီး ဟန်တပြပြ၊ ခမ်းခမ်းနားနားရောင်းချမှုများ ရှေးယခင်က အကြိမ်ကြိမ်ပြုခဲ့ဖူးသည်။ တစ်ခဏ အခိုက်အတန့်သာဖြစ် သည်။ ကြာတော့ အရောင်းပြခန်းသာ ကျန်ရစ်ခဲ့သည်ချည်းဖြစ်သည်။



သမဝါယမစနစ်သည် မြန်မာနိုင်ငံသမိုင်းတွင် အောင်မြင်မှု မရခဲ့သော စနစ်တစ်ခုဖြစ်ကြောင်းတွေ့ရသည်။ သမိုင်းနှင့်ချီ၍ ပြောလာ သောကြောင့် သမိုင်းနှင့်ချီ၍ ရှင်းရန် တာဝန်ရှိပေမည်။ ဤသို့ဆိုလျှင် မြန်မာနိုင်ငံကို သမဝါယမစနစ် စတင် ရောက်ရှိလာပုံကို ဦးစွာတင်ပြပါမည်။

၁၈၇၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၌ လယ်သမားများ၏ စားဝတ် နေရေးခက်ခဲမှုကိုအစပြုကာ သမဝါယမလှုပ်ရှားမှုများ အဆင့်ဆင့် ပေါ် ပေါက်လာခဲ့သည်။ ၁၈၉၂ ခုနှစ်တွင် မဒရပ်ပြည်နယ်အစိုးရက 'အက်(ဖ်) နီကိုဆန်'ဆိုသူအား လယ်သမားများအကျိုးရှိမည့် စီမံကိန်းတစ်ရပ် ရေးဆွဲတင်ပြရန် တာဝန်ပေးသည်။ ၁၈၉၉ ခုနှစ် တွင် အစိုးရထံ အစီရင်ခံ စာတင်ပြသည်။

၁၉၀၀ ပြည့်နှစ်တွင် အင်္ဂလိပ်လူမျိုး 'အိမ်(ချ)ဒူပါနက်စ်'ဆို သူသည် 'လူထုဒဏ်'အမည်ဖြင့် စာအုပ်ထုတ်ခဲ့သည်။ အထက် ဖော်ပြပါ အစီရင်ခံစာနှင့် 'လူထုဒဏ်' စာအုပ်ပါအချက်များကို 'ဆင်းမလားမြို့'၌ အသေးစိတ်စိစစ်လေ့လာကြပြီး ၁၉၀၄ ခုနှစ်၊ သမဝါယမအသင်းများ ဥပဒေကို ထုတ်ပြန်၍ သမဝါယမလုပ်ငန်းကို စတင်ခဲ့သည်။

ထိုစဉ်က မြန်မာနိုင်ငံသည် 'ဘုံဘေ၊ မဒရပ်၊ ပန်ဂျပ်'စသည့် ပြည်နယ်များကဲ့သို့ပင်၊ အိန္ဒိယအင်ပိုင်ယာ၏ ပြည်နယ်တစ်ခုဖြစ် နေသဖြင့် '၁၉၀၄ ခုနှစ် သမဝါယမအသင်းများဥပဒေ'သည် မြန်မာနိုင်ငံအဖို့လည်း အကျိုးသက်ရောက်ခဲ့သည်။ ထိုစဉ်က မြန်မာပြည်အစိုးရသည် ၁၉၀၇ ခုနှစ် ဒီဇင်ဘာလတွင် 'မီးဒင်းဟောလ်'ဆိုသူအား သမဝါယမဘဏ်ကြီးများ ကို စတင်ဖွင့်လှစ်စေခဲ့သည်။

၁၉၅၀ ခုနှစ်တွင် ငွေစုငွေချေးသမဝါယမအသင်း ၉သင်းတို့ အသင်းသား ၅၆၈ ဦးဖြင့် ဖွဲ့စည်းစေခဲ့ပြီး ၁၉၁၀ ခုနှစ်သို့ ရောက်သောအခါ

www.burmeseclassic.com

www.burmeseclassic.com



အသင်းပေါင်း ၂၅၂ သင်းနှင့် အသင်းသား ၆၁၁၆ ဦးထိ တိုးတက်လာခဲ့သည်။ ၁၉၁၅ ခုနှစ်မှ ၁၉၂၅ ခုနှစ်ထိ မြန်မာနိုင်ငံလုံးဆိုင်ရာ သမဝါယမဘဏ် ၁ ခု၊ ခရိုင်သမဝါယမ ဗဟိုဘဏ် ၃ ခု၊ မြို့ပေါ်ငွေစုငွေချေးအသင်း ၄၆ သင်း၊ အသင်းစု (ယူနီယံ)များ၊ ၁၈၉ သင်းထိ တိုးတက်ခဲ့သည်။ တစ်ဖန်ကျေးလက် အသင်းပေါင်း ၄၀၅၇ သင်း၊ အသင်းသားဦးရေ ၉၂၀၀၅ ဦးနှင့် အစုဝင်ငွေပေါင်း ၃၅ သိန်းကျော် တိုးတက်လာခဲ့သည်။

ကမ္ဘာစစ်ကြီးဖြစ်ပြီးနောက်ပိုင်းတွင် စီးပွားရေးကပ်ဆိုက်မှုဒဏ်ကိုခံရစဉ် အကြောင်းအမျိုးမျိုးဖြင့် ချေးယူငွေများကို မှန်မှန်ပြန် မဆပ်နိုင်ဘဲ 'ဆပ်၊ ထုတ်' လုပ်၍ စာရင်းပြောင်းဆပ်နည်းကို သုံးကြခြင်းတို့ကြောင့် ပျက်စီးယိုယွင်းသွားခဲ့လေသည်။

၁၉၄၆ ခုနှစ်သို့ ရောက်သောအခါ ဗြိတိသျှတို့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာပြီး အစိုးရရိက္ခာဖြန့်ဖြူးရေးဌာနကို ဖွင့်လှစ်ခဲ့သည်။ သို့သော်လည်း မအောင်မြင်ခဲ့ပေ။ ၁၉၄၇ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းက ဦးဆောင်လျက် 'ဆိုရှယ်လစ်ဗီလာစီမံကိန်း' ခေါ် စီးပွားရေး ၂ နှစ်စီမံကိန်း ချမှတ်ပြီး ရပ်ကွက်တိုင်း၊ ကျေးရွာတိုင်း၌ စုပေါင်းဝယ်ယူဝေငှ သုံးစွဲရေး သမဝါယမအသင်းများ ဖွဲ့စည်းစေခဲ့သည်။

၁၉၄၈ ခုနှစ် မြန်မာနိုင်ငံလွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ်သို့ရောက်ရှိခဲ့ပြီး သောင်းကျန်းသူ၊ ရောင်စုံသူပုန်တို့၏ ရန်ကြောင့် သမဝါယမလုပ်ငန်းများ အောင်မြင်မှုမရခဲ့ ပေ။ ၁၉၅၁ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ဖ-ဆ-ပ-လ အစိုးရသည် 'ပြည်လုံးကျွတ်သမဝါယမညီလာခံကြီး' ကို ပထမ ဆုံးအကြိမ်ကျင်းပလျက် 'သမဝါယမ ငါးနှစ်စီမံကိန်း' ကို ချမှတ်အတည်ပြုခဲ့သည်။ သမဝါယမနှင့် ကုန်စည်ဖြန့်ဖြူးရေးဝန်ကြီးဌာနကိုလည်း သီးခြားဖွဲ့စည်း၍ စီမံကိန်းအကောင်အထည်



ဖော်ခဲ့သည်။

အသင်းအမျိုးအစားပေါင်းစုံ ၁၄၄၀၇ ထိ တိုးတက်ခဲ့သည်။ သို့သော် ၃၆ % ခန့်သာ အမှန်တကယ်လုပ်သောအသင်းများဖြစ်ပြီး၊ ကျန်အသင်းများမှာ အမည်ခံအသင်းများသာ ဖြစ်ခဲ့သည်။ ထိုစဉ်က တည်ဆဲသမဝါယမ ဥပဒေကလည်း လျော့ရဲစွာရှိခဲ့သည်။

၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့ တော်လှန်ရေးအစိုးရတက်လာသည်။ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ကြေညာပြီးတစ်နိုင်ငံလုံးရှိ သမဝါယမများကို စိစစ်လျက် ဖျက်သိမ်းသင့်သည်များကို ဖျက်သိမ်းခဲ့သည်။ ၁၉၇၀ ပြည့်နှစ် ဧပြီလ နောက်ဆုံးပတ်တွင် ကျင်းပသော ဗဟိုပြည်သူ့အလုပ်သမားကောင်စီ၏ ပဋ္ဌမအကြိမ်မြောက်နှစ် ပတ်လည် အစည်းအဝေးကြီးတွင် ပြည်သူပိုင်စီးပွားရေးလုပ်ငန်းကို အထောက်အကူအားဖြည့်ရန် သမဝါယမစီးပွားရေးလုပ်ငန်းကို တက်တက်ကြွကြွပါဝင်ဆောင်ရွက်ကြရန်၊ မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီ ဥက္ကဋ္ဌဗိုလ်ချုပ်ကြီးနေဝင်းက လမ်းညွှန်ခဲ့သည်။

အခြေခံသမဝါယမအသင်းပေါင်း ၂၄၃၀၄ သင်း၊ မြို့နယ်သမဝါယမအသင်း ၃၁၁ သင်းနှင့် ဗဟိုသမဝါယမအသင်းတစ်သင်းဖွဲ့စည်းရန် [illegible]ထားခဲ့သည်။ ပစ္စည်းများဝေငှရာတွင် မလောက်ငသောခွဲတမ်းစနစ်ကြောင့် ရပ်ကွက်၊ ကျေးရွာများတွင် ရေနံဆီတစ်ပုလင်း၊ ပုဆိုးတစ်ထည်၊ ဆပ်ပြာတစ်ပိုင်းကြောင့် အိမ်နီးချင်းများ မိတ်ပျက်ကုန်ကြသည်။ ဆန်ရှားပါးမှု၊ ဆီရှားပါးမှုကြောင့် သမဝါယမ ကုန်ဝယ်စာအုပ်သည်ပင် 'ဆီစာအုပ်' အမည်သို့ ပြောင်းလဲခဲ့သည်။

အသင်းအမှုဆောင်အများစုသည် သမဝါယမဥပဒေကြောင့် ဖမ်းဆီးအရေးယူခံခဲ့ကြရသည်။ ထိုခေတ်ထိုအခါက တရားရုံးများတွင်

www.burmeseclassic.com



အမှုအများဆုံးမှာ သမဝါယမအမှုများပင် ဖြစ်ခဲ့သည်။ သမဝါယမအသင်းများလည်း နာမည်ပျက်ခဲ့ပြီး ပြည်သူများယုံကြည်မှု အားနည်းကုန်တော့သည်။ အသင်းဆိုင်များ မီလောင်မှုများ ကြောင့် သမဝါယမအသင်းဆိုင်နှင့်နီးသော အိမ်များမိသားစု ပြောင်းရွှေ့ထွက်ပြေးသည်အထိ ဖြစ်ကုန်သည်။

၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံကာလမှစ၍ သမဝါယမစနစ်မှာလည်း မှေးမှိန်နေဝင်ခဲ့သည်။ မြန်မာနိုင်ငံသို့ သမဝါယမစနစ်ကြီး စီးဆင်းဝင်ရောက်လာခဲ့သည်မှာ နှစ်ပေါင်း ၁၀၀ ခန့်ပင်ရှိချေပြီ။ ဘယ်ခေတ်ဘယ်အခါကမှ အောင်မြင်မှုမရခဲ့။ အချိန်တန်တော့ မှေးမှိန်ပျောက်ကွယ်ခဲ့ကြပေသည်။

သမ္မတကြီးကိုယ်တိုင် ငွေစုငွေချေးသမဝါယမများကို ဦးဆောင်ဦးရွက်ပြု၍ လမ်းညွှန်လုပ်ကိုင်နေသည်ကို မြင်ရတော့ သမ္မတကြီးကို သနားသည်။ ရိုးသားသောစေတနာကို လေးစားသည်။ တစ်ချိန်တစ်ခါက ဗိုလ်ချုပ်ကြီးနေဝင်းသည် ပြည်သူတစ်ရပ်လုံး၏ စားဝတ်နေရေး ပြေလည်ချောင်ချိရန်အတွက် စားသုံးသူ၊ ကုန်ထုတ်သူ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများနှင့် လုပ်သားပြည်သူတစ်ရပ်လုံး အကျိုးဝင်သက်ဆိုင်သော ဤသမဝါယမ လုပ်ငန်းကြီးကို အင်တိုက်အားတိုက် ဦးစီးဦးဆောင်လုပ်ခဲ့ဖူးသည်။ ထိုအချိန်က ဗိုလ်ချုပ်ကြီးနေဝင်းသည်လည်း ယနေ့သမ္မတကြီးကဲ့သို့ပင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အောင်မြင်မှုမရရှာခဲ့ပေ။ စနစ်သည် မည်သို့ပင်ကောင်းစေကာမူ လူမကောင်းတော့ အောင်မြင်မှုနှင့် အလှမ်းဝေးခဲ့ရသည်။

ဒီကနေ့မြန်မာနိုင်ငံသည် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံစာရင်းဝင် ဖြစ်ခဲ့ပြီး အဂတိလိုက်စားမှုတွင်လည်း ထိပ်တန်းရောက်နိုင်ငံတစ်နိုင်ငံ ဖြစ်နေဆဲဖြစ်သည်။ ငွေထုတ်ချေးရာတွင် တိကျသောစနစ်ကြီးကြပ်မှုများ မည်သို့



တင်းကျပ်စေကာမူ အဂတိလိုက်စားမှုမပြေလျော့သမျှ ကာလပတ်လုံး သမဝါယမငွေချေးမှုသည် ရင်လေးဖွယ်ရာ စွန့်စားမှုကြီး ဖြစ်ပေတော့မည်။

အလွန်စေတနာကောင်းသော သမ္မတကြီးနှင့်အစိုးရအဖွဲ့သည် ကမ္ဘာနှင့် ရင်ဆောင်တန်းနိုင်စေရန် တယ်လီဖုန်းကို သိန်းနှင့်ချီ၍ လစဉ် ၁၅၀၀ိ/– နှုန်းဖြင့် ရောင်းချပေးခဲ့ပါသည်။ ပြင်ပတွင် ငါးသောင်းနှင့်ကောက်၍ အမြတ်တင်ရောင်းနေကြသည်။ သမ္မတကြီးနှင့် အစိုးရအဖွဲ့သည် ‘သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအစိုးရ ဖြစ်မြောက်ရေးအတွက် ရှေ့သို့ချီတက်ရာတွင် နောက်ပိုင်းသမိုင်းကြောင်းမှ အရုပ်တော်ပုံများကိုလည်း ရင်ဆိုင်ဖြေရှင်းနေရသည်’

ယခုသမ္မတကြီးက ငွေစုငွေချေးသမဝါယမစီမံကိန်းကြီးကို အကောင်အထည်ဖော်ရန် သမဝါယမအသင်းများတည်ထောင်တော့မည်ဆိုတော့ ပုဂ္ဂိုလ်တစ်ယောက်ကို သတိရလိုက်သည်။ သူကား ပြန်ကြားရေးဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အမှတ်(၁)၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာနခြောက်ခု၏ အကျင့်ပျက် လာဘ်စားမှုကို ဖော်ထုတ်ခဲ့သော ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ယခင်ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဗိုလ်ချုပ်ကြီးလွှန်းမောင် (ငြိမ်း) ဖြစ်သည်။

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် နှောင့်နှေးနေရခြင်းသည် အကျင့်ပျက်လာဘ်စားမှုများကြောင့်ဖြစ်သည်။ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဦးဆောင်သော လာဘ်ပေး လာဘ်ယူမှု အရေးယူဆောင်ရွက် ရေးကော်မတီ ဖွဲ့စည်းပြီး အဂတိလိုက်စားမှုလျှော့ချရေးကို ဆောင်ရွက်နေဆဲဖြစ်သည်။ ဤသည်ကား မြန်မာနိုင်ငံ၏ ပကတိအခြေအနေပင်ဖြစ်သည်။

www.burmeseclassic.com



နိဂုံးချုပ်ပါမည်။ မြန်မာနိုင်ငံသို့ သမဝါယမစတင်ရောက်ရှိ စဉ်မှ ယနေ့အချိန်ထိ အခြေအနေအရပ်ရပ်နှင့် ပကတိအခြေအနေ အကျင့်ပျက် အဂတိလိုက်စားမှုများကို အကျဉ်းမျှတင်ပြပြီးဖြစ်သည်။ သမ္မတကြီး၏ မွန်မြတ်သောစေတနာကိုလည်း သိရပါပြီ။ သို့သော် ဆင်းရဲမှုလျှော့ချရေးအတွက် ငွေစုငွေချေးသမဝါယမများဖွဲ့စည်းသည့် ကိစ္စကိုတော့ အရေးတယူထည့်သွင်းစဉ်းစားသွားစေချင်ပါသည်။

*RIGHT TIME* ဂျာနယ်
(၂၄-၈-၂၀၁၃) နေ့ထုတ်

◆ ◆ ◆



## အမတ်မင်းတွေ
## အားရပါးရအိပ်ပျော်နေရာကနိုးမှပဲ

"အခု ကျုပ်ပြောမယ့်စကားက ဦးသိန်းစိန်သမ္မတဖြစ်ခါစ ၂၀၁၁ ခုနှစ် မတ်လမှာပြောတဲ့ သမ္မတကြီးရဲ့ ပထမဆုံးမိန့်ခွန်းကို ကျုပ်မှတ်မိသလောက်ခင်ဗျားတို့ကိုပြန်ပြောမယ်။ 'မိဘပြည်သူများခင်ဗျား' ဆိုတဲ့ သူ့နှုတ်ခွန်းဆက်စကားကို ကြားလိုက်ရကတည်းက ကျုပ်သူ့ကို ကြည်ညိုလေးစားသွားတယ်ဗျ"

"ခင်ဗျားတို့စဉ်းစားကြည့်။ 'မနှစ်မြို့တဲ့ ဆေးခါးကြီးကြိတ်မှိတ် မျိုချသောက်နေရသလို' 'တပ်မတော်သာအမိ တပ်မတော်သာအဖ' ဆိုတဲ့စကားနဲ့ အရိုးထိအောင်စွဲနေတဲ့ အခေါ်အဝေါ်၊ အပြောအဆို နားကလောသံတွေကိုဖယ်ပြီး ပြည်သူကို မိဘလိုသဘောထား နှုတ်ဆက် စကားကို ကျုပ်သိပ်ကျေနပ်သွားပါတယ်။ သူ့မိန့်ခွန်းထဲမှာ အခြေခံ ပြည်သူတစ်ရပ်လုံးနဲ့ဆိုင်တဲ့ ကတိကဝတ်တွေ အများကြီးပါသဗျ"

"ပြောပြဦးမယ်။ ကျုပ်မှတ်မိသလောက် နားလည်ထားသလို ပြန်ပြောပြမယ်။ (၁) ပြည်သူများရဲ့ အနာဂတ်လူမှုစီးပွားဘဝမြင့် တိုးတက်စေရန် အရှိန်မြှင့်ဆောင်ရွက်ရန် (၂) မြို့ပြကျေးလက် လူနေမှုအဆင့်

www.burmeseclassic.com



ကွာဟမှုများလျှော့ချရန် (၃) ဆင်းရဲချမ်းသာကွာဟမှုလျှော့ချရန် (၄) တောင်သူလယ်သမား အလုပ်သမားများရဲ့ လူမှုစီးပွား ဘဝများဖွံ့ဖြိုး တိုးတက်အောင် အားပေးဆောင်ရွက်ရန် (၅) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးရေးလုပ်ဆောင်သွားရန် (၆) အလုပ်သမားများ၏ အနိမ့်ဆုံးလစာသတ်မှတ်ချက်ကို လက်ရှိဖြစ်ပေါ်နေသော လူနေမှုစရိတ်နှင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ရန်။ ဒါ ကျုပ်မှတ်မိသလောက် အချက် (၆) ချက်ဆိုပါတော့"

ကျိုက္ကဆံအားကစားကွင်းအတွင်း နံနက်တိုင်းလမ်းလျှောက်ဖော်များအဖွဲ့မှ ဒုတိယအသက်ကြီးဆုံး (၈၃) နှစ်အရွယ်ရှိ အငြိမ်းစားဆေးရုံအုပ်ကြီး ဒေါက်တာဦးထွန်းလင်း တောင်မြင်းပြိုင်ကွင်းလမ်းတွင်နေထိုင်သူ၏စကားဖြစ်သည်။

ဆက်လက်ဆွေးနွေးသူက အဖွဲ့တွင် အသက်ကြီးဆုံး။ ဗဟိုစာရင်းရုံးမှ အမြင့်ဆုံးရာထူးဖြင့် အငြိမ်းစားယူခဲ့သူ အသက် (၈၄)နှစ်ရှိပြီဖြစ်သော အဘဦးသန်းလှဆိုသူဖြစ်သည်။

"အဘဆရာဝန်ကြီးပြောမှ ကျွန်တော်လည်း ပြန်သတိရ တယ်။ သြော် အချိန်က (၃)နှစ်တောင် ပြည့်တော့မယ်နော်။ ဘာလိုလိုနဲ့ အချိန်တွေ အကုန်မြန်လိုက်တာ။ သမ္မတကြီးရဲ့မိန့်ခွန်းကို နားထောင်ပြီးပြီးခြင်းတို့နိုင်ငံဆင်းရဲတွင်းကလွတ်ပြီ။ ဒီမိုကရေစီ ရောင်နီပေါ်လာပြီလို့ ကျွန်တော်ပြောခဲ့တာမှတ်မိနေသေးတယ်။ သြော် အဘတို့ရယ်။ သမ္မတကြီးရဲ့မိန့်ခွန်းက အခုအချိန်မှာ တကယ်ဖြစ်လာရဲ့လားလို့ မေးရင် လေထဲမှာ လေထဲမှာ။ လေထိုးလေလျှော်သလိုများ ဖြစ်နေမလားပဲ။ ကဲ စာရေးဆရာဆက်ဗျာ"

"စာရေးဆရာဆိုတာလည်း သာမန်ပါပဲဗျာ။ အဘဆရာဝန်ကြီး ဆွေးနွေးရင် ပိုပြည့်စုံမှာပါ။ သမ္မတကြီးရဲ့ ပထမဆုံးမိန့်ခွန်းပါအချက်



(၆)ချက် ဘယ်အချက်တွေ တိုးတက်လာပြီလဲ၊ ဒါကိုလေ့လာ ပြည်သူတို့ရဲ့ဘဝ ဘယ်လောက်တိုးတက်လာသလဲကို ဆွေးနွေးကြည့်ရအောင်။ တည့်တည့်ပြောရရင် ကျေးလက်နေပြည်သူများရဲ့ ဘဝပိုပြီးဆိုးလာတယ်လို့ ကျွန်တော်ထင်တယ်။ သမ္မတကြီးအပြောနဲ့ ပေးခဲ့တဲ့ကတိကဝတ်နဲ့ လုံးဝဆန့်ကျင်နေတာမြင်တွေ့ရတယ်။ ကုန်ဈေးနှုန်းတွေမြင့်တက်လာတယ်။ အခြေခံကုန်ဈေးနှုန်း မြင့်တက်လာတယ်။ ၂၀၁၄ ဘဏ္ဍာနှစ်ရောက်မှ လျှပ်စစ်မီတာခတက်မယ်လို့ လွှတ်တော်ကဆုံးဖြတ်လိုက်ပေမယ့် တက်ပြီးတဲ့နှုန်းကြီးသုပ်တစ်ပွဲ ၁၂၀၀ ကနေ ပြန်မဆင်းတော့ဘူး၊ တက်လက်စနဲ့ ဒီဈေးအတည်ဖြစ်သွားတယ်။ ထပ်တူထပ်မျှပါပဲ။ ဆန်ဈေး၊ ဆီးဈေး၊ သားငါးဈေး မတက်မရှိ အားလုံးတက်ကြလေသတည်းပါပဲ။ ထပ်တူထပ်မျှ သယ်ယူ ပို့ဆောင်စရိတ် မြင့်တက်လာတယ်။ ဆင်းရဲသားတွေ အောက်ခြေအဆင့်လူတန်းစားတစ်ရပ်လုံး ပိုမိုကျပ်တည်းလာတယ်"

"ကုန်ဈေးနှုန်းတွေတက်လာတာနဲ့အမျှ အလုပ်ရုံ၊ စက်ရုံလစာနည်း အလုပ်သမားတွေမလောက်မငှဖြစ်လို့ စက်ရုံအပြင်ထွက်ပြီး လစာတိုးမြှင့်ပေးဖို့ဆန္ဒပြပွဲတွေဖြစ်လာတယ်။ ဝန်ထမ်းတွေအလုပ်ပျက်တယ်။ စနစ်တကျ ဆန္ဒမပြနိုင်လို့ စောင့်နေတဲ့ပုဒ်မ (၁၈)နဲ့တွေ့ပြီး အဖမ်းခံကြရတယ်။ စက်ရုံအလုပ်ရုံတွေလည်း ကုန်ထုတ်လုပ်ရေးကျဆင်းကုန်တယ်။ လျော့ကျသလား၊ ဒုက္ခတွင်းထဲဆင်းသွားသလား၊ မြင်ကြည့်နိုင်ပါတယ်"

ဆက်လက်ဆွေးနွေးသူက အဘဦးသန်းလှဖြစ်သည်။ "အလုပ်သမားများရဲ့ အနိမ့်ဆုံးလစာသတ်မှတ်ချက်၊ လူနေမှုစရိတ်နဲ့ လိုက်လျောညီထွေဖြစ်သော အနိမ့်ဆုံးလုပ်ခလစာ အော်နေတာကြာပြီ။ ၃ နှစ်ပြည့်တော့မယ်။ လာမယ် ကြာမယ်။ အလုပ်သမားတွေခမျာ ခေါင်းချင်းဆိုင်အကြောင်းကြောင်းနဲ့ ပုဒ်မ ပုဒ်ထီးတွေနဲ့ မိပြီး ထောင်ကျခံရတာ မြင်တွေ့ရ

www.burmeseclassic.com



တော့ ရင်နာမိတယ်ဗျာ''

''ပြီးတော့ တောင်သူလယ်သမားများရဲ့ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် အားပေးဆောင်ရွက်ရန်အချက်ကိုလည်း ကျုပ်ဆွေးနွေးပါရစေဦး။ လက်သမားတွေ ယာသမားတွေ လယ်ယာလုပ်နေတယ်။ သူတို့ရဲ့ လယ်ယာတွေကို ကုမ္ပဏီကြီးတွေအတွက် ဧကထောင်ကျော်၊ သောင်းကျော်သိမ်းလိုက်တယ်။ အချို့လယ်သမားတွေကို သီးစားခပြန်ချတယ်။ ကိုယ့်လယ်ကိုယ်ပြန်ငှားလုပ်ရတဲ့ ဘဝရောက်ကုန်တယ်။ တချို့လည်းပြန်ပြီး ငှားရမ်းလုပ်ပိုင်ခွင့်တောင် မရရှာကြတော့ဘူး။ အလုပ်လက်မဲ့ဖြစ်ကုန်ကြတယ်''

''ပြီးတော့ လူနေအိမ်ခြေတွေသိမ်းလို့ ရန်ကုန်တစ်မြို့လုံးမှာ ဆန္ဒပြပွဲတွေဖြစ်နေကြတယ်။ နယ်တွေမှာလည်း လယ်ယာမြေကိစ္စပြပွဲတွေ ဖြစ်နေတယ်။ အဖမ်းခံရသူတွေ ထောင်ကျတဲ့သူတွေအများကြီး မြင်တွေ့နေရတယ်။ လယ်ယာမြေနေအိမ်ခြေတွေကိစ္စကို ပြည်နယ်တိုင်း အစိုးရအဖွဲ့က ဖြေရှင်းပေးမှာလား၊ ဗဟိုအစိုးရ အဖွဲ့က ဖြေရှင်းပေးမှာလား။ ၃ နှစ်သာ ပြည့်တော့မယ် မယ်မယ်ရရ အဖြေမထွက်ဘူး။ သမ္မတကြီးရဲ့မိန့်ခွန်းကို ပြန်ကြားခွင့်ရတော့ စိတ်မကောင်းဖြစ်ရတယ်''

''ခုတော့ လယ်ရှင် ယာရှင်တွေခမျာ နင်းပြားဘဝရောက်ကုန်ကြပြီ။ ပုဂ္ဂိုလ်ရေးကုမ္ပဏီ၊ အဖွဲ့အစည်းသိမ်းဆည်းမှု၊ လူကြီးတွေအတွက်၊ သိမ်းဆည်းမှု၊ တပ်ပိုင်မြေအဖြစ် သိမ်းဆည်းမှု သမ္မတကြီးကို မေးကြည့်ချင်တယ်။ ဒါတွေ ဘယ်တော့ ဖြေရှင်းပေးမှာလဲလို့။ နောက်ဆုံး တောင်သူလယ်သမားတွေရဲ့ လူမှုစီးပွားဘဝတိုးတက်အောင် လုပ်ပေးနိုင်သလား၊ နစ်မွန်းအောင်ဖြစ်ကုန်ကြပြီးလား။ ပြောခွင့်ရရင် သမ္မတကြီးကို ပြောပြချင်တယ်ဗျာ''



''ဒီမှာစာရေးဆရာ လူတစ်စုအတွက် အဖွဲ့အစည်းတစ်ခုအတွက် ဖိနှိပ်ခံလူတန်းစားတွေ ငတ်မွတ်ခေါင်းပါးကုန်တာ သိသိကြီးနဲ့ မကယ်တင်နိုင်တာ ဆိုးသဗျာ။ သမ္မတကြီးစိတ်သဘောထား အမှန်က အကောင်းကြီးပါ။ သူ့မိန့်ခွန်းတွေ အရင်အစိုးရလက်ထက်က ခေါင်းဆောင်ကြီးတွေ မိန့်ခွန်းပြောသလို 'ပါတာဖတ်' ဘဝမျိုးဆိုရင်တော့ အင်းကယ်မယ့် သူဆေးဝေါ့ဘဝမှာပဲ ရေစုန် ရေဆန်မျောနေကြပေတော့''

စာရေးဆရာ၏စကားကို ဆက်လက်ဆွေးနွေးသူက ဆရာဝန်ကြီးပင်ဖြစ်သည်။ ''ကျုပ်တစ်ခုပြောမယ်။ သမ္မတဖြစ်ခွင့်ရတဲ့ အရည်အချင်းကို ခင်ဗျားတို့သိကြလား။ စစ်ရေးအမြင်ရှိရမယ်၊ အုပ်ချုပ်ရေးအမြင်၊ စီးပွားရေးအမြင်၊ အဲဒီပေတံနဲ့တိုင်းကြည့်။ စစ်ရေးအမြင်ကတော့ ပြောစရာမလိုပါဘူး။ အုပ်ချုပ်ရေးအမြင် ဘာပြောင်းလဲအောင် လုပ်ပေးနိုင်သလဲ။ အကျင့်ပျက်ခြစားမှုဇယားမှာ နိုင်ငံ ၁၇၇ နိုင်ငံ မှာ ၁၄၂ အဆင့်မှာရှိနေဆဲမို့ အစိုးရရဲ့ အကျင့်ပျက်ခြစားမှု တိုက်ဖြတ်ရေးမူဝါဒမှာ မအောင်မြင်သေးတာ တွေ့ရမယ်။ ဝင်ငွေနဲ့ကြည့်ရင် အရှေ့တောင်အာရှမှာ အာဖဂန်နစ္စတန်နိုင်ငံပြီးရင် အဆင်းရဲဆုံးနိုင်ငံဖြစ်နေဆဲပါပဲဗျာ''

''စီးပွားရေးအမြင်ပြောကြည့်ပါဦးမယ်။ သယံဇာတပေါကြွယ်ဝတဲ့ ရွှေနိုင်ငံလို့ ကမ္ဘာမှာခေါ်ကြပေမယ့် တိုင်းပြည်က ဆင်းရဲတွင်းတွင်း နက်ထဲမှာကျရောက်နေဆဲဗျာ။ တိုင်းပြည်က ဆင်းရဲတယ် ဆင်းရဲတယ်ပြောနေကြပေမယ့် နိုင်ငံရပ်ခြားဘဏ်မှာ အမေရိကန်ဒေါ်လာ ၁၁ ဘီလျံ အပ်နှံထားတယ်ဆိုတဲ့ သတင်းတစ်ပုဒ် ထွက်ပေါ်နေတယ်။ အဲဒီ ၁၁ ဘီလျံပိုင်ရှင်ဟာ ဘယ်သူ၊ ဘယ်အာဏာရှင်လဲ၊ ဘယ်ခရိုနီလဲ။ ဒါကိုလည်း တိုင်းပြည်ကို အမြင်ရှင်းအောင် သမ္မတကြီးက လုပ်ပေးနိုင်ခဲ့လား။ မလုပ်ပေးနိုင်ဘူးလား သိလျက်နဲ့ပြောဖို့ခက်နေတာလား။ သမ္မတကြီးရဲ့မိန့်ခွန်းကို ဘာအရေးထား

www.burmeseclassic.com

www.burmeseclassic.com



တစ်ပုဒ်လို့ ပြောသံကြားလိုက်ရတယ်။ အပြောကောင်းသော၊ နားထောင်ကောင်းသော၊ လက်တွေ့အကောင်အထည်မဖော်နိုင်သော၊ အပြောနဲ့လက်တွေ့ ကွာဟနေတာကိုတော့ စိတ်မကောင်းစရာဖြစ်နေတယ်ဗျာ”

“သမ္မတကြီးရဲ့မိန့်ခွန်းကြားခါစက ကျုပ်ခွန်အားတွေလည်း ခုတော့ မှုန်ပျပျဘဝနဲ့ မှေးမှိန်သွားပါပြီဗျာ။ အားလုံးခြုံကြည့်လိုက်ရင် သမ္မတကြီးကိုလည်း သနားတယ်။ ပြည်သူတွေကိုလည်း သနားတယ်။ ကယ်မဲ့သူ ဝေးပေါ့ဆိုပြီး အော်လို့သာငိုလိုက်ချင်တယ်ဗျာ။ သမ္မတကြီးရဲ့ မိန့်ခွန်းနဲ့ အကောင်အထည်ဖော်နိုင်မှုကတော့ ပြောမဆုံးအောင် ဖြစ်နေပါပြီဗျာ။ အချိန်လည်းလင့်ပါပြီ။ အဆုံးသတ်လေး အနားသတ်ပါဦး”

“ဟုတ်ပါပြီ။ ကျုပ်အဆုံးသတ်ပါ့မယ်။ အိမ်မှာ ကျုပ်သမီးအပိုကြီးက နေ့တိုင်း အချိန်ရတိုင်း အင်တာနက်ကြည့်သဗျ။ တစ်ခါတလေ အဖေလာကြည့်ပါဦးဆိုပြီးပြတယ်။ သမီးပြတဲ့ အင်တာနက်သတင်းအနက်က ကလေးမလေးတစ်ယောက်တင်ထားတဲ့ ဓာတ်ပုံကိုပြောပြမယ်။ လွှတ်တော်ရှေ့တန်းမှာ ကိုယ်စားလှယ်တော်ကြီး (၃) ဦး ထိုင်နေတယ်။ တစ်ဦးက စာရေးနေတယ်။ အလယ်ကတစ်ဦးက ညာဘက်ကိုခေါင်းရမ်းပြီး ခေါင်းပေါင်းပြီး ခေါင်းပေါင်းကြီး ရွဲ့စောင်းလို့ အိပ်နေတယ်။ ကျန်တစ်ဦးက လက်ပိုက်လို့ ထိုင်ခုံကိုနောက်မှီ ပြီး အိပ်နေလေရဲ့။ ရှေ့တန်း (၃) ယောက် (၂) ယောက်အိပ်နေတယ်။ နောက်တန်း (၃) ဦးထိုင်နေ တယ်။ ညာအစွန်လူ ခေါင်းစိုက်ထားတယ်။ အလယ်လူ တိုင်းရင်းသားဝတ်စုံနဲ့ ဘယ်လက်ကို မေးထောက်ပြီး လျှာရဲရဲနှစ်နှစ်ခြိုက်ခြိုက် အိပ်နေတယ်။ ဘယ်အစွန်လူက မတ်မတ်ထိုင်နေတယ်။ ဒီမြင်ကွင်းကိုကြည့်လိုက်တော့တို့ကိုယ်စားလှယ်တော်ကြီး (၆)ဦး၊ (၃) ဦးအိပ်၊ ၅၀ ရာခိုင်နှုန်း အိပ်နေမှိန်းနေကြတဲ့ ဓာတ်ပုံကိုကျုပ်မြင်လိုက်ရတယ်”



ဓာတ်ပုံအောက်စာကို ကျုပ်ကူးထားတယ်။ ခင်ဗျားတို့ကို ဖတ်ပြပါဦးမယ်။ ‘အလို အသည်းကြားက မဲတစ်ပြားနဲ့ရွေးချယ်ထားတဲ့ ပြည်သူ့ကိုယ်စားပြု အမတ်မင်းတွေပါလား။ သနားစရာပါကွယ်။ မယားတစ်ကွဲ၊ သားတစ်ကွဲနဲ့ လွှတ်တော်တက်ပြီး ဖြစ်သလို အိပ်နေရရှာတာပါလား။ မဖြစ်ဘူး မဖြစ်ဘူး။ တို့အမတ်မင်းတွေ ခုလိုအအိပ်ဆင်းရဲနေတာ လက်ပိုက်ကြည့်မနေနိုင်ဘူး။ ခုထိုင်ခုံတွေအစား Dream Bed တွေ ပြောင်းထားဖို့ ဥပဒေမူကြမ်းရေးပြီး လွှတ်တော်တင်ဖို့ လက်မှတ်တွေ လမ်းလယ်ကောင် လိုက်ထိုးခိုင်းဦးမှဖြစ်မယ်။ တစ်ညလုံး မာဆတ်သွားနေရတာ အိပ်ချင်ရှာမှာပေါ့’ ခိခိလို့ ရေးထားသဗျ။

‘ဒါကြောင့် ကျုပ်တို့သမ္မတကြီးမိန့်ခွန်း အကောင်အထည်ပေါ်လာဖို့ဝေးပေါ့။ ဝေးပေါ့။ မိတ်ဆွေကြီးများခင်ဗျာ’


***HOT NEW* ဂျာနယ်**

***(၂-၁-၂၀၁၄) နေ့ထုတ်***

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



# ကိုရင်ရွှေမျိုး

## ကိုယ်ရေးအကျဉ်း

၁၉၅၃ ခုနှစ်၊ ဇွန်လ (၄) ရက်တွင် ရန်ကုန်မြို့၊ ကျောက်မြောင်း ရပ်၌ မွေးဖွားခဲ့သည်။ အဖ ဦးထွန်းရင် + အမိ ဒေါ်ကျင်ရွှေတို့၏ သားသမီး (၈) ယောက်တွင် အကြီးဆုံးသားကြီးဖြစ်သည်။ ၁၉၇၃ ခုနှစ်တွင် ကျောင်းမှထွက်၍ ကျောင်းဆရာလုပ်သည်။ ထိုမှတစ်ဆင့် သိမ်ဖြူ သင်္ဘောကျင်းတွင် စက်မှုပညာသင်အဖြစ် ဝင်ရောက်လုပ်ကိုင်သည်။

၁၉၇၂ ခုနှစ်တွင် အကယ်ဒမီဂျာနယ်၌ 'ရွာမလိုညီတဲ့မိုး' ဟူသော ရသစာတမ်းကို မောင်မျိုးသူအမည်ဖြင့် စတင်ရေးသားခဲ့ပြီး စာပေလောကသို့ ဝင်ရောက်ခဲ့သည်။ နောက်ပိုင်း ဂီတစာဆို မောင်မျိုးသူ အမည်ဖြင့် တေးသီချင်းများ ရေးသားစပ်ဆိုခဲ့ပြီး မြန်မာ့အသံ၌အသံလွှင့်ခဲ့သည်။ ၁၉၈၀ တွင် ကုန်သွယ်လယ်ယာသို့ ဝင်ရောက်လုပ်ကိုင်ပြီး ၂၀၀၃ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။

ယခုအခါတွင် ဂီတစာဆို မောင်မျိုးသူ၊ ချစ်မင်းသူ စသည့် ကလောင်ခွဲများဖြင့် မဂ္ဂဇင်း၊ ဂျာနယ်များတွင် စာပေများရေးသားလျက် ရှိသည်။ အမှတ်- ၂၅၂(က)၊ သမိန်ဗရမ်းလမ်း၊ (၇) ရပ်ကွက်၊ ရွှေပြည်သာ မြို့တွင် မိသားစုနှင့်နေထိုင်လျက်ရှိသည်။ ဖုန်း- ၀၉ ၄၂၀၀၁၃၃၈၄



## ဒီမိုကရေစီ တကယ်ရပါ့မလား

လွန်ခဲ့ပြီးသော နှစ်ပေါင်း (၅၀) ကျော်ကို ပြန်၍ မပြောလိုတော့ပါ။ ပြန်ပြောနေ၍လည်း အကြောင်းထူးမည်မဟုတ်ပါ။ အဓိကအားဖြင့် ထိုကာလများ၏ အုပ်ချုပ်မှုအစိုးရ ညံ့ဖျင်းမှုတို့ကြောင့် မြန်မာနိုင်ငံသည် ဆင်းရဲခဲ့တောခဲ့ရသည်။ ပြည်သူပြည်သားအားလုံး ယနေ့ထိတိုင် ဆင်းရဲဒုက္ခခံစားကြရသည်။ ထို့ပြင် ထိုကာလတို့၏ အကျိုးဆက်အဖြစ် မြေမဲ့ယာမဲ့ ဘဝတွေထိ ဖြစ်ခဲ့ကြရသည်။ ယနေ့ ကျူးကျော်များ တိုးပွားလာခဲ့ခြင်းမှာ လည်း လွန်ခဲ့သောကာလ၏ အကြောင်းဆက်များကြောင့်ပင် ဖြစ်သည်။ ထိုကာလများသည်ကား ၁၉၆၂ ခုနှစ်မှသည် ၁၉၈၈ ခုနှစ်ထိ တစ်ကြိမ်၊ ၁၉၈၈ မှ ၂၀၁၀ ခုနှစ်ထိ တစ်ကြိမ်၊ နှစ်ကြိမ်နှစ်ခါ ဖိနှိပ်ချုပ်ချယ်ခဲ့ကြရခြင်း ဖြစ်သည်။

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် မြန်မာနိုင်ငံသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများ၏ ကြိုးစားမှုဖြင့် လွတ်လပ်ရေးရရှိခဲ့သည်။ ထိုလွတ်လပ်ရေးကိုရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းသည်ပင် လွတ်လပ်ရေး၏ အရသာကို မြိန်ရှက်

www.burmeseclassic.com



သွားခွင့် မရခဲ့ရှာပေ။ အာဏာကို မက်မောသူ တိုင်းပြည်သစ္စာဖောက်တို့၏ ရက်စက်မှုကြောင့် လွတ်လပ်ရေး မီးရှူးတိုင်ကို မမြင်လိုက်ရဘဲနှင့် လူ့ဘဝ ထဲက ထွက်ခွာသွားခဲ့ရရှာသည်။ ထိုသမိုင်းကြောင်းကို ပြန်တွေးမိတိုင်း ရင်နာစွာခံစားရမိသည်။ မြန်မာလူမျိုးတိုင်း ရင်နာစွာခံစားရမိသည်။ မြန်မာ လူမျိုး အချင်းချင်းဖြစ်ပါလျက်နှင့် အာဏာကို ရယူလိုဇောဖြင့် လူအချင်း ချင်း ယုတ်မာစွာ သတ်ဖြတ်ခဲ့ခြင်းတွေ ယခင်ကလည်း ရှိခဲ့သည်။ နောင် လည်း ရှိဦးမည်သာ။

၁၉၈၈ အရေးအခင်း ကာလဆီက စစ်အာဏာရှင်တို့၏ အာဏာရ သေနတ်ပြောင်းဝတွင် ပြည်သူပြည်သား၊ ကျောင်းသူကျောင်းသား အများ အပြားသေဆုံးခဲ့ကြရသည်။ ပြည်သူတို့ စွဲမက်တောင့်တခဲ့သော ဒီမိုကရေစီ ကိုရရှိရန် ဖော်ဆောင်ကြိုးစားမှုပြယုဂ်ကား သွေးသံရဲရဲတို့နှင့် နိဒါန်းစခဲ့ရ ခြင်းကို ပြန်တွေးကြည့်သော် ဒီမိုကရေစီသည် သွေးရောင်လွှမ်းသော ကတ္တီပါ ပိတ်ကားဖြင့် ပြည်ဖုံးကားဖွင့်ခဲ့မိသလားပင် တွေးစရာရှိလာသည် ထို့ကြောင့် ပြည်သူအများ ကြည့်ချင်မြင်ချင်သော ဒီမိုကရေစီလှုပ်ရှားမှုတို့ သည် တစ်ခန်းရပ်ပြဇာတ်တစ်ခုချင်းစီပမာ ပြည်သူ့ဆန္ဒနှင့် တစ်ပြေးညီစွာ စင်မြင့်ထက်တွင် တစ်ကွက်ချင်းသရုပ်ဆောင်ခဲ့ကြရသည်။

ပြည်သူအများကား ယနေ့ထိ ထိုဒီမိုကရေစီပြဇာတ်တို့ကို ကြည့်ရင်း လက်ခုပ်တဖြောင်းဖြောင်းတီး၍ အားပေးနေဆဲရှိသည်။ သို့ရာ တွင် တစ်ခန်းရပ်ပြဇာတ်ကခွင့် ပါမစ်ကား ပိတ်လိုက်ဖွင့်လိုက်နှင့် နေ့ညများ ကူးပြောင်းသွားသည့်တိုင် ဒီမိုကရေစီဇာတ်လမ်းက မပြီးဆုံးနိုင်အောင် ရှိနေလေသည်။ သို့ရာတွင် ဒီမိုကရေစီ ဇာတ်ဆောင်တို့ကား မိမိတို့ ကျရာ နေရာမှ ပါဝင်သရုပ်ဆောင်နေဆဲရှိရာ ပြည်သူများကလည်း မျက်ခြည်မပြတ် စောင့်ကြည့်ရင်း လက်ခုပ်လက်ဝါးတီး၍ အားပေးနေဆဲရှိသည်။ အစိုး



သော ဇာတ်ဆရာကား ရေးရိုးစွဲ အော်ပရာကို အစမ်းထိုး၍လည်းကောင်း၊ ဇရိသတ်ပြည်သူကို သွေးထိုးစမ်း၍လည်းကောင်း၊ တစ်ခါတစ်ရံ ကြားထိုး ၍ ကခိုင်းတတ်သည်။ သို့ရာတွင် ဒီမိုကရေစီ ပြဇာတ်ကိုသာ ကချင်သည့် သရုပ်ဆောင်နှင့် ပြည်သူတို့၏ လက်ခုပ်သံကြောင့် ဇာတ်ဆရာမှာ ခေါင်း တုတ်ကာ ဘာလုပ်၍ လုပ်ရမှန်းမသိအောင် စိတ်ညစ်နေရှာသည်။

ဇာတ်ဆရာ စိတ်ညစ်ရသကဲ့သို့ ပြည်သူအများကလည်း စိတ်ညစ် နေရသည်။ ပြည်သူအများ စိတ်ညစ်ခဲ့ရသည်မှာ ယခုမှမဟုတ်၊ ဟိုးလွန်ခဲ့သော နှစ်ပေါင်း (၅၀) ကျော်ထဲကပင် ဖြစ်သည်။ အာဏာရ လက်နက်ကိုင် အစိုးရ၏ အာဏာရှင်ဆန်ဆန် ဖိနှိပ်ချုပ်ကိုင်မှုများအောက် ဝယ် ပြည်သူတို့မှာ မှန်မှန်မှားမှား ပြန်၍ ပြောခွင့်မရ၊ ခေါင်းငုံ့ခံခဲ့ကြရသည့် ခံစားချက်ကို ပြည်သူများ စုစည်း၍ လူ့အခွင့်အရေးဆိုင်ရာ ဒီမိုကရေစီ စနစ်ကို ဖွင့်ထုတ် တောင်းဆိုလာခဲ့ကြသည်။ နိုင်ငံတော်အစိုးရ၏အာဏာသည် ပြည်သူ့အပေါ်၌သာရှိသည်ဖြစ်ရာ ပြည်သူ့အားကိုကြည့်၍ စစ်အာဏာရှင် အစိုးရတို့က လက်လျှော့ကာ ဒီမိုကရေစီအစိုးရကို ရွေးချယ်ပေးခဲ့ကြသည်။

တကယ်တန်းတွင်မူ ဒီမိုကရေစီအစိုးရကို ရွေးချယ်ပေးရာ၌ ပြည်သူ အများ၏ စစ်မှန်သော ဆန္ဒဖြင့် ရွေးချယ်ပေါ်ပေါက်လာခဲ့ခြင်းကား မဟုတ်၊ ခည်ကာမတွ ခေါင်းစဥ်တပ်ခံရပြီး ညွှန်ကြားချက်တို့နှင့် ပြည်သူ့စိတ်နှင့် ရရှိလာသော အစိုးရမင်းများဖြစ်သည်။ ပြည်သူတို့ တောင့်တအပ်သော အစိုးရမင်းလောင်းကား ပြိုင်ဘက်ပင် ဖြစ်ခွင့်မရခဲ့။ အတွက်ချမှတ်ခဲ့ပြီး သော အခြေခံဥပဒေကိုလည်း ပြည်သူတို့ထံ ထင်သာမြင်သာ တင်ပြမှုမရှိ ခဲ့၊ စစ်ရေးဘက် ဦးစားပေး ရေးဆွဲပြီးသည့် ထိုအခြေခံဥပဒေတို့ အကျိုး ၍ အစိုးရအဖွဲ့တည်ပြီးနောက်မှာတော့ ပြည်သူချစ်သော တောင့်တသော အစိုးရမင်းလောင်းကို ပြည်သူတို့ရှေ့ထံ ချပေးလိုက်သည်။

www.burmeseclassic.com



ထိုအခါ သမ္မတကြီးလည်း ရွေးချယ်ပြီးလေပြီ၊ လွှတ်တော်ဥက္ကဋ္ဌလည်း ရွေးချယ်ပြီးပြီမို့ ကြားဖြတ်ရွေးကောက်ပွဲ ဆင်ယင်ကျင်းပခွင့်ပေးကာ လွှတ်တော်ကိုယ်စားလှယ် အသိအမှတ်ပြုခဲ့သည်။ သည်အခါတွင် ကော့မှူးမြို့နယ် မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဒေါ်အောင်ဆန်းစုကြည်တစ်ယောက် လွှတ်တော်ထဲ ဝင်ရောက်ဆွေးနွေးခွင့် ရခဲ့ရှာသည်။ ပြောရေးဆိုခွင့် ရှိလာသည်။ သို့သော် 'ဘဲအုပ်က တစ်ရာနှစ်ရာ မဟေဒါက တစ်ပင်ထဲ' ဆိုသလို လွှတ်တော်ထဲမှာ အများနှင့်တစ်ယောက် ဖြစ်ခဲ့ရပြန်သည်။ သည်ကြားထဲ စစ်ဘက်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းကြောင့် ဆန္ဒမဲပေး ရွေးချယ်ရာကိစ္စတိုင်းမှာ ဖြစ်ချင်တာလည်းမဖြစ်ရ၊ မဖြစ်ချင်တာလည်း ဖြစ်ရဆိုသလိုနှင့်သာ ဇာတ်သိမ်းခဲ့ရသည်။ ဒီမိုကရေစီ ဆွေးနွေးဖို့ အကြောင်းကား လွှတ်တော်ထဲမှ ရှားပါးသော ဇာတ်ကြောင်းဖြစ်သည်။

ဒီမိုကရေစီဖော်ဆောင်ရေး အစိုးရသစ်ကား ဒီမိုကရေစီကို စိတ်ဝင်စားမှု နည်းပါးစွာဖြင့် လူမျိုးရေးပဋိပက္ခများ၊ ဘာသာရေးဆိုင်ရာ ဝဋ္ဋိဝတ္တများ၊ မြေပိုင်ဆိုင်ခွင့်များ၊ အလုပ်သမားအခွင့်အရေးများကိုမူ မသိကျိုးကျွံ ပြုနေဆဲရှိသည်။ တစ်ခါတစ်ရံ အခြေခံဥပဒေ ပြင်ဆင်ရေးအတွက် ပြည်သူ့ ဆန္ဒကိုရယူနေရှာသော ဒေါ်အောင်ဆန်းစုကြည်သွားရာ ခရီးတချို့မှာပင် အနှောင့်အယှက် အဟန့်အတားတို့ ရှိနေသည်မှာ အစိုးရက မနှစ်မြို့၍လားဟု သံသယဖြစ်ဖွယ်ရာရှိသည်။

သည်ပုံဖြင့် ဒီမိုကရေစီကို မည်သို့ဖော်ဆောင်မည်ကို သိချင်စမ်းလှသည်။ အားပါးတရမရှိသော၊ စိတ်ဓာတ်မခိုင်မာသော၊ ဒီမိုကရေစီကို ချစ်သောစိတ်များ၊ မကိန်းအောင်းနိုင်သမျှ ဒီမိုကရေစီကို ပေးရန်လွယ်ကူပါမည်လော။ မကြာမီ ဒုတိယအကြိမ် ရွေးချယ်တင်မြှောက်ပွဲကြီးက ၂၀၁၅ ခုနှစ်မှာ ကျင်းပတော့မည်။ ယခု ၂၀၁၄ ခုနှစ်ထဲ ရောက်လာပြီ။ အခြေခံ



ဥပဒေ ပြင်ဆင်ခွင့်၊ မပြင်ဆင်ခွင့်က ခွဲခြားမသိရသေး၊ ဒီမိုကရေစီကို ချစ်သော ပြည်သူအများစု ဆန္ဒပြုရပေါင်းများ၍ လက်တွေ့သောင်းကုန်ပြီ။ အသံတွေထွက်ကုန်ပြီ။ ဖမ်းလိုက်လွှတ်လိုက်မို့ ထောင်နှင့် နှစ်ပါးသွားကရသည်မှာလည်း အကြိမ်ကြိမ်၊ သို့သော် အစိုးရမင်းများကတော့ ဓိမ်နှင့်ကြည့်ကောင်းကောင်း ကြည့်နေပုံရသည်။

သို့ဆိုပါလျှင် ဒီမိုကရေစီသည် ပြည်သူ့လက်တွင်း ကျဆင်းလာနိုင်ပါမည်လော။ ပြည်သူလိုလားသော အခြေခံဥပဒေပြင်ဆင်ခွင့်ကရော ဘယ်အခြေရှိ၍ ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်ဖို့ကရော အိပ်မက်မက်ခွင့်ဝင်ရနိုင်ပါမည်လော စသည့် အတွေးများက မရေမရာဆန်လှသည်။ တကယ်တန်းသာ ဒီမိုကရေစီပေါ်ဆောင်ရေးကို လိုလားမည်ဆိုပါက ဦးစွာ အခြေခံဥပဒေကို ပြင်ဆင်ခွင့်ပေးသင့်ပြီ။ သဘောထားကို ရဲရဲဝံ့ဝံ့ကြေညာသင့်ပြီ။ ဟိုလိုလို သည်လိုလိုနှင့် ယောင်ခြောက်ဆယ်လုပ်နေ၍မရ၊ ဗိုလ်ချုပ်အောင်ဆန်း ပြောသွားသော စကားရှိသည်။ 'လူထုခေါင်းဆောင်လုပ်မယ်ဆိုရင် လူထုရဲ့အကျိုးကို တကယ်တမ်းဆောင်ရွက်နိုင်အောင် ကြိုးပမ်းရမယ်၊ ပြတ်ပြတ်သားသား လုပ်ရဲကြရမယ်။ ချီတုံချတုံအဖြစ်မျိုးကို စွန့်ပစ်ကြရမယ်။ နိုင်ငံရေးဆောင်ရွက်တယ်ဆိုတာ ကြောက်လွဲရဲ မင်းဖြစ်ဆိုတဲ့အတိုင်း ရဲနိုင်မှဖြစ်မယ်၊ ဗိုလ်ချုပ်စကားအတိုင်း ရွက်ဆောင်ကြဖို့ လိုအပ်နေပါပြီ ...

**ရောင်နီဂျာနယ်**
**(၆-၂-၂၀၁၄) ရေးသည်**

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



## ပြည်သူ့အတွက် ခေါင်းဆောင်ကောင်းဖြစ်ဖို့လိုသည်

ခေါင်းဆောင်ဆိုသည်မှာ နာယကတစ်ဦးဖြစ်သည်။ ထို့ကြောင့် နာယကဂုဏ်ခြောက်ပါးနှင့် ပြည့်စုံရန်လိုအပ်ပါသည်။ နာယကဂုဏ်ခြောက်ပါးဖြစ်သည့် (ထကြွ၊ နိုးကြွား၊ သနား၊ သည်းခံ၊ ဝေဖန်၊ ထောက်ရှု) ဟူသော နီတိပါ ခြောက်ပါးသောဂုဏ်တို့နှင့် ပြည့်စုံရန် စွမ်းဆောင်နိုင်သူ ဖြစ်ရပါမည်။ အကြီးအကဲခေါင်းဆောင်ဖြစ်သောကြောင့် ကိုယ်တိုင် ထထ ကြွကြွ နိုးနိုးကြားကြားရှိရမည်။ လူတိုင်းအပေါ်တွင် ကြင်နာသနားသည့် စိတ်ရှိ၍ သည်းခံမှုထားတတ်ရပါမည်။ ထို့ပြင် အကြောင်းခြင်းရာမှန်သမျှ တို့အပေါ်၌ အကြောင်းအကျိုး၊ အကောင်းအဆိုးတို့ကို ဝေဖန်ထောက်ရှု ကြည့်မြင်တတ်ဖို့လည်း လိုပါသည်။ ဤသို့သော နာယကဂုဏ်ခြောက်ပါး နှင့် ပြည့်စုံပါမှ အကြီးအကဲခေါင်းဆောင်ကောင်းတစ်ယောက်ဟု မှတ်ယူ ဖွယ်ရှိပါသည်။

ကမ္ဘာ့သမိုင်းနှင့် မြန်မာ့သမိုင်းတွင် ပြည်သူ့အတွက် ခေါင်းဆောင် ကောင်းများ ပေါ်ထွန်းခဲ့ဖူးပါသည်။ ခေါင်းဆောင်ကောင်းဆိုသည်မှာ တစ်ဦးတစ်ယောက်တည်း ကောင်းစားရေးကို လုံးဝမျှ စိတ်ကူးမရှိဘဲ အများ ကောင်းစားရေးကိုသာ ဦးတည်သောစိတ်ရှိသူ၊ ဦးဆောင်



ဦးရွက်ပြုသူကို ဆိုလိုခြင်းဖြစ်သည်။ ခေါင်းဆောင်သည် နောက်လိုက် အားလုံးအတွက် ရှေ့ဆုံးမှာ မားမားမတ်မတ်ရပ်ကာ သမာသမတ်မျှတစွာဖြင့် အားလုံး၏အကျိုးကို သယ်ပိုးထမ်းရွက်သူ ဖြစ်သည်။ တစ်နည်းအားဖြင့် သားသမီးများကို အုပ်ထိန်းရသော မိဘများပမာ ဖြစ်သည်။ အားလုံး အတွက် အသက်ပေးဝံ့သူဖြစ်သည်။

မြန်မာ့ရာဇဝင်သမိုင်းတွင် ပြည်သူတို့၏ အကြီးအကဲခေါင်းဆောင် မင်းများအဖြစ် ထင်ရှားခဲ့သူများ ပေါ်ထွန်းခဲ့ဖူးပါသည်။ ထိုမင်းများမှာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ခဲ့ကြသော်လည်း ပြည်သူ့အတွက် ခေါင်းဆောင် ကောင်း ပီသခဲ့သူများဖြစ်သည်။ အနော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်၊ ဇာပင်ရွှေထီး၊ အလောင်းဘုရားတို့အပြင် ကိုလိုနီနယ်ချဲ့တို့ထံမှ လွတ်လပ် ရေးကို အရပြန်ယူခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းသည်လည်း ပြည်သူတို့အား ထားခဲ့ရသော နိုင်ငံအကြီးအကဲ ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်ပါ သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် မိမိအရေးထက် တိုင်းပြည်အရေးကို ကြည့်သူဖြစ်သည်။ မြန်မာနိုင်ငံ ပြန်လည်လွတ်လပ်ရေးရရှိရန် အချိန်နှင့်အမျှ ဆောင်ရွက်လုပ်ကိုင်ခဲ့သူ ဖြစ်သည်။ ငယ်စဉ်ကျောင်းသားဘဝမှ ကွယ်လွန် သွားချိန်ထိ ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝတစ်လျှောက်လုံး တစ်ခုတည်းသော ရည်မှန်းချက်မှာ မြန်မာပြည်လွတ်လပ်ရေး ရရှိရန်ပင်ဖြစ်သည်။ ထို့ကြောင့် ဗိုလ်ချုပ်ခေါင်းဆောင်၍ အင်္ဂလန်သို့သွားရောက်ကာ မြန်မာပြည်လွတ်လပ် ရေး ရရှိစေမည့် သမိုင်းဝင် အောင်ဆန်း–အက်တလီစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ ပါသည်။ ထိုကဲ့သို့ ပြည်သူ့အားကိုးရသော ခေါင်းဆောင်များအဖြစ် အိန္ဒိယ တွင် မဟတ္တမဂန္ဒီနှင့် ဗီယက်နမ်နိုင်ငံတွင် ဟိုချီမင်းတို့ ပေါ်ပေါက်ခဲ့ပါ သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်းကား သူတာဝန်မယူနိုင်သည့်ကိစ္စကို ကတိပေး၍ မလုပ်၊ ကတိတစ်လုံးကိုလည်း အလွန်လေးစားသူဖြစ်သည်။ စကားကိုလည်း လှည့်ပတ်ကွေ့ကောက်၍ မပြောတတ်၊ ရင်ထဲရှိသည့်အတိုင်း ဘွင်းဘွင်းနှင့် ရှင်းရှင်း ပြောလေ့ရှိသည်။ တိုင်းပြည်အတွက် အလုပ်လုပ်ရာတွင် အဆင်းရဲခံနိုင်သည်။ အငတ်လည်းခံနိုင်သူဖြစ်သည်။ မည်သည့်ဒုက္ခအခက်အခဲကိုမျှ မညည်းညူတတ်၊ နောက်ပြန်မဆုတ်တတ်၊ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းကို မြန်မာပြည်သူလူထုကသာမဟုတ် ဗြိတိသျှဝန်ကြီးချုပ်အက်တလီအပါအဝင် ဝန်ကြီးများနှင့် ဗိုလ်ချုပ်ကြီးများကပါ ချီးကျူးလေးစားခြင်း ခံခဲ့ရသည့် ပုဂ္ဂိုလ်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်၍ စံနမူနာထား အတုယူရမည့် အဖြစ်အပျက်တစ်ခုကို ထပ်ဆင့်တင်ပြလိုပါသည်။ အချိန်ကား ဂျပန်ဝင်လာပြီး မြန်မာ့လွတ်လပ်ရေးတပ်မတော်ကို မြန်မာ့ကာကွယ်ရေးတပ်မတော် အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည့် အချိန်ဖြစ်သည်။ ထို မြန်မာ့ကာကွယ်ရေးတပ်မတော် ဖွဲ့စည်းရာတွင် တပ်ရင်း ၃ ရင်း ပျဉ်းမနားစခန်းသို့ ပြောင်းရွှေ့ရောက်ရှိခဲ့ရသော်လည်း ရဲဘော်များအတွက် စစ်ဝတ်စုံများကို မရရှိခဲ့သေးပေ။ သက်ဆိုင်ရာဌာနမှ ပို့လာမည့် ဝတ်စုံများ ရောက်အလာကို စောင့်နေကြရသည်။ ထိုစဉ်က ဗိုလ်ချုပ်သည် ပျဉ်းမနားစစ်ဌာနချုပ်တွင် ရှိနေသည်။

တစ်နေ့ ရုံးဆင်းချိန်တွင် စစ်ဝတ်စုံ ပစ္စည်းသေတ္တာများ သယ်ဆောင်လာသည့် ထရပ်ကားကြီး ရောက်လာပြီး ရဲဘော်များက ကားပေါ်မှ ပစ္စည်းတွေကို သယ်ချနေကြသည်။ ထိုအချိန်တွင် ရုံးခန်းအတွင်း၌ ဗိုလ်ချုပ်ရှိနေသည်။ ရဲဘော်များကား ဗိုလ်ချုပ်ရှိနေမှန်း မသိကြချေ။ ဗိုလ်ချုပ်က ရုံးခန်းအတွင်း၌ စာရေးနေသည်။ ဗိုလ်ချုပ်နှင့် မနီးမဝေးတွင် စစ်ဗိုလ်နှစ်ဦးက ထိုင်နေသည်။



အပြင်ဘက်၌ ပစ္စည်းသယ်ချနေသော ရုံးတာဝန်ခံ ပစ္စည်းထိန်းအရာရှိများနှင့် တပ်သားများသည် ပစ္စည်းသယ်ရင်း လွတ်လွတ်လပ်လပ် ပြောချင်ရာပြောနေကြသည်။ ဤတွင် ဗိုလ်ချုပ်ရုံးခန်းနှင့် နှစ်ခန်းကျော်လောက်မှ ရဲဘော်တစ်ယောက်က 'ဒီလောက်ကြမ်းတဲ့ဝတ်စုံတွေကိုဝတ်ရမှာ ကျောယားလိုက်ပါဘိကွာ၊ အိမ်တုန်းက တစ်ခါမှ စိတ်မကူးခဲ့တဲ့ ယူနီဖောင်းတွေ၊ လက်တောင်မသုတ်ခဲ့တဲ့ အဝတ်ကြမ်းတွေ' ဟု အသံကျယ်ကျယ်လောင်လောင်နှင့် ရယ်ပြီး ပြောလိုက်သည်။

ထိုစကားကို ဗိုလ်ချုပ်ကြားသွားသဖြင့် ရေးလက်စ စာကို ဆက်မရေးတော့ဘဲ တစ်ဖက်ခန်းမှ တပ်မတော်စစ်ဝတ်စုံနှင့် ပတ်သက်ပြီး ပြောနေသည်ကို နားစိုက်ထောင်နေလိုက်သည်။

'ချီးမှပဲ၊ တို့ထင်ထားသလို စမတ်ကျကျ မဟုတ်ဘဲ လူရယ်စရာ အဝတ်ကြမ်း ဖျင်ကြမ်းကြီးတွေနဲ့ လာတိုးနေပြီ၊ ကောင်းတယ်ကွာ သိပ်ကောင်းတယ်။ ကူလီတွေဝတ်တဲ့ အဝတ်မျိုးတွေကွ' ဟု တစ်ယောက်က ထပ်၍ ပြောလိုက်ပြန်ရာ ဗိုလ်ချုပ်မျက်လုံးနှစ်လုံးက အရောင်တွေ ဝင်းဝင်းတောက်သလိုဖြစ်လာသည်။ ထိုစဉ်မှာပင် ပြောနေသူတွေထဲမှ တစ်ဦးက တာသစွက်၍ ပြက်လုံးထုတ်သလိုမျိုးဖြင့်

'ဟော့ကောင်တွေ အခုထုတ်ပေးထားတဲ့ စစ်ဝတ်စုံကို ဝတ်ပြီး မြို့ထဲသွားရင် ဂျပန်တပ်ကခိုင်းတဲ့ လေဟိုးတပ်သားတွေထင်ပြီး ဂျပန်တွေ တန်းခိုင်းမှာသေချာတယ်။ မင်းတို့ ကြည့်သာပြောကြတော့ ဘယ်လိုဝတ်စုံတွေမှန်း မသိဘူးကွာ' ဟု ဆိုလိုက်ပြန်ရာ ဗိုလ်ချုပ်သည် ဒေါသထွက်နေရာမှာသူ့လက်အောက်မှ ဗိုလ်တစ်ယောက်ကို

'ဟေ့ … ဟိုဘက်က စကားပြောနေကြတဲ့ကောင်တွေ ငါ့ဆီ အမြန်ဆုံးခေါ်ခဲ့စမ်း၊ သွား မြန်မြန်' ဟု အမိန့်ပေးလိုက်သည်။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်တွေအားလုံး ပြန်ရောက်လာကြသည်။

'မင်းတို့ ဘာကောင်တွေတုံးကွ၊ ဟေ့ ငါမေးနေတာ မကြားဘူးလား' ဟု ဒေါသနှင့်မေးလိုက်သည့်အသံကြီးမှာ ဌာနချုပ်တစ်ခုလုံး လွှမ်းမိုးသွားသည်။ အားလုံးမှာ ကြောင်နေပြီး ဘာမျှမပြောဝံ့ကြ။ သတိအနေဖြင့်သာ ရပ်ပြီးနေကြသည်။

'ဘာကွ၊ စစ်ဝတ်စုံတွေ ညှို့တယ်၊ ကြမ်းတယ်၊ လက်တောင်မသုတ်ချင်ကြဘူး။ ဟုတ်လား၊ ငါအကုန်ကြားတယ်။ ငါတို့ ရဲဘော်တွေ ယိုးဒယားက ဒီအထိ ရန်သူတွေကို ရင်ဆိုင်တိုက်လာခဲ့တာ မှတ်မှတ်ရရ ဘယ်စစ်ဝတ်စုံတွေဝတ်ပြီး တိုက်ပွဲဝင်ခဲ့သလဲ ပြောကြစမ်း' စိတ်လိုက်မာန်ပါ သက်သီးလက်မောင်းတန်းပြီး မေးလိုက်သည်။ ပြီးနောက်

'ဘာလဲ မင်းတို့က ဂျပန်ကောင်တွေ ကားစီးပြီး အဝတ်ကောင်းဝတ်တာတွေ အားကျလို့လား။ မင်းတို့မှတ်ထားကြ ငါတို့ တပ်မတော်ဟာ ပြည်သူလူထုရဲ့ သား၊ သမီးတွေဆိုတာ။ ကြည့်လိုက်စမ်း၊ တို့ ပြည်သူလူထုတွေက တွေ့ကရာဆွဲယူ အနိုင်ကျင့်ချင်တိုင်း ကျင့်တာခံနေရတဲ့ ဘဝမှာ မင်းတို့လိုအကောင်တွေက စိမ်ခံချင်တယ်။ ပြည်သူတွေထက် အခွင့်အရေး ပိုယူချင်တယ်။ မင်းတို့က စစ်ဝတ်စုံအကောင်းတွေ ဝတ်ချင်ကြတယ်။ မှတ်ထား။ ဒီလိုစိတ်မျိုး၊ အမြင်မျိုး၊ အကျင့်မျိုးတွေ ရှိနေသမျှ ငါမျှော်မှန်းလာတဲ့ ပြည်သူ့တပ်မတော်နဲ့တော့ ဝေးပါသေးတယ်။ ရှက်စရာသိပ်ကောင်းတယ်။ မင်းတို့ ပြည်သူလူထုအတွက် စစ်တိုက်နေတယ်ဆိုတာ အလကားပဲ။ လုံးဝ အဓိပ္ပာယ်မရှိတော့ဘူး' ဟု ပြောလိုက်ပါသည်။

'ငါ ဘယ်လိုဝတ်ထားသလဲ ... ကြည့်ကြစမ်း၊ မင်းတို့နဲ့ ဘာများကွာခြားလဲ။ မင်းတို့က ကြီးကြီးကျယ်ကျယ်လုပ်လို့ကွာ' ဟု ဗိုလ်ချုပ်က သူဝတ်ထားသည့် စစ်ဝတ်စုံအနွမ်းကို ပုတ်၍ပြောလိုက်ပါသည်။ ထိုနေ့က ဗိုလ်ချုပ်ဝတ်ထားသည့် အဝတ်အစားမှာ ဗိုလ်ချုပ်နှင့် တူညီသော စစ်ဝတ်စုံကျကျနနမဟုတ်ပါ။ အစိမ်းရောင် ရှပ်လက်တိုကို ဝတ်ဆင်ပြီး မြင်းစီးဘောင်းဘီရှည်နှင့် စစ်ဖိနပ်ကိုစီးလျက် ခါးတွင် ဂျပန်ခါးပတ်ပြားကို ပတ်ထားလေသည်။



'ကျွန်တော်တို့ မှားပါပြီ ဗိုလ်ချုပ် တောင်းပန်ပါတယ်' ဟု ရဲဘော်အားလုံး နောင်တကိုယ်စီဖြင့် မျက်ရည်တွေဝဲကာ တောင်းပန်အသနားခံကြသည်။

''မှတ်ထား ငါ့တပ်ထဲမှာ အခွင့်အရေးယူချင်တဲ့ကောင် တစ်ယောက်မှ မရှိစေရဘူး။ မပါစေရဘူးကွ။ လူထုငတ်ရင် တို့အားလုံး ငတ်ရမယ်၊ လူထုဆင်းရဲရင် တို့ရဲဘော်တွေ အားလုံးဆင်းရဲရမယ်။ ငါလည်း ဆင်းရဲရမယ်။ ငါတို့တစ်တွေ တည်ဆောက်ခဲ့တဲ့ တပ်မတော်ကြီးဟာ ဒီဝါဒ၊ ဒီလိုအမိန့်တွေနဲ့ ချီတက်ဖို့ အရေးကြီးတယ် ...''

ဗိုလ်ချုပ်က ကြိမ်းမောင်းပြောဆိုပြီး နောက် ရဲဘော်များကို မောင်းထုတ်ပစ်လိုက်ပါတော့သည်။ ဗိုလ်ချုပ်ကား အနိမ့်၊ အမြင့်၊ ဆင်းရဲ၊ ချမ်းသာ ရွေးလူထုနှင့် တပြေးညီ ဆက်ဆံပြောဆို နေထိုင်တတ်သောသူ ဖြစ်သည်။ ထို့ကြောင့် ပြည်သူအားလုံးက ချစ်ခင်လေးစားတန်ဖိုးထားခဲ့ကြသည်မှာ ဗိုလ်ချုပ်မရှိတော့သည့် နှစ်ပေါင်း ၆၆ နှစ် ကျော်ခဲ့ပြီ ဖြစ်သည်။

ပြည်သူနှင့် ဗိုလ်ချုပ်သည် တစ်သွေးတည်း၊ တစ်သားတည်း ဖြစ်ခဲ့သည်။ ပြည်သူ့အတွက် ပြည်သူ့ရှေ့က မားမားမတ်မတ်ရပ်၍ လွတ်လပ်ရေးကို ရယူပေးခဲ့သည့် ပြည်သူ့အတွက် ခေါင်းဆောင်ကောင်းတစ်ဦး ဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းလို ပုဂ္ဂိုလ်မျိုး မြန်မာနိုင်ငံတွင် ထပ်မံပေါ်ပေါက်စေချင်ပါသည်။ တစ်နည်းအားဖြင့် ပြည်သူများ လိုလားတောင့်တနေသော ဒီမိုကရေစီခေတ်တွင် ပြည်သူတို့အတွက် သဘောထားပြည့်ဝ

www.burmeseclassic.com

www.burmeseclassic.com



သည့် ခေါင်းဆောင်ကောင်း ထွက်ပေါ်လာရေးမှာ ယနေ့အစိုးရသစ်ထံတွင် တာဝန်ရှိပါသည်။ အစိုးရသစ်အနေဖြင့် ပြည်သူတို့ အားကိုးရသည့် ခေါင်းဆောင်ကောင်းများ ပီသစွာဖြင့် ပြည်သူတို့နှင့် အတူလက်တွဲ ဆောင်ရွက်နိုင်ရေး ရည်မှန်းကာ ရေးသားတင်ပြအပ်ပါသည်။

*RIGHT TIME* ဂျာနယ်

(၂၆-၂-၂၀၁၄) နေ့ထုတ်

◆ ◆ ◆



## ခရိုနီများနှင့် ဒီမိုကရေစီ လားလားမျှမညီ

မကြာသေးမီက သတင်းစာမှာ သတင်းတစ်ခု ဖတ်လိုက်ရသည်။ ဘုန်းလှုပ်ခြောက်ခြားဖွယ် ဖြစ်သည်။ တွံတေးနှင့် လှိုင်သာယာ မြစ်ကူးခန်းလှိုင်တံတား တွံတေးဘက်ခြမ်းရှိ ကျူးကျော်တဲများကို နံနက်လင်းအားကြီးချိန် လူအင်အားအလုံးအရင်းသုံး၍ ဖျက်သိမ်းမှုဖြစ်သည်။ ထို့ကြောင့် ကျူးကျော်တဲရှင်များနှင့် ဖျက်သိမ်းသူတို့အကြား အချင်းဖြစ်ပွားခဲ့၍ လုံခြုံရေးအရ သေနတ်ပစ်ဖောက်၍ ထိန်းသိမ်းခဲ့ရကြောင်း သိရသည်။ စိုးရိမ်ဖွယ် ကိစ္စဖြစ်သည်။ ကျူးကျော်တဲတစ်သောင်းကျော်ရှိရာ ခြောက်ထောင်ကျော် ဖျက်ဆီးပစ်ခံရသည်ဟု ဆိုသည်။

ဘာပဲဖြစ်ဖြစ် ဒီမိုကရေစီ ဖော်ဆောင်နေသော ဒီမိုကရေစီ ခေတ်ဦးကာလမှာ အိုးမဲ့အိမ်မဲ့များ နေရာအသီးသီးမှာ ပေါ်ထွက်လာခဲ့ခြင်းမှာ ကောင်းသောလက္ခဏာမဟုတ်။

မြေမဲ့ယာမဲ့များအတွက်လည်း စိတ်မကောင်းဖြစ်စရာ ဖြစ်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံအနေဖြင့် နိုင်ငံတစ်ဝှမ်း လယ်ယာလုပ်ကိုင်သူဦးရေက မြို့နေလူတန်းစားထက် ပို၍များပြားသည်။ ထို့

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မြေယာများရှိနေခြင်းအားဖြင့် လယ်ယာစိုက်ပျိုးသူများ လုပ်ကိုင်နိုင်သောကြောင့် တောနေလူတန်းစားများ အလုပ်အကိုင်ရှားပါးမှု လျော့နည်းစေနိုင်သည်။

မြို့နေလူတန်းစား အနည်းစုတို့တွင်လည်း အလုပ်အကိုင်ရှားပါးမှု ကြုံဆုံနေရပေရာ စီးပွားရေးကျပ်တည်းမှုများနှင့် ရင်ဆိုင်ကြုံတွေ့ကြရသောကြောင့် အိုးမဲ့အိမ်မဲ့ အခြေအနေများ တစ်စထက်တစ်စ ပို၍ တိုးပွားလာနေရခြင်းပင် ဖြစ်သည်။ ဤသို့ အိုးမဲ့အိမ်မဲ့များပြားလာရခြင်းမှာ ယနေ့ကာလတွင် ပို၍ များပြားလာရသည်ဟု ဆိုသော်လည်း ယင်းသို့ ဖြစ်လာရခြင်း၏ အကျိုးဆက်ကား ဒီမိုကရေစီစနစ်နှင့် လားလားမျှ မသက်ဆိုင်ချေ။ ယခင်ကာလ စစ်အစိုးရလက်ထက် အာဏာရှင်ခေတ်၏ အကြောင်းဆက်တစ်ခုဟု ဆိုရချေမည်။ အဘယ်ကြောင့်ဆိုသော် စစ်အစိုးရအာဏာရှင်တို့ကား တကယ့် စီးပွားရေးသမားကြီးတို့အား မိမိတို့၏ ခါးပိုက်ထောင်ထဲသို့ ထည့်ကာ တပည့်မွေးကြသည်။

နိုင်ငံတော် တိုးတက်ဖွံ့ဖြိုးလာနိုင်ရေး ဦးတည်ချက်ကို ဘန်းပြ၍ ခါးပိုက်ထောင်ထဲမှ စီးပွားရေးသမားကြီးတို့ကို လက်ညှိုးထိုးစေခိုင်းသည်။ စီးပွားရေးသမားကြီးတို့၏ ကန်တော့ခံငွေတို့ကို ထားစရာမရှိအောင် ယူ၍ နိုင်ငံခြားဘဏ်တို့တွင် ရင်းနှီးမြှုပ်နှံကြသည့်အလျောက် မြန်မာနိုင်ငံအတွင်း၌လည်း နေရာပေးကာရသမျှ ရွှေငွေရတနာများကို မိမိတို့ ခါးပိုက်ထောင်ထဲ ထည့်ခဲ့ကြသူများဖြစ်သည်။ ထိုအခါ တပည့်လက်ပါးစေ စီးပွားရေးသမားတို့အတွက် လက်ညှိုးထိုးမလွဲသော မြေယာတို့ကို အဖိုးနှုန်း ချိုသာစွာဖြင့် ဝယ်ယူခွင့်ပေးခဲ့ကြသည်။

မြေတစ်ဧက ထောင်ဂဏန်းနှင့် ရခဲ့ကြသော အာဏာရှင်တို့၏ လက်ကိုင်တုတ် စီးပွားရေးသမားကြီးတို့ကား ဖိုးကြိုင်းတုတ်ဖြစ်ခဲ့သည်။



ထိုအခါ တကယ်လယ်လုပ်သော လယ်ရှင်တို့မှာ မြေမဲ့ယာမဲ့ဖြစ်ခဲ့ရတော့သည်။ သည့်ကြားထဲ တပ်က သိမ်းဆည်းလယ်မြေ၊ အစိုးရစီမံကိန်းအတွက် သိမ်းဆည်းလယ်မြေ ယာမြေတို့ကြောင့် လယ်ရှင်ယာရှင်တို့၏ လက်ဝယ်တွင် လယ်ယာမြေတို့မှာ တဖြည်းဖြည်း လျော့နည်းလာခဲ့ကြရတော့သည်။ ထိုအခါ လယ်ယာလုပ်ငန်းကိုသာ ရိုးရာအလုပ်အကိုင်အဖြစ် အသက်မွေးလုပ်ကိုင်လာခဲ့ကြရသည့် လယ်သမား၊ ယာသမားတို့မှာ အလုပ်အကိုင်လုပ်ကိုင်ရန် မြေယာရှားပါးမှုဖြစ်ကာ အလုပ်အကိုင် အခွင့်အလမ်းများနည်းပါးလာခဲ့ကြသည်။ ဤကား စစ်အာဏာရှင်လက်ထက်မှ စခဲ့သော အကြောင်းဆက် ဖြစ်သည်။

ယခု လယ်သမား၊ ယာသမားတို့အား ဒီမိုကရေစီရောင်ခြည်ကို စတင်တွေ့မြင်ခံစားကြရပြီ ဖြစ်လေရာ ကိုယ်ပိုင်လူ့အခွင့်အရေးကို သိမြင်လာခဲ့ကြသည်။ ထို့ကြောင့် လူ့အခွင့်အရေးဆိုင်ရာ ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့် ရပိုင်ခွင့်တို့ကို ထုတ်ဖော်တောင်းဆိုလာခဲ့ကြခြင်းပင် ဖြစ်သည်။ အိမ်မဲ့ယာမဲ့များ တစ်စထက်တစ်စ ပိုမိုများပြားလာရခြင်းမှာလည်း အလုပ်အကိုင်အခွင့်အလမ်း ရှားပါးလာခဲ့ခြင်း၏ အကြောင်းဆက်ပင် ဖြစ်သည်။ သို့ရာတွင် စစ်အာဏာရှင်တို့၏ ခါးပိုက်ထောင်ထဲက စီးပွားရေးသမား ခရိုနီကြီးတို့ကမူ စစ်အာဏာရှင်ကို အရဖက်၍ ယနေ့ထိတိုင် လောဘကို အတောမသတ်နိုင်ဘဲ ရှိနေကြသေးသည်။

စစ်အစိုးရမှ ဒီမိုကရေစီအစိုးရသို့ ပြောင်းလဲလာသည်ဆိုသော်လည်း လူမပြောင်း၊ မူမပြောင်းသေးဘဲနှင့် ယခင် စစ်အစိုးရလက်ထက်ကပမာ လက်ညှိုးညွှန်ရာ ရေဖြစ်နေကြတုန်းရှိဆဲ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မုန့်ဖိုးလောက်ဖြင့် ဝယ်ယူသိမ်းဆည်းခဲ့သော မြေယာတို့တွင် အကျိုးအမြတ်များရစေသည့် ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီ၊ စီမံကိန်းများကို

www.burmeseclassic.com

www.burmeseclassic.com



စတင်တည်ဆောက်နေကြသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ယခင်မြေ ယာပိုင်ရှင်တို့က သူတို့၏ မြေယာများကို ပြန်လည်ပိုင်ဆိုင်လိုကြောင်း ဆန္ဒပြတောင်းဆိုလာခဲ့ကြတော့သည်။ သို့ရာတွင် ခရိုနီတို့ကား အာဏာရှင်တို့အနား ပြေးသွားကပ်၍ မသိချင်ယောင်ဆောင်နေဆဲ ရှိသည်။

ခရိုနီတို့မှာ အာဏာရှင်တို့နှင့် အနီးကပ်၍ ရသမျှအခွင့်အရေးယူကာ ငါတည်းဟူသော ချမ်းသာရေးကိုသာ စဉ်းစားတွေးတောနေကြသည့် အတ္တအကျဉ်းသားများ ဖြစ်သည်။ သူတို့အတွက် ဒီမိုကရေစီမလို၊ အာဏာရရေးနှင့် အခွင့်ထူးခံရရေးသာ ဖြစ်သည်။ သို့မှသာ သူတို့၏ စီးပွားရေးများကို အာဏာအရှိန်ဖြင့် တိုးတက်ကြီးပွားအောင် ကျင့်သုံးရန် ရည်ရွယ်ထားကြသူများ ဖြစ်သည်။ ဤအစီအစဉ်အတိုင်း စစ်အစိုးရလက်ထက်ကာလဆီက စုဆောင်းသိမ်းဆည်းထားခဲ့ကြရာ ကမ္ဘာ့မီလီယံအဆင့်ဝင်များနီးပါးချမ်းသာလာခဲ့ကြသည်မှာ အံ့မခန်းစရာပင်ဖြစ်သည်။

ထိုသို့ ခရိုနီများ စီးပွားတိုးတက်၍ ရွှေငွေရတနာ၊ မြေယာတို့အား ထားစရာမရှိအောင် ဖြစ်နေချိန်တွင် မြန်မာနိုင်ငံသား ပြည်သူပြည်သားအချို့မှာ မြေမဲ့ယာမဲ့ဖြစ်ရုံမျှမက အိုးမဲ့အိမ်မဲ့ အလုပ်အကိုင် အခွင့်အလမ်းများမဲ့ကာ ဆင်းရဲနွမ်းပါးမှုအရှိန် မြင့်တက်ခဲ့ရသည်။ ယနေ့ထိ အစိုးရနှင့်ပတ်သက်သော စီးပွားရေးစီမံကိန်း အများအပြားတို့ကိုလည်း ထိုခရိုနီတွေကသာ ကြီးစိုးချုပ်ကိုင်လျက်ပင် ရှိသည်ကို မြင်တွေ့ကြားသိနေရသည်။ ထိုခရိုနီတွေ၏ ဟိုတယ်၊ ဆေးရုံ၊ စက်ရုံ လုပ်ငန်းအထွေထွေများမှာ ခရိုနီ မိသားစုတစ်သက် ထိုင်စား၍ပင် ကုန်နိုင်ဖွယ်မထင်ချေ။ သို့ရာတွင် ခရိုနီကြီးတို့မှာ ဤမျှနှင့် ကျေနပ်ရောင့်ရဲနိုင်ခြင်း မရှိသေးချေ။

သိမ်းဆည်းထားခဲ့ပြီးသား မြေယာတချို့တွင် ရင်းနှီးမြှုပ်နှံမှုများပြု၍ ရေရှည်အကျိုးပွားစေမည့် စီးပွားရေးလုပ်ငန်း စီမံကိန်းများကို အလု



အယက် တည်ဆောက်နေကြသည်။ နိုင်ငံခြားမှ လာရောက်ရင်းနှီးမြှုပ်နှံမှုများအတွက် ဦးစွာ လက်ဦးမှုရယူထားရန် ရည်ရွယ်ချက်ဖြစ်သည်။ အဓိကမှာ ထပ်မံ၍ စီးပွားရေးအမြတ်ထုတ်ရန်သာဖြစ်သည်။ ခရိုနီတို့ကား ပြည်သူကို မကြည့်၊ သူ့ကိုယ်သူသာ ကြည့်သောသူများဖြစ်သည်။ ပြည်သူကိုအားမကိုး၊ အစိုးရကို အားကိုးသူများဖြစ်သည်။ မည်သည့်အစိုးရတက်တက် စီးပွားရေးသက်သက်ကိုသာကြည့်၍ နိုင်ငံအတွက် မကြည့်တတ်သူများ ဖြစ်သည်။ ထို့ကြောင့် ခရိုနီများနှင့် ဒီမိုကရေစီ လားလားမျှ မညီသော အကြောင်းပေတည်း။

ထို့ကြောင့် ယနေ့ဖြစ်ပေါ်နေသော မြေမဲ့၊ ယာမဲ့၊ ကျူးကျော်တဲအိမ်များအကြောင်းမှာ ခရိုနီများ စဉ်းစားရမည့်အကြောင်းမဟုတ်၊ ရရှိပြီးသား မြေယာပေါ်တွင် စီးပွားရေးအရ အချက်အချာကျသော စီးပွားရေးဇုန်များ တည်ဆောက်၍ ငွေများများ အိတ်ကပ်ထဲရောက်ရှိရေးကိုသာ ဦးစားပေးစဉ်းစားရခြင်းမှာ ခရိုနီတို့၏ ပေသီးတွက်ကိန်းဖြစ်သည်။ ထို့ပြင် လက်ရှိအစိုးရတွင် အာဏာရသူအနားသို့ အပြေးအလွှားသွား၍ မျက်မျက်ရရှိစေမည့် စီမံကိန်းများ လက်ထဲရောက်ရှိရေး လာဘ်ကြိုတ်ထိုးပေးရသည့် အကြောင်း စဉ်းစားရသည်မှာ ခရိုနီတို့၏ မာစတာစီမံကိန်းဖြစ်သည်။ သို့ဖြစ်ရာ ခရိုနီများအတွက် ဒီမိုကရေစီဆိုသည်မှာ လားလားမျှမညီ၊ လူတိုင်းလူတိုင်းသာတူညီမျှ အခွင့်အရေးမရခြင်းသည် ခရိုနီများအတွက် ရယူလိုသောအကြောင်းပင်ဖြစ်သည်။

တစ်နည်းအားဖြင့် လူ့အခွင့်အရေးများ၊ လွတ်လပ်ခွင့်များ ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုသည် ခရိုနီစီးပွားရေးနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ မြေယာပိုင်ဆိုင်မှုများရရှိရေး၊ အလုပ်သမားလူ့အခွင့်အရေးရလိုမှု ပေါင်းဆိုမှုများသည် ခရိုနီများအတွက် ဝေးလေကောင်းလေဖြစ်သည်။ သို့ဖြစ်ရာ

www.burmeseclassic.com

www.burmeseclassic.com



ဒီမိုကရေစီသည် ခရိုနီများအတွက် ဝေးလေကောင်းလေဖြစ်တော့သည်။

ထိုအခါ ဒီမိုကရေစီခေတ်တွင် ခရိုနီများ ကင်းဝေးရေးမှာလည်း အဓိကအကြောင်းပင် ဖြစ်ပါတော့သည်။

*ရောင်နီဂျာနယ်*
*(၃၀-၁-၂၀၁၄) နေ့ထုတ်*

◆ ◆ ◆



## ငြိမ်းစုစီ ပုဒ်မ ၁၈ နဲ့ပတ်သက်၍

တိုင်းပြည်တစ်ပြည်၏ တည်ငြိမ်အေးချမ်းမှုရှိရေးသည် ထိုတိုင်းပြည်၏ ရှေ့ဆောင်ခေါင်းရွက်ပြုသည့် အစိုးရအပေါ်၌ များစွာမူတည်ပေသည်။ အစိုးရအဖွဲ့သည် တိုင်းပြည်၏ အာဏာရသူ၊ အုပ်ချုပ်သူ၊ စီမံခန့်ခွဲနိုင်သူများဖြစ်ကြလေရာ တိုင်းပြည်၏ ကောင်းကျိုး၊ ဆိုးကျိုးမှန်သမျှကို စီမံချုပ်ကိုင်နိုင်ကြသူများ ဖြစ်သည်။ သို့ရာတွင် ထိုအစိုးရကို ပြည်သူလူထုကပင် ရွေးချယ်တင်မြှောက်ထားကြရခြင်းဖြစ်ပေရာ နိုင်ငံတော် ကောင်းစားရေးအတွက် အစိုးရနှင့် ပြည်သူ ကြည်ဖြူ သဟဇာတ အပြန်အလှန်ရှိဖို့ လိုအပ်သည်။

အစိုးရအဖွဲ့သည် နိုင်ငံတော်အား ပွဲပြင်ထိန်းကျောင်း ဓောင်းနှင် ရမည့်သူများ ဖြစ်သည်။ သို့သော် ထိုအစိုးရအဖွဲ့အာဏာကို အလွန်အကျွံ သုံးစွဲ၍ နိုင်ငံသားတို့၏အခွင့်အရေးများကို လျစ်လျူရှုမှုများ ဖြစ်စေသင့် ပေ။ ထို့ကြောင့် နိုင်ငံတော်ကို ထိန်းကျောင်းမောင်းနှင်နိုင်မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲကြရခြင်းဖြစ်သည်။ သို့မှသာ တရားဥပဒေစိုးမိုးရေး နှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနိုင်ကြပေသည်။ သို့သော် နိုင်ငံတချို့

www.burmeseclassic.com



တွင် အာဏာရှင်စနစ်ကို ကျင့်သုံး၍ နိုင်ငံသားတို့၏ အခွင့်အရေးကာကွယ် မြှင့်တင်ခြင်းထက် သူတို့၏ အကျိုးစီးပွား အာဏာတည်တံ့ခိုင်မြဲရေးအတွက် သာကြည့်၍ ဖွဲ့စည်းပုံတွင် ထည့်သွင်းရေးဆွဲတတ်ကြသည်ကိုသိရသည်။

မြန်မာနိုင်ငံသည် ၁၉၈၈ အရေးအခင်းဖြစ်ပွားခဲ့ပြီးနောက် နိုင်ငံတော်၏ အာဏာကို စစ်ဘက်မှ တာဝန်ယူခဲ့ပြီး ပြည်သူ့ဆန္ဒအရ ဒီမိုကရေစီအသွင်ကူးပြောင်းရန် ရည်ရွယ်ကာ ၁၉၉၀ ပြည့်နှစ်တွင် ရွေးချယ်ပွဲကျင်းပပေးခဲ့သည်။ ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲရန် အကြောင်းပြချက်ဖြင့် အမျိုးသားညီလာခံကို ကျင်းပခဲ့ပြီး ထိုညီလာခံမှ ချမှတ်သည်ဆိုသော အခြေခံမူများမှတစ်ဆင့် နိုင်ငံတော်ဖွဲ့စည်းပုံ ၂၀၀၈ ကို ရေးဆွဲအတည်ပြုခဲ့ကြသည်။ သည့်နောက်ပိုင်း အနှစ်နှစ်ဆယ်ကျော် စစ်ဘက်ဦးဆောင်မှုကို ဖျက်သိမ်းကာ လူမပြောင်း မူမပြောင်းပဲနှင့် အရပ်ဘက် ဒီမိုကရေစီတစ်ရပ်ကို အာဏာလွှဲပြောင်းပေးခဲ့သည်။

ထို တပ်မတော်ခေါင်းဆောင်ဟောင်းများ ဦးဆောင်သည့် လက်ရှိအစိုးရအဖွဲ့သည် အသွင်ကူးပြောင်းကာလတွင် အခက်အခဲများနှင့် ရင်ဆိုင်တွေ့ကြုံခဲ့ရာတွင် ထိုအခက်အခဲများကို ဖြေရှင်းနိုင်ရန်အလို့ငှာ ပြင်ဆင်ဖြည့်စွက်ခဲ့ကြသည်။ စစ်အာဏာရှင်စနစ်အောက်မှ ဒီမိုကရေစီ ရောင်နီဦးသို့ ကူးပြောင်းဆဲကာလတွင် ပြည်သူအားလုံး နိုးကြားတက်ကြွလာကာ မွန်းကျပ်ခဲ့သော နှစ်ပေါင်းများစွာမှ ခံစားချက်တို့ကို ဖွင့်ထုတ်ကြသဖြင့် ဆန္ဒပြမှုများ ပေါ်ပေါက်လာခဲ့သည်။ ထိုမှအစပြု၍ အလုပ်သမားအရေး၊ မြေယာအရေး၊ အခွင့်အရေးဆိုင်ရာများဖြင့် ဆန္ဒပြမှုများ ပိုမိုများပြားလာခဲ့သည်။

ထိုသို့သော ဆန္ဒပြမှုများသည် ကမ္ဘာ့ရှိ ဒီမိုကရေစီနိုင်ငံတိုင်း၌ တွေ့မြင်နေရသော အခင်းအကျင်းဖြစ်သည်။ လူ့အခွင့်အရေးကို တောင်းဆို



ကြရာတွင် စည်းကမ်းကျသော လွတ်လပ်မှုဖြင့် မည်သူမဆို တောင်းဆိုဆန္ဒပြပိုင်ခွင့်ရှိသည်မှာ ဒီမိုကရေစီစနစ်ပင် ဖြစ်သည်။ တရားဥပဒေတည်ရှိရမည်ဖြစ်သော်လည်း တည်ရှိပြဋ္ဌာန်းဆဲ ဥပဒေသည် ပြည်သူလူထုနှင့် ညီညွတ်မျှတသော ဥပဒေဖြစ်ရန် အရေးကြီးပေသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ပြည်သူ့ဆန္ဒအရ ပြဋ္ဌာန်းသတ်မှတ်သည်ဆိုသော်လည်း ထိုကာလခေါင်းဆောင်စစ်အာဏာရှင်တို့၏ ဆန္ဒသဘောထားများက ဖြည့်စွက်ကြီးစိုးခဲ့ကြောင်း သုံးသပ်နိုင်ပေသည်။

ထို့ကြောင့် ယနေ့ ပွင့်လင်းမြင်သာသော ဒီမိုကရေစီရောင်နီဦး ကာလတွင် စစ်အာဏာအရိပ် ယှက်သန်းခဲ့သော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြုပြင်ကြရန် ပြည်သူက တောင်းဆိုလာခဲ့ကြခြင်း ဖြစ်သည်။ ပြည်သူ့ဆန္ဒအရ ၂၀၀၈ အခြေခံဥပဒေကို ရေးဆွဲခဲ့သည်ဆိုသော်ငြား ထိုကာလက ပြည်သူတို့အနေဖြင့် စာရွက်အလွတ်ပေါ်တွင် လက်မှတ်ထိုးပေးခဲ့ကြရသူများသာ ဖြစ်သည်။ အာဏာရှင်တို့အနေဖြင့်မူ ပြည်သူတို့၏ ဆန္ဒလက်မှတ်ပေါ်ဝယ်သူတို့၏ စစ်ဘက်ဆိုင်ရာ အခွင့်အလမ်းတို့ကို ရှေ့တန်းတင်၍ ဥပဒေကို ရေးဆွဲခဲ့ကြခြင်းဖြစ်သည်။ ယခုအခါမှ ပြည်သူက ထိုစစ်အာဏာရှင်တို့ ရေးဆွဲခဲ့သည့် ဥပဒေတို့ကို မျက်မြင်တွေ့ရှု အံ့ဩဘနန်း ဖြစ်ကြရတော့သည်။

တစ်ခါ ၂၀၁၁ နောက်ပိုင်း ဒီမိုကရေစီခေတ်ပြောင်း ကာလအရောက် တွန်းကန်အံ့ကြွလာကြသည့် မြေယာအလုပ်သမားနှင့် လူ့အခွင့်အရေးဆိုင်ရာ ဆန္ဒပြမှုများကြောင့် ထိုအရေးကို ကာကွယ်တားဆီးရန်အလို့ငှာ ပုဒ်မ ၁၈ ကို ပြဋ္ဌာန်းခဲ့ကြပြန်သည်။ ထိုပုဒ်မ ၁၈ မှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ ပါ နိုင်ငံသားများ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး အပြည့်အဝပေးထားတာကို ငြိမ်းစုစီ ပုဒ်မ ၁၈ ဖြင့် [illegible]

www.burmeseclassic.com



ချုပ်ထားခဲ့ခြင်း ဖြစ်သည်။ ငြိမ်းစုစီဟူသည်မှာ ငြိမ်းချမ်းစွာ စုဝေးခြင်း၊ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း၊ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခြင်း ဥပဒေ ဖြစ်သည်။

အဆိုပါ ပုဒ်မ ၁၈ တွင် ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ဆန္ဒထုတ်ဖော်လိုသူများအနေဖြင့် သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရဲတပ်ဖွဲ့မှူး ရုံးများထံသို့ အနည်းဆုံး ငါးရက်ကြိုတင်ခွင့်တောင်းရခြင်း၊ သက်ဆိုင်ရာ ရုံးများက ခိုင်လုံသော အကြောင်းပြချက်မပေးဘဲ ခွင့်ပြုမိန့်တောင်းခံမှုကို ပယ်ချနိုင်ခြင်း၊ ခွင့်ပြုမိန့်မရဘဲ ဆန္ဒထုတ်ဖော်ပါက ထောင်ဒဏ် တစ်နှစ် အထိဖြစ်စေ၊ ဒဏ်ငွေ ကျပ်သုံးသောင်းဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်ပေါင်းဖြစ်စေ ချမှတ်နိုင်သည်ဟု သိရသည်။ သို့ဖြစ်ရာ ဆန္ဒပြမှုကို ကြိုတင်၍ သက်ဆိုင်ရာသို့ တင်ပြတောင်းခံပါသော်လည်း ခိုင်လုံသော အကြောင်းပြချက် ရှိမရှိ မှတ်ချက်ဖြင့် သက်ဆိုင်ရာ အာဏာပိုင်တို့က ပယ်ချတတ်ကြသောကြောင့် ဖြစ်သည်။

ယနေ့ထိ အစိုးရဌာနတို့တွင် ဘောလီဘောပုတ်သည့်စနစ်ဆိုးမှာ ပပျောက်ခြင်းမရှိသေးကြောင်း တွေ့ရသည်။ ထိုပုဒ်မ ၁၈ သည် ဒီမိုကရေစီလိုလားသော တိုင်းပြည်တို့တွင် မထားရှိအပ်သည့် ဥပဒေတစ်ရပ် ဖြစ်သည်။ ယခင် အာဏာရှင်ကာလဆီက ထားခဲ့လျှင်ပင် သင့်မြတ်လှ၏ ဟု ပြောဆိုဖွယ်ရာ ရှိသည်။ ထိုပုဒ်မကား အစိုးရချင်းကိုလည်း အချင်းချင်း ဘော်လီဘောပုတ်ချည်နှောင်သော ချည်ကြိုးတစ်ခုဖြစ်သည်။ ကိုယ့်ခွင့်ပြုချက်ကြောင့် ဖြစ်လာခဲ့သည်ရှိသော် ခွင့်ပြုသူက ခံစေဆိုသော သဘောရှိသည်။ ထို့ကြောင့် ခွင့်ပြုပေးရမည့် တာဝန်ခံအရာရှိတို့ကား သူတို့၏ ထိုင်ခုံ လွတ်သွားမှာစိုး၍ အကြောင်းအမျိုးမျိုးပြကာ တင်ပြချက်ကို ငြင်းပယ်လေ့ရှိကြသည်။



နှစ်ပေါင်း (၅၀) ကျော် အတုပ်အနှောင်၊ အတားအဆီး ဖိနှိပ်ခံဘဝမှ လွတ်မြောက်လာခဲ့ကြရသော ပြည်သူတို့အနေဖြင့်ကား ဒီမိုကရေစီ ရောင်နီဦး၏ အလင်းရောင်ကို မြင်ရရုံမျှဖြင့် စိတ်ဓာတ်များ တက်ကြွလာကြကာ ဒီမိုကရေစီနှင့်အညီ လူ့အခွင့်အရေးများကို လက်သီးလက်မောင်းတန်း တောင်းဆိုလာခဲ့ကြသည်မှာ အများမဟုတ်ချေ။ ဒီမိုကရေစီအသွင်ကို ဆောင်သည့် ဟန့်တားသည့် ဥပဒေပြုပုဒ်မသည်သာ တရားခံဖြစ်ပေမည်။ ထို့ကြောင့် ဒီမိုကရေစီနှင့် မညီညွတ်သော ပုဒ်မ ၁၈ ကို ပြင်ဆင်ပေးရန် ပြည်သူတို့က တောင်းဆိုလာခဲ့ကြခြင်း ဖြစ်သည်။ မည်သို့ တောင်းဆိုသော်ငြား အစိုးရက တုတ်တုတ်မျှမလှုပ်၊ မသိချင်ယောင်ဆောင်နေဆဲသာ ဖြစ်သည်။

သို့ရာတွင် တတ်သိနားလည်သော ဥပဒေပညာရှင်များကမူ ပုဒ်မ ၁၈ ကို ဖြေလျှော့ ပြင်ဆင်ပေးလိုက်လျှင် တည်ဆဲဥပဒေများဖြစ်သည့် ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှု ဥပဒေပုဒ်မ ၅ (ည)၊ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပါပြစ်မှုများ၊ အများပြည်သူ၏ အကျိုးပျက်စီးစေမှု ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၅၊ အကြည်ညိုပျက်အောင် ပြုလုပ်မှု ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၂၄ (က)၊ အမိန့် မနာခံမှု ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈ နှင့် အခြားဥပဒေများဖြင့် တရားဥပဒေစိုးမိုးမှုအတွက် အရေးယူကိုင်တွယ် ထိန်းသိမ်းနိုင်သည်ဟု ဆိုကြသည်။ ဟိုယခင်ကလည်း ထိုဥပဒေများနှင့်ပင် နှစ်ပေါင်းများစွာ ကိုင်တွယ်လာခဲ့ကြောင်း သိရသည်။

သို့ဖြစ်ရာ ဒီမိုကရေစီ ခေတ်ပြောင်းကာလတွင် ဒီမိုကရေစီနှင့်အညီ ဆန္ဒဖော်ထုတ်မှုများကား တစ်နေ့တခြား တည်ရှိလာမည်မှာ အမှန်ပင်ဖြစ်သည်။ ထိုအခါ လူ့အခွင့်အရေးအရ လွတ်လပ်စွာ ပြောဆိုပိုင်ခွင့်ရှိခြင်းအပေါ်

www.burmeseclassic.com



အဟာန့်အတားပြုမည်လော၊ ဒီမိုကရေစီပေးမည်လော်ဆိုသည့် အချက် ပေါ်လွင်လာသည်။ ဖြစ်သင့်သည်မှာ ဆန္ဒဖော်ထုတ်မှုများအတွက် လမ်းကြောင်း (သို့မဟုတ်) ဟစ်တိုင်နေရာတစ်ခု သတ်မှတ်ပေး၍ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီကို အားပေးမည်ဆိုပါက ပုဒ်မ ၁၈ သည် ထားရန်အကြောင်း မရှိ။ ပြင်ဆင်ဖို့သာ ရှိပေသည်။ သို့သော် ထိုပုဒ်မ ၁၈ ကို ပြင်ဆင်ခြင်း၊ မပြင်ဆင်ခြင်းကား လက်ရှိ အာဏာရ အစိုးရ၏ သဘောထားပင်ဖြစ်ပေရာ ပြည်သူ့ဆန္ဒကို တိုက်တွန်းအားပေးရန်မှတစ်ပါး အကြောင်းမရှိပါချေ။ စည်းကမ်းရှိသော လွတ်လပ်မှုဖြင့် ဒီမိုကရေစီ ရရှိနိုင်ကြပါစေ။

*ရောင်နီဂျာနယ်*
*(၂၃-၁-၂၀၁၄) နေ့ထုတ်*

◆ ◆ ◆



## မင်းသားလား ၊ ဘီလူးလား

ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့သော စကားတစ်ခွန်းရှိသည်။ 'နိုင်ငံရေးဆိုတာ နိုင်ငံခေါင်းဆောင်တွေ၊ နိုင်ငံရေးလုပ်တဲ့ ပုဂ္ဂိုလ်တွေနဲ့သာ ဆိုင်တယ်လို့ထင်ရင်တော့ မှားလိမ့်မယ်။ ဒါက နိုင်ငံသူနိုင်ငံသားတိုင်းနဲ့ဆိုင်တဲ့ အရေး၊ နိုင်ငံသူနိုင်ငံသားတွေရဲ့ ကိစ္စဖြစ်တယ်' ဆိုသော စကားကို ယနေ့ ပြည်သူအများ နားလည်သဘောပေါက်နေကြပြီ ထင်သည်။ လာမည့် ၂၀၁၅ ခုနှစ်၌ ကျင်းပမည့် ရွေးကောက်ပွဲတွင် မိမိတို့ကြိုက်နှစ်သက်ရာ ခေါင်းဆောင်နှင့် အစိုးရအဖွဲ့ကို ကိုယ်ပိုင်ရွေးချယ်ခွင့်ရရန် ယခုအချိန်ထဲက ဆန္ဒပြင်းပြနေကြပြီ ဖြစ်သည်။

အထူးသဖြင့် (၈၈) အရေးအခင်းမှသည် ယနေ့ကာလအထိ ဒီမိုကရေစီ ဖော်ဆောင်ရေးတွင် စိတ်ရောကိုယ်ပါနှစ်၍ အနှောင့်အယှက်ရန်စွယ်များကြားမှ လွတ်မြောက်လာခဲ့သူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်ကို မြန်မာနိုင်ငံရဲ့ ခေါင်းဆောင်အဖြစ် တင်မြှောက်ဖို့ ဆန္ဒများ ပြင်းပြနေမှုဖြစ်သည်။ ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်ဖို့အတွက် ဦးစွာရွေးကောက်ပွဲဝင်ခွင့်ရရှိသည့် အခြေခံဥပဒေကို ပြင်ဆင်ဖို့လိုသည်။ မူလအခြေခံအတိုင်း မပြင်ဆင်နိုင်ခဲ့ပါက

www.burmeseclassic.com

www.burmeseclassic.com



ပြည်သူအများ မည်မျှပင်ထောက်ခံကြသော်လည်း ဒေါ်အောင်ဆန်းစုကြည် တစ်ယောက် ရွေးကောက်ပွဲပင် ဝင်ခွင့်ရနိုင်မည်မဟုတ်ချေ။ ထိုအခါ သမ္မတဖြစ်ရေးသည် ပို၍ ဝေးသွားသဖြင့် အိပ်မက်ပင် မမက်နိုင်စရာ ဖြစ်သည်။

ယခု ၂၀၁၄ ခုနှစ်သည် ရွေးကောက်ပွဲအကြို ကာလဖြစ်သည်။ ပါတီစုံ ဒီမိုကရေစီစနစ်အရ တရားဝင်ပါတီအားလုံး သမ္မတအဖြစ် ယှဉ်ပြိုင် ရွေးချယ်နိုင်ကြသည်။ သို့ရာတွင် ၂၀၀၈ ခုနှစ်က ပြည်သူ့ဆန္ဒအတည်ပြုခဲ့ ပြီး တပ်မတော်အာဏာပိုင်များချည်း စုစည်း၍ စားပွဲဝိုင်းတစ်ဝိုင်းထဲ၌ ဖွဲ့စည်းအတည်ပြုခဲ့သော ဖွဲ့စည်းပုံအများစုမှာ တပ်မတော်က လွှမ်းမိုးကာ တပ်မတော်၏ ကိုယ်ကျိုးကိုသာကြည့်သည့် လုပ်ပိုင်ခွင့်များပါဝင်သော ဖွဲ့စည်းပုံဖြစ်သည်။ အဓိကအားဖြင့် ပုဒ်မ ၅၉(စ) ကို ထည့်သွင်းပြဋ္ဌာန်း ထားသည်ဖြစ်ရာ ထိုပုဒ်မကြောင့် ဒေါ်အောင်ဆန်းစုကြည်တစ်ယောက် မည် သို့မျှ ရွေးကောက်ပွဲဝင်၍ ယှဉ်ပြိုင်ခွင့်မရနိုင်ပေ။ တစ်နည်းအားဖြင့် သမ္မတ ဖြစ်ခွင့် မရရှိနိုင်ပေ။ ထို့ကြောင့် ထိုဥပဒေပုဒ်မ ၅၉(ခ) ကို ပြင်ဆင်ရန် ဒေါ်စုနှင့်တကွ ပြည်သူအများက ဆန္ဒပြုကြခြင်းဖြစ်သည်။

'ကမ္ဘာပေါ်တွင် လူထုအားကို မည်သည့်အားကမျှ ဆန့်ကျင်နိုင် မည် မဟုတ်ချေ' ဟု ဗိုလ်ချုပ်အောင်ဆန်း ပြောခဲ့ဖူးသော စကားရှိသည်။ ထိုစကားအတိုင်း ပြည်သူ၏အားကို ယနေ့ ဒေါ်စုရယူနေပြီဖြစ်သည်။ တကယ်လည်း ဒေါ်စုက မင်းသားအဖြစ် ခေါင်းဆောင်၍ ပြည်သူ့ရှေ့ထွက် ကာ အမှန်အတိုင်းပြောသည်။ ပြည်သူ့ဆန္ဒအမှန်ကို တောင်းဆိုသည်။ ပြည်သူကလည်း မင်းသားလား၊ ဘီလူးလား ခွဲခြားမြင်ရ၍ အမှားအမှန်ကို ကြိုတင် ရွေးချယ်နိုင်ကြသည်။ ကြိုတင်စဉ်းစားခွင့်ရကြသည်။ ထိုသို့သော အခင်းအကျင်းတွင် မင်းသားမှန်း၊ ဘီလူးမှန်း မသိသော လူဦးရေတစ်သိန်း



ကျော်၏။ ပုဒ်မ ၅၉(ခ) မပြင်ဆင်ရန် အကြံပြုထားသည့် အကြောင်းက ဘွားကနဲ ပေါ်လာသည်။

အကြောင်းကား ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရာတွင် ဒေါ်အောင်ဆန်းစုကြည် သမ္မတမဖြစ်ရေး ကန့်ကွက်ထားသည့် ပုဒ်မ ၅၉ (စ) နှင့် ပြင်ဆင်မှုကို ကန့်သတ်ထားသော ပုဒ်မ ၄၃၆ တို့ကို မပြင်ဆင်ရန် အကြံပြုသူပေါင်း တစ်သိန်းကျော် လက်မှတ်ထိုး၍ ပေးပို့ထားကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီက ဇန်နဝါရီလ (၃၁) ရက်၌ ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်း အဝေးတွင် တင်ပြခဲ့ခြင်းဖြစ်သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ လေ့လာ သုံးသပ်ရေး ပူးပေါင်းကော်မတီကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြု ချက်ဖြင့် ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ (၂၅) ရက်တွင် ဖွဲ့စည်းခဲ့သည်။

ထိုသို့ လူဦးရေ တစ်သိန်းကျော်၏ ပုဒ်မ ၅၉(ခ) ကို မပြင်ဆင် ရန် အကြံပြုချက်နှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်က အခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်ပေါ်ပေါက်ရန် တာဝန်ပေးအပ်မှုကို ဖေဖော်ဝါရီလ (၃) ရက်၌ ပြုလုပ်မည့် အစည်းအဝေးတွင် ကော်မတီဖွဲ့ ဆောင်ရွက်သွားရန် ရည်ရွယ်ထားကြောင်းကို ပြည်ထောင်စုလွှတ်တော် နာယက သူရဦးရွှေမန်းက ပြောဆိုခဲ့သည်။ ထို့အပြင် မိမိတို့ ပြည်ထောင်စု လွှတ်တော် အပါအဝင် မြန်မာနိုင်ငံရှိ လွှတ်တော်များအနေဖြင့် ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်မှ စတင်ဖွဲ့စည်းလုပ်ဆောင်ခဲ့ကြရာ ယခုအခါ သုံးနှစ်ပြည့်ခဲ့ပြီ။ ထိုကာလအတွင်း ဆောင်ရွက်ချက်များကိုကြည့်ပါက အတော်အသင့်သာလျှင် ပြည်သူများအတွက် လုပ်ဆောင်ပေးနိုင်ခဲ့ပြီး လုပ် ကိုင်စရာ တာဝန်များစွာ ကျန်ရှိသေးကြောင်းကိုလည်း လွှတ်တော်ဥက္ကဋ္ဌ ကြီးက ဆိုခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com





ထို့အပြင် သူရဦးရွှေမန်းက နိုင်ငံအကျိုးအတွက် သမ္မတဖြစ်လိုကြောင်း၊ နိုင်ငံအကျိုးကို ပို၍ ဆောင်ရွက်နိုင်မည့် သမ္မတထက် ကြီးကဲသော နေရာရှိပါကလည်း လိုချင်ကြောင်း သူ၏ သရုပ်မှန် မင်းသားခေါင်းကို ဆောင်း၍ ပြည်သူအများထံ ဟစ်ကြားခဲ့ပြီးလေပြီ။ လွှတ်တော်ဥက္ကဋ္ဌကြီး၏ စကားများကို သေချာဆန်းစစ်ကြည့်ပါက အခြေခံဥပဒေကို ပြင်ဆင်ရန် ထောက်ခံမှုရာခိုင်နှုန်း အရိပ်အမြွက်မျှ ပါဝင်ကြောင်း သိနိုင်ပါသည်။ ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်ခဲ့မည်ဆိုပါကလည်း မိမိအနေဖြင့် အတူတဲွကွ ညီညွတ်စွာ လက်တွဲဆောင်ရွက်သွားမည့်အကြောင်း ပြောကြားခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

နိုင်ငံသားတိုင်း သမ္မတဖြစ်ခွင့်ရှိသည်။ နိုင်ငံသူ နိုင်ငံသားတိုင်း သမ္မတရာထူးအတွက် ယှဉ်ပြိုင်ခွင့်ရှိသင့်သည်ဆိုသော သမ္မတဦးသိန်းစိန်၏ စကားကို လက်တွေ့အကောင်အထည်ဖော်ပေးရန် ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာ ဒုတိယဝန်ကြီး ဟျူးဂိုဘွိုင်ယာက တိုက်တွန်းပြောကြားခဲ့သည်။ ထိုကိစ္စနှင့် စပ်လျဉ်း၍ ဖေဖော်ဝါရီ (၁) ရက်နေ့က လွှင့်ထုတ်သည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ မိန့်ခွန်းတွင် 'တိုင်းရင်းသားများ အဓိကထား တောင်းဆိုချက်ဖြစ်သည့် တန်းတူညီတူရရှိရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး၊ ရိုးရာယဉ်ကျေးမှုနှင့် ဘာသာစကား ထိန်းသိမ်းနိုင်ရေးမှအစ ပြုသည့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကို တည်ဆောက်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကိစ္စရပ်များသည် အခြေခံဥပဒေ အသက်ဝင်ရှင်သန်ရေးအတွက် အဓိကကျသည့် ဒီမိုကရေစီတန်ဖိုးများ စံနှုန်းများ ပြည့်မီရေးအတွက် ချိတ်ဆက်လုပ်ဆောင်သွားရမည်ဖြစ်ပြီး အခြေခံဥပဒေ ပြင်ဆင်ရေးအတွက် အဓိကတာဝန်ရှိသည့် နိုင်ငံရေးအင်အားစုများဖြစ်သည့် လွှတ်တော်များ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးအစုအဖွဲ့အားလုံးသည် ယခုလုပ်ဆောင်နေသည့် အခြေခံဥပဒေပြင်ဆင်ရေး ကိစ္စရပ်များတွင်ထည့်သွင်းပြင်ဆင်ကြရန်' တိုက်တွန်းပြောကြားသွားခဲ့သည်။

သမ္မတဦးသိန်းစိန်၏ သဘောထားကိုပြောသော စကားများအရ လေ့လာသုံးသပ်ကြည့်ရာတွင် အခြေခံဥပဒေပြင်ဆင်ရေးအတွက် ရာခိုင်နှုန်း အရိပ်အမြွက်မျှ ပါဝင်နေကြောင်း သတိထားမိသည်။ သို့ရာတွင် ယနေ့ အနိုင်ရပါတီဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုကမူ အခြေခံဥပဒေ ၅၉(စ) ကို မပြင်ဆင်ရန် အကြံပြုချက် တစ်သိန်းကျော်သည် အခြေအမြစ်ခိုင်မာမှုရှိသည်ဟု အာမမခံနိုင်ကြောင်း၊ မသေချာကြောင်း၊ ပုဂ္ဂိုလ်ရေးလည်း ဖြစ်နိုင်ကြောင်း၊ အခြေအမြစ်တိကျမှုရှိ၊ မရှိကို နောက်ထပ်ဖွဲ့မည့် ကော်မတီက ပြန်စိစစ်ဖို့လိုကြောင်း ပြောကြားသွားခဲ့သည်။

တစ်ခါ လက်ရှိအနိုင်ရပါတီဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် ဦးအောင်သိန်းလင်းက မိကျောင်းကန် မြေယာကိစ္စနှင့် ပတ်သက်၍ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ မိကျောင်းကန် အပိုင်း (၁၊ ၂) ရပ်ကွက် တပ်မတော်ပိုင်မြေအား ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ်မရှိကြောင်း အိတ်ပိတ်စာဖြင့် ဖြေကြားခဲ့ခြင်းအပေါ်တွင် 'ပြည်သူ့လူထု **မနစ်နာ**စေရန် တတ်နိုင်သမျှ ရပ်တည်ပေးမည်ဖြစ်ပြီး အားကြီးသော**သူနှင့်** အားနည်းသောသူ၊ နစ်နာသူနှင့် အကျိုးအမြတ်ရသူတို့တွင် **နစ်နာသော** ဘယ်သမားဘက်မှ ရပ်တည်မည်ဖြစ်ပြီး ထိုရပ်တည်ချက်အရ **ဆောင်ရွက်**ပေးနေကြောင်း ပြောကြားခဲ့သည်။ ပြည်ခိုင်ဖြိုးပါတီ ပြည်သူ့**လွှတ်တော်**ကိုယ်စားလှယ်တစ်ဦး၏ အားပေးမှုကား ပြည်သူ**များအတွက် [illegible]**တစ်မှုန်ပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ၂၀၀၈ ခုနှစ် အခြေခံဥပဒေ၏ ရေးဆွဲပြီးဥပဒေများသည် တပ်မတော်၏ အခန်းကဏ္ဍ စိုးမိုးကြီးထွားနေမှုကိုသာ ဖော်ညွှန်းထားခြင်းဖြစ်ပြီး လက်ရှိ ပြည်ထောင်စုလွှတ်တော်အတွင်းရှိ တပ်မတော်သား ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း၏ ချုပ်ကိုင်မှုအရကိုကြည့်သော် ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်သူအများ ပြင်ဆင်လိုသည့် အခြေခံဥပဒေများမှာ အဓိကအားဖြင့် တပ်မတော်ပေါ်မှာသာလျှင် မူတည်နေကြောင်း သိသာပါသည်။ ယနေ့ နိုင်ငံရေးအခြေအနေအကျင်းတွင်လည်း ထိုအခြေခံဥပဒေ ပြင်ဆင်ရေးသည် ပေါ်ပြူလာဖြစ်နေလေရာ ထိုအခြေခံဥပဒေကို ပြင်ဆင်ခွင့်ရအောင်ဆောင်ရွက်ကြရမည့် သူတို့ကား မည်သည့်အခန်းကဏ္ဍမှ ပေါ်ထွက်လာခဲ့ကြဦးမည်ကို မည်သူမျှ မခန့်မှန်းနိုင်ကြချေ။ ထိုသူတို့ကား မင်းသားလားဘီလူးလားဆိုသည်ကို အချိန်ကာလက ဆုံးဖြတ်ပေးမည်ဟု ထင်မြင်ယူဆမိပါကြောင်း တင်ပြရေးသားအပ်ပါသည်။

*ရောင်နီကျွန်းယံ*

*(၂၀-၂-၂၀၁၄) နေ့ထုတ်*

◆ ◆ ◆



# အမှန်တရားလိုအပ်ချက် ပြည့်စွက်ဖို့လိုပြီ

နိုင်ငံရေးအကျဉ်းသားတွေကို ပြန်လွှတ်ပေးနေတာကိုတော့ မကြာခဏ ကြားနေရပါတယ်။ ဒါပေမဲ့ ငါးစာချသလိုမျိုး ဟိုနေရာက လှုပ်လှုပ်ဆိုရင် တစ်ခါ လွှတ်လိုက်၊ ဒီနေရာက လှုပ်လှုပ်ဆိုရင် တစ်ခါလွှတ်လိုက်နဲ့ လှုပ်မှလွှတ်တာမျိုးလားတော့ မသိတော့ပါဘူး။ သမ္မတကြီးပြောတာကတော့ ၂၀၁၃ ခုနှစ်ကုန်ပိုင်းမှာ နိုင်ငံရေးအကျဉ်းသားအားလုံးကို ပြန်လွှတ်ပေးမယ်ပြောတယ်။ သည်ပုံစံနဲ့တော့ နိုင်ငံရေးအကျဉ်းသားအားလုံး ပြန်လွှတ်ဖို့ လမ်းမမြင်။

အင်း ‥ သမ္မတကြီးလည်း ဟိုဟာစဉ်းစားရ၊ ဒီဟာစဉ်းစားရပြီးတော့ ကမ္ဘာ့နိုင်ငံတွေနဲ့ ဆက်ဆံရေး အဆင်ပြေအောင်လည်း ပြောရဆိုရသေးတာ မဟုတ်လား၊ ဒီလိုဆိုတော့ ပြောရဆိုရ လုပ်ရကိုင်ရတာတွေများလွန်းလို့ပြောပြီး မေ့သွားတာလား မသိ၊ ပြည်သူတွေကတော့ သမ္မတကြီးစကား ဘယ်မှာမေ့ထားနိုင်ပါ့မလဲ။ မမေ့ထားရက်တဲ့အပြင် မျှော်လင့်ချက်ကြီးတွေနဲ့ ဖြစ်လာနိုး မျှော်ကိုး စောင့်စားရတာလည်း ဟိုသီချင်းထဲကလို 'တစ်နေ့နေ့တော့ ချစ်လာလိမ့်မည် သို့သော် ဘယ်နေ့မှန်းမသိ' ဆိုသလိုဖြစ်နေပေါ့။

www.burmeseclassic.com

www.burmeseclassic.com



သည်ကနေ့ မြန်မာနိုင်ငံတော်ရဲ့ အစိုးရပိုင်းမှာ သမ္မတကြီးဟာ နံပါတ်တစ်ခေါင်းဆောင်တစ်ဦးပါ။ သို့သော်လည်း ကျန်အစိုးရပိုင်းတွေနဲ့ သဟဇာတမဖြစ်သလို ခံစားရတယ်။ ဘာကြောင့်လည်းဆိုရင် သမ္မတကြီးက ဆီဆိုပေမယ့် နောက်က လိုက်လုပ်တဲ့သူတွေက ရေဖြစ်နေတယ်။ ဆီနဲ့ရေဖြစ်မှတော့ ကွာခြားချက်က ရှိတော့တာပေါ့။ အဲဒီကွာခြားချက်အရင်းအမြစ်တွေကို ဘယ်သူတွေ ခံစားရသလဲဆိုတော့ ဘာလာလာ၊ ဘာဖြစ်ဖြစ် ခံစစ်နဲ့ အနယ်ထိုင်ခဲ့ကြရတဲ့ သည်ကနေ့ ပြည်သူလူထုပဲ ခံကြရတာပေါ့။

ကြည့်လေ နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်လိုက်တာမှ တစ်ခါ၊ နှစ်ခါ၊ သုံးခါမက အကြိမ်ကြိမ်ရှိပါပြီ။ ဒါပေမဲ့လည်း အဲဒီနိုင်ငံရေးသမားတွေကိုပဲ အကြိမ်ကြိမ်ဖမ်းတာလည်း မရိုးမအီနိုင်တဲ့ ပြဇာတ်တစ်ပုဒ်ကနေ့သလိုပါပဲ။ အလုပ်မရှိအလုပ်ရှာသလို အများအမြင်မှာ (နိုင်ငံတကာ) အထင်ကြီး လေးစားရအောင် တမင်လုပ်ပြနေသလား အောက်မေ့ရတယ်။ တကယ်တော့ သမ္မတကြီးခမျာ တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ ငြိမ်းချမ်းရေးရယူချင်တာကို အဓိကထားပြီး နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးနေခြင်းလို့ သိရတယ်။ သို့သော်လည်း သမ္မတက လွှတ်ပေးပေမယ့် အောက်ပိုင်းအစိုးရက အကြောင်းပြချက် အမျိုးမျိုးနဲ့ သည်လူတွေကို ဖမ်းဆီးကြပြန်တယ်။ ဒါ ဘာသဘောလဲ၊ ဘယ်လိုနားလည်ရမှာလဲ။

ရှင်ဘုရင် စကားဆိုတာ တစ်ခါပြော တစ်ခါတည်၊ လွှဲဖယ်ရှောင်ရှားလို့ မရဘူးဆိုတာ ရှေးအဆက်ဆက် ရှင်ဘုရင်မင်းပေါင်းအစုံစုံ ရာဇဝင်တွေမှာကတည်းက ရှိခဲ့ကြတာ ပြည်သူတစ်ရပ်လုံး အားလုံးသိကြပါတယ်။ ခုတော့ ရှင်ဘုရင့်စကား ဘယ်သူတွေကများ လေးစားလိုက်နာဆောင်ရွက်ကြပါသလဲလို့တောင် မေးရမလို ဖြစ်နေပြီ။ ကြည့်လေ။ အကျဉ်းသားဘဝက လွှတ်ငြိမ်းချမ်းသာခွင့်နဲ့ သည်နေ့ထွက်လာတယ်။ ဒီမိုကရေစီအရေး



တောင်း ဆိုစရာရှိတာတွေကို ပြည်သူတွေနဲ့ လက်တွဲပြီး ထပ်မံတောင်းဆိုတယ်။

တောင်းဆိုတယ်ဆိုမှတော့ အေးချမ်းစွာ ဆန္ဒထုတ်ဖော်ရတာပေါ့။ ဒါကို အကြောင်းပြချက် မခိုင်မလုံတွေနဲ့ ပုဒ်မ ၁၈ တပ်ပြီး ဖမ်းဆီးကြတယ်၊ ဟုတ်ပြီ။ အေးချမ်းစွာ စီတန်းပါ့မယ်။ အေးချမ်းစွာ လှည့်လည်ဆန္ဒပြပါ့မယ်။ ဘယ်နေ့၊ ဘယ်အချိန်၊ ဘယ်နေရာမှာ လူအင်အား ဘယ်လောက်နဲ့ဆိုပြီး ဆိုင်ရာကို တင်ပြတောင်းခံတယ်။ အဲဒီ ဆိုင်ရာလူကြီးမင်းတွေက သူတို့ ကုလားထိုင် ထိပါးရွေ့လျားမှာ စိုးထိတ်တာကြောင့် တင်ပြတာကို ပိတ်ပင်တားဆီးတယ်။ အကြောင်းအမျိုးမျိုးပြ ပယ်ချတယ်။ ပြောရရင်တော့ ခေါင်းရှောင်တာပေါ့လေ။

ဆိုတော့ကာ ရင်ထဲမှာ မွမ်းကြပ်ပြီး ခံစားချက်တွေကို ဆိုင်ရာအဖွဲ့အစည်းတွေက စပြီး နိုင်ငံတော်သမ္မတကြီးဆီအထိ သိရောက်စေဖို့ ရင်ဖွင့်ပြချင်တဲ့ ပြည်သူ့ဆန္ဒတွေဟာ ခေါင်းရှောင်သူအစိုးရရဲ့ အောက်ခြေပိုင်းခေါင်းဆောင်တွေရဲ့ ပိတ်ပင်တားဆီးမှုကြောင့် ရပ်တန့်သွားရတယ်။ ဖော်ပြခွင့် ဆိတ်သုဉ်းသွားရတယ်။ ဒီမိုကရေစီကို ဖော်ဆောင်နေပါတယ်ဆိုတဲ့ အချိန်ကာလကြီးမှာ ဒီမိုကရေစီစံနှုန်းနဲ့ ရိုးသားစွာ ဆန္ဒထုတ်ဖော်မှုတွေဟာ ဒီမိုကရေစီ အရေခြုံ အာဏာရှူး ဘနုဖုး သိုက်တူးသူတွေရဲ့ သခင်အားရ ကျွန်ပါး၀လုပ်ရပ်တွေကြောင့် လမ်းပေါ်မှာတင် အဆုံးသတ်ခဲ့ရတယ်။

ဒါတင်ပဲလား မကသေးဘူး။ ပုဒ်မ ၁၈ ကို ရေလဲသုံးနေကြတဲ့ အောက်ခြေပိုင်းက တာဝန်ရှိသူတွေဟာ မြေတောင်းသူလား၊ ရေတောင်းသူလား။ မှန်သလား၊ မှားသလား၊ ပြည်သူ့အတွက်လား ငါ့ဆိုတဲ့ တစ်ကိုယ်ကောင်း ဆန်နေသလား ခွဲခွဲခြားခြား မစစ်ဆေး၊ အလကားနေ အမြဲနေတိုးလောက်ကိုသာ အာရုံထားပြီး ပုဒ်မ ၁၈ နဲ့ သိမ်းကျုံးပတ်မှုချပြီး ထောင်

www.burmeseclassic.com

www.burmeseclassic.com



ထဲပြန်ပို့နေကြတာဟာ သည်ကနေ့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီဖော်ဆောင်ရေး မဟာဗျူဟာ လမ်းစဉ်ကြီးလားတော့ မသိတော့ပါဘူး။

ခုတော့ ဘာဖြစ်နေသလဲဆိုရင် နိုင်ငံရေးအကျဉ်းသားတွေဟာ ထောင်ထဲကို ဝင်ချည်၊ ထွက်ချည်နဲ့ ထောင်ယိမ်းက နေကြရတယ်။ မကြာ သေးခင်မှာ ၂၀၁၃ ခုနှစ် ကုန်ဆုံးပါတော့မယ်။ သမ္မတကြီးပြောတဲ့ အကျဉ်းသားအားလုံး လွတ်မြောက်ရေးအစီအစဉ်ကတော့ ရှေ့ပြည်ကြီးနဲ့ ဝေးသထက် ဝေးသွားလိမ့်မယ်လို့ ထင်ရတယ်။ သည်အကြောင်းကို သေချာပြန်တွေးကြည့်ရင် သမ္မတကြီးက ပြောပြီးသားစကားကို မေ့နေတာလား၊ မေ့သွားတာလား၊ မေ့ချင်ဟန်ဆောင်နေတာလား၊ ပြီးတော့ သမ္မတကြီးက နိုင်ငံရေးအကျဉ်းသားတွေကို ဒီလောက်လွှတ်ပေးနေတာကို သမ္မတကြီးရဲ့ အောက်ခြေအာဏာသားတွေက မသိကျိုးကျွံပြုလို့ ဟိုဘက်ဒီဘက် ယိမ်းလို့ရတဲ့ ပုဒ်မ ၁၈ နဲ့ ထောင်ထဲ အတင်းဆွဲသွင်းနေတာ သမ္မတကြီးရဲ့စကားကို မလေးမစား လုပ်နေကြတာလားလို့တောင် တွေးရမလို ဖြစ်နေတယ်။

ဘာပဲဖြစ်ဖြစ် နိုင်ငံရေးအကျဉ်းသားတွေ လုံးဝလွတ်လပ်ခွင့်မရသေးတာတော့ ကျိန်းသေပါတယ်။ သည်ကနေ့ တရားရုံးတော်တော်များများမှာ နိုင်ငံရေးသမား အတော်များများကို ရုံးတင်စစ်ဆေးနေဆဲမို့ နိုင်ငံရေးအကျဉ်းသားတွေ လုံးဝကင်းရှင်းသွားဖို့ဆိုတာကတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ပါဘူး။ အဲဒါကြောင့် ပြင်သစ်နိုင်ငံ ပါရီအခြေစိုက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးအဖွဲ့ချုပ် (အက်ဖ်အိုင်ဒီအိတ်ချ်) က အမေရိကန်သမ္မတအိုဘားမားထံပေးပို့တဲ့ အိတ်ဖွင့်ပေးစာမှာ

မြန်မာအာဏာပိုင်များအနေနဲ့ လယ်သမားများ၊ နိုင်ငံရေးနှင့် လူမှုရေးလှုပ်ရှားသူများ၊ လူ့အခွင့်အရေးကာကွယ်သူများနှင့် တိုင်းရင်းသားမျိုးနွယ်စုဝင်များကို ဆက်လက်ဖမ်းဆီးနေဆဲဖြစ်ရာ ယခင်းဖမ်းဆီးမှုများကြောင့် ၂၀၁၃ ခုနှစ်၊ နှစ်ကုန်ပိုင်း၌ နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးမည်ဟူသော မြန်မာအစိုးရ၏ ကတိကဝတ်မှာ သိက္ခာကျစရာဖြစ်နေကြောင်း လူ့အခွင့်အရေးအဖွဲ့ (၂၄) ဖွဲ့ ပါဝင်လက်မှတ်ရေးထိုးထားသော အက်ဖ်အိုင် ဒီအိတ်ချ် (FIDH) ပေးစာတွင် ဖော်ပြပါရှိပါသည်။



တကယ်တော့ ကိုယ့်နိုင်ငံတော်အရေးဟာ ကိုယ်တွေနဲ့သာ သက်ဆိုင်တယ်ဆိုပေမယ့် နိုင်ငံတကာက သိထားပြီးဖြစ်တဲ့ နိုင်ငံတော်အစိုးရရဲ့ ကနဦးသဘောထား ထုတ်ပြန်ချက်တွေဟာ လမ်းကြောင်းတိမ်းစောင်းသွားတဲ့အခါ သိက္ခာကျစရာဖြစ်တာကတော့ အမှန်ပါပဲ။ သည်အတွက် ဘယ်သူမှာ တာဝန်ရှိသလဲလို့ မေးရမလိုတောင် ဖြစ်နေပါပြီ။ ဘာပဲဖြစ်ဖြစ် လူကြီးဆိုတာ ဆက်ဆံတတ်ဖို့ အရေးကြီးပါတယ်။ သည်ကနေ့ နိုင်ငံတော်အစိုးရဟာ ကနေ့ မြန်မာနိုင်ငံသူ နိုင်ငံသားတွေရဲ့ အကြီးအကဲ လူကြီးတွေပါပဲ။ သည်လူကြီးတွေရဲ့စကားက တစ်ခွန်းဆိုတစ်ခွန်း မှန်ကန်တိကျဖို့လိုပါတယ်။

ဒါမှသာ ရှေ့ကခေါင်းဆောင်သွားရာလမ်းအတိုင်း နောက်လူတွေက လိုက်ကြရမှာမဟုတ်လား။ အဲဒါကြောင့် ရှေ့ကလူ မှန်ဖို့လိုတယ်။ ရှေ့လူမှန်မှ နောက်ကလူ မှန်မယ်။ အားလုံးမှန်မှ တိုင်းပြည်အကျိုးရှိမယ်။ ဒီမိုကရေစီရဖို့ဆိုတာ အားလုံးမှန်ဖို့လိုတယ်။ အားလုံး အခွင့်အရေး တန်းတူရဖို့လိုတယ်။ အားလုံး ပြောရေးဆိုခွင့်ရှိဖို့လိုတယ်။ အဲဒီလိုအပ်ချက်တွေကို ဖြည့်စွက်ပေးဖို့က နိုင်ငံတော်အစိုးရမှာ တာဝန်ရှိပါတယ်။ ဒါဟာ အမှန်တရားပါပဲ။

**ဆောင်းရှုထောင့်**

**(၂-၁-၂၀၁၄) ထုတ်**

www.burmeseclassic.com

www.burmeseclassic.com



# သည်လိုနှင့် မိုးကြိုးချုပ်တော့မယ်

မြန်မာနိုင်ငံရဲ့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ရဲ့ သမ္မတသက်တမ်းက မကြာခင်မှာ ပြည့်တော့မှာဖြစ်တယ်။ ၂၀၁၅ မှာ နောက်ထပ်သမ္မတကို ရွေးချယ်တင်မြှောက်ကြရတော့မယ်ဆိုတော့ ၂၀၁၄ ခုနှစ်ဟာ နောက်ထပ်ရွေးချယ်တင်မြှောက်ကြရမယ့်ကိစ္စအတွက် အသင့်နေရာ ပြင်ဆင်ပြုလုပ်ဖို့ မိမိတို့ရဲ့ ကိုယ်ခံအားတွေကို ရှာဖွေသိမ်းထားကြရမယ့် ပြင်ဆင်ရေးနှစ်လို့ ကင်ပွန်းတပ်ရမည့်ကိန်း ဖြစ်နေပါတယ်။ သမ္မတလုပ်ချင်တဲ့သူတွေကလည်း မိမိကိုယ်မိမိ ယုံကြည်ပြီး လုပ်ကိုင်ဖို့ ရည်ရွယ်ချက်တွေနဲ့ တင်ပြပြောဆိုခဲ့ကြပြီးပြီ။

လက်ရှိ သမ္မတဦးသိန်းစိန်ကလည်း ပထမကတော့ ကျန်းမာရေးကြောင့် အနားယူမယ်ပြောတယ်။ နောက်တော့ အားလုံးက တင်မြှောက်ရင် ပြန်လုပ်ပါ့မယ်လို့ မရှက်မလွန်ပြောထားတာကလည်း အားလုံးအသိပါပဲ။ ဒေါ်အောင်ဆန်းစုကြည်ကတော့ ရှင်းတယ်၊ ပြတ်တယ်။ မြန်မာနိုင်ငံရဲ့ မြန်မာ လူမျိုးတိုင်းရင်းသားအားလုံးကို ဖခင်ဗိုလ်ချုပ်အောင်ဆန်းလို ချစ်ခင်



နှစ်သက် တန်းဖိုးထားပြီးသားဆိုတော့ မြန်မာနိုင်ငံ ကောင်းစားရေးတွေကို ဦးဆောင်ထူထောင်လိုတဲ့အတွက် သမ္မတလုပ်ဖို့ ရည်ရွယ်ချက်ထားပြီး ပြည်သူ့ဆန္ဒအတိုင်း လက်ခံထားပြီး ဖြစ်တယ်။

ခက်တာက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက ဒေါ်စုကို သမ္မတဖြစ်ခွင့်မရအောင် တားဆီးထားတယ်။ ဒါကလည်း (၈၈) အရေးအခင်းနောက်ပိုင်း ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရဲ့ အနိုင်ရလဒ်ကိုကြည့်ပြီး ဒေါ်စုကို ပြည်သူတွေက အားပေးထောက်ခံမှု ဘယ်လောက်ရှိသလဲဆိုတာ သိသွားကြတယ်။ သည့်နောက် ဖြစ်လာတဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံထဲ စစ်အာဏာရှင်တွေ ခေါင်းချင်းရိုက်ပြီး လက်ကြိုတ်ထိုးရေးဆွဲခဲ့ကြတာက ဒေါ်အောင်ဆန်းစုကြည်ကို ဘယ်သောအခါမှ သမ္မတဖြစ်ခွင့် မရရှိစေဖို့ဖြစ်တယ်။ ဒါဟာ ကြိုတင်စီမံညှိနှိုင်းရေးဆွဲခဲ့ကြတဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ။

ဒါကြောင့် ပွင့်လင်းမြင်သာမှုတွေနဲ့ ဒီမိုကရေစီလင်းရောင်ရနေတဲ့ သည်နေ့အချိန်အခါမှာ ယခင်က တံခါးပိတ်ရေးဆွဲခဲ့ကြတဲ့ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ဖို့ ပြည်သူ ၉၀ ရာခိုင်နှုန်းက တောင်းဆိုနေကြတာပေါ့။ ဒါကလည်း တကယ်ကို ပြင်သင့်ပြင်ထိုက်တဲ့ အခုန်တရားပါ။ ပြီးတော့ ဒေါ်စု သမ္မတဖြစ်ခွင့်မရစေဖို့ ပြဋ္ဌာန်းထားတဲ့ ၅၉(စ) တစ်ခုတည်းကိုပဲ ပြင်ရမှာလားဆိုတော့လည်း မဟုတ်ဘူး။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာက စစ်အစိုးရလက်ထက်က ပြဋ္ဌာန်းခဲ့တဲ့အတွက် ဥပဒေမှာ စစ်ဘက်ကို အလေးထားပေးပြီး ပြဋ္ဌာန်းထားတာတွေ ရှိတယ်။ ဒါတွေကိုလည်း ပြန်လည်ပြင်သင့်တာကို ပြင်ကိုပြင်ရမယ်။ ဘာကြောင့်လည်းဆိုတော့ သည်နေ့အချိန်အခါက စစ်အစိုးရလက်ထက်မှ မဟုတ်တော့တာ။

ပြည်သူ့လွှတ်တော်ကြီးကို တည်ဆောက်ပြီး ပြည်သူတွေရဲ့ လွှတ်

www.burmeseclassic.com

www.burmeseclassic.com



တော်ကိုယ်စားလှယ်ကြီးတွေ အားလုံးရဲ့ ဆန္ဒနဲ့ တစ်ပြေးညီ လုပ်ဆောင်ခွင့်ရနေပြီလေ။ ယခင် စစ်အစိုးရတုန်းက စစ်ယူနီဖောင်းဝတ်ခဲ့တဲ့ သည်ကနေ့သမ္မတ ဦးသိန်းစိန်ကိုယ်တိုင် စစ်အာဏာရှင်လေသံပျောက်ပြီး ကိစ္စကြီးငယ်တချို့ကို ဖြေလျှော့ပေးနေတာတွေဟာ အားလုံးသိကြတဲ့အတိုင်းပါပဲ။

မကြာခင်ကဆို နိုင်ငံရေးအကျဉ်းသားတွေအပြင် လွှတ်သင့်လွှတ်ထိုက်တဲ့ အကျဉ်းသားတွေကို လွှတ်ပေးခဲ့ပြီးပြီလေ။

ဒါပေမဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဖို့ ပြည်သူတွေက ဆန္ဒပြသံတွေ ဂုန်းဂုန်းထနေပေမယ့် သမ္မတကြီးဦးသိန်းစိန်နဲ့ လွှတ်တော်ကြီးကတော့ ခပ်ငြိမ်ငြိမ်ဖြစ်နေတယ်။ ဒေါ်စုကတော့ လေးပွင့်ဆိုင်ဆွေးနွေးဖို့ကို ဖြစ်အောင် ကြိုးစားဆောင်ရွက်မယ်လို့ ဆိုတယ်။ သည်ကြားထဲမှာ သမ္မတကြီးဟာ ကာကွယ်ရေးဦးစီးချုပ်ရဲ့အပေါ်မှာ ရှိနေပါတယ်လို့ ဆိုလာတာကလည်း ရှိသေး။ သို့သော်လည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ဖို့ကို ဒေါ်စုကလွဲပြီး ကျန်တဲ့မင်းသားကြီးသုံးဦးက မတုန်မလှုပ်ရှိနေကြဆဲဆိုတာ မျက်မြင်တွေ့နေရတယ်။

မင်းသားကြီးသုံးဦးရဲ့ သဘောထားကို တပည့်တပန်းတွေက ရိုးတိုးရိပ်တိတ် ပြောပေမယ့် သေချာရေရာတာတော့ မဟုတ်ပါဘူး။ ဘာမဲဖြစ်ဖြစ်မဲမပေးတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေအတွက် ရှက်မိပါတယ်ဆိုလာတဲ့ သူရဦးရွှေမန်းစကားကတော့ အားရစရာကောင်းပါတယ်။ ဒါပေမဲ့လည်း တပ်မတော်သားကိုယ်စားလှယ်တွေဟာ သမ္မတကြီးရဲ့ လက်ရုံးတွေပါလားဆိုတာတော့ ခုမှ ရုပ်လုံးပေါ်တော့တယ်။ ဆိုတော့ကာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ဖို့ သမ္မတကြီးက ဘယ်လို နှုတ်ထွက်စကား ဆိုလာမလဲ။ သည်အပေါ်မှာ မူတည်တယ်။ လွှတ်တော်ထဲမှာတော့ အကြမ်းဖျင်း လူစုကွဲနေတာကတော့ ကျိန်းသေတယ်။



သမ္မတကြီး ဦးသိန်းစိန်ကို နိုင်ငံတကာက ဒီမိုကရေစီ လမ်းဖွင့်ပေးသူအဖြစ် ဂုဏ်ပြုကြ၊ ဆုတံဆိပ်တွေ ပေးတာက ဂုဏ်ယူစရာပါ။ ဦးသိန်းစိန်ခများလည်း ဟိုနိုင်ငံ မျက်နှာချိုသွေးရ၊ သည်နိုင်ငံ မျက်နှာချိုသွေးရပြီး အကြွေးစာရင်းရှင်းရ၊ ငှားရတာကလည်း တကယ်တော့ သနားစရာပါ။ သို့သော်လည်း ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကိစ္စမှာတော့ သွေးအေးနေတာ အံ့သြစရာကောင်းတယ်။ သူရဦးရွှေမန်းက သမ္မတလုပ်ချင်တယ်လို့ ပြောတယ်။ ဒေါ်စုကလည်း သမ္မတလုပ်ဖို့ ပြောပြီးသား။ လက်ရှိ သမ္မတကြီးဦးသိန်းစိန်ကတော့ နောက်ပိုင်းမှာ အရင်ကလိုမလုပ်ဘူး၊ မပြောတော့ဘဲ ငြိမ်နေတယ်။ သူများ ပြန်လုပ်ချင်နေသလားမသိဘူးလို့ ပြည်သူတချို့က ထင်ကြေးပေးကြတယ်။

လူဆိုတာက နေရာကောင်းလေးမှာ ပြည့်စုံကုံလုံချမ်းသာစွာနေကြရမယ်ဆိုရင် နေချင်ကြသူတွေချည်းပဲ မဟုတ်လား။ ဆိုတော့ကာ သူလည်းလေ လောကီသားပေမို့ ဤသို့ဖြစ်နိုင်ချေလည်း ရှိပေမပေါ့။ သို့သော် ခေါင်းဆောင်ဆိုတာက နေရာတကာ ခေါင်းရှောင်ဖို့ မဟုတ်ဘူးလေ။ ရဲရဲတင်းတင်း ပြတ်ပြတ်သားသား ပြောဆိုနိုင်၊ ဆုံးဖြတ်နိုင်ရမယ်။ အထူးသဖြင့် သည်နေ့ ဒီမိုကရေစီခေတ်မှာ ပြည်သူရဲ့ဆန္ဒကို ဦးထိပ်ထားပြီး တိုင်း ပြည်ကောင်းစားရေးတွေကို ဆောင်ရွက်ဖို့လိုတယ်။ မြစ်ဆုံစီမံကိန်းတုန်းက ကြည့်။ ဘာမှ ပြတ်ပြတ်သားသား မရှိခဲ့ဘူး။ စီမံကိန်းကို ဆိုင်းငံ့ထားခဲ့တာမဟုတ်လား။ ဆိုင်းငံ့ဆိုတာ ပြီးပြတ်သွားတဲ့ကိစ္စမှ မဟုတ်တာ။ အချိန်မရွေး ပြန်ဆက်လို့ရတဲ့ သဘောရှိတယ်။ ပိုဆိုးတာက သူ့ရဲ့ သမ္မတသက်တမ်းကာလအတွင်းဆိုတော့ကာ ခေါင်းရှောင်မှုဆိုတာ သိသာလှသည်။

ဒါတွေကို ဆင်ခြင်တွေးဆကြည့်လိုက်တော့ သမ္မတကြီးဦးသိန်းစိန် မပြတ်သားတာ၊ ရဲရဲတင်းတင်းမရှိတာ သေချာနေတယ်။ သည်ကနေ့

www.burmeseclassic.com



၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ဖို့ ဒေါ်စုက ပြည်သူတွေရဲ့ ဆန္ဒကိုလိုက်ပြီး ယူနေရာမှာ ပြည်သူ ၉၀ ရာခိုင်နှုန်းက ဖွဲ့စည်းပုံပြင်ဆင်ဖို့ ဆန္ဒပြုနေကြတာ ပွင့်လင်းမြင်သာမှုရှိနေတာပဲလေ။ အလိမ်အညာတစ်ခုမှမပါတဲ့ ပြည်သူ့ဆန္ဒသဘောထားအမှန်တွေပေါ့။ သည်အမှန်တရားတွေနဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ခုချိန်ကစပြီး ပြင်ဆင်သင့်ပြီပေါ့။ ဘာကြောင့်လဲဆိုရင် မကြာခင်မှာ ၂၀၁၅ ကို ရောက်တော့မယ်။ ဒေါ်စု အပါအဝင် သမ္မတဖြစ်ခွင့်ရှိတဲ့ နိုင်ငံသားတိုင်း သမ္မတနေရာကို ပါဝင်ရွေးချယ်ဖို့ ခုကတည်းက ပြင်ဆင်ဆုံးဖြတ်ကြဖို့ လိုနေပါပြီ။

အခုတော့ ကြည့်စမ်းပါဦး။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတဲ့ကြီးမားတဲ့ အဟန့်အတားကြီးကို ပြင်ဆင်ဖို့မဆိုထားနဲ့ ပြည်ထဲရေးက ထုတ်ပြန်တဲ့ ပုဒ်မ ၁၈ ကိုတောင် ပြင်ဆင်ဖို့ သမ္မတကြီးက အမိန့်မပေးသေးဘူးဆိုတော့ ဟိုအကြီးကြီးကို ပြင်ဆင်ပေးဖို့ သဘောတူပါ့မလားဆိုတာ စဉ်းစားစရာ ဖြစ်လာပြီလေ။ အချိန်ဆိုတာ မိမိကို စောင့်နေမှာမှ မဟုတ်တာ။ တရွေ့ရွေ့ ချီတက်သွားလာနေတာဆိုတော့ ဇာတ်ထဲက လူရွှင်တော်များ ပြောသလို သည်လိုပုံနှင့် မိုးကြီးချုပ်လျှင် ကျွန်ုပ်အိမ်သို့ပြန်ရောက်လိမ့်မည်မဟုတ်။ သည်လိုနှင့် မိုးကြီးချုပ်ပါတော့မည် ခင်ဗျားဆိုသလိုတော့ ဖြစ်နေပါပြီ။ ကြည့်လုပ်ကြပါဦးလို့သာ ပြောရပါတော့မယ်။

ဘာပဲဖြစ်ဖြစ် သည်ကနေ့မှာ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေး ပွင့်ပွင့်လင်းလင်း မေးမြန်းကြဖို့ အကောင်းဆုံးအချိန် ရောက်နေပါပြီ။ ပြည်သူများက လွှတ်တော်ကိုယစားလှယ်များအား ပြင်ရေး၊ မပြင်ရေးကို သိရှိအောင် မေးမြန်းကြသတဲ့သို့ ကိုယ်စားလှယ်များကလည်း ပြင်မယ်၊ မပြင်ဘူးဆိုတဲ့အကြောင်း ပြည်သူများသိအောင် ရှင်းပြဖို့ အချိန်တန်နေပါပြီဆိုတဲ့အကြောင်း ဒေါ်စုနဲ့ ထပ်တူထပ်မျှ တင်ပြရင်း သံချောင်းခေါက်



နှိုးဆော်လိုက်ရပါတယ်။ သည်လိုနှင့် မိုးကြီးချုပ်သွားပြီး ဘာမှမဖြစ်ရမှာကိုတော့ တကယ်ပဲ စိုးရိမ်နေမိပါတယ်။ ဒါဟာ ပြည်သူတွေရဲ့ အမှန်တရားဆန္ဒတွေပါပဲ။

*ရောင်နီဂျာနယ်*

*(၁၃-၂-၂၀၁၄) နေ့ထုတ်*

www.burmeseclassic.com

www.burmeseclassic.com



# ကြက်သားဟင်း သံသရာ

ကျွန်တော့်အိမ်တွင် မိသားစု လေးယောက်ရှိသည်။ ကျွန်တော့် ယောက္ခမက အသက်အရွယ်အကြီးဆုံးဖြစ်ပြီး ကျွန်တော်က အိမ်ထောင်ဦးစီး ဖြစ်ကာ ကျွန်တော့်ဇနီးနှင့် ကျွန်တော့်သားက အိမ်ထောင်စုအဖွဲ့ဝင်များဖြစ် ကြသည်။ လူလေးယောက်သာရှိသော မိသားစုထဲတွင် ကျွန်တော့်အမျိုး သမီးက ဘုရား၊ တရားအလုပ်ကို အလေးထားဆောင်ရွက်သူပီပီ အစား အသောက်တွင် သက်သတ်လွတ် (အသားလွတ်) စားသူ ဖြစ်သည်။

ကျွန်တော်က ကြုံရာကျဘမ်း စားသည်ဆိုသော်လည်း ငါးဆိုလျှင် ရွေးချယ်ပြီး စားတတ်သည်။ ငါးတိုင်းကိုမစား၊ ငါးသလောက်၊ ငါးခူလောက် သာ စားသည်။ ကျန်ငါးများစား၍ မရ။ ကျွန်တော့်သားက ကျွန်တော်နှင့် တူသည်။ ကျွန်တော်စားတာ၊ ကျွန်တော်ကြိုက်တာကို ကြိုက်သည်။ ဒီထဲမှာ အသက်အကြီးဆုံးဖြစ်သူ ကျွန်တော့်ယောက္ခမက ဟင်းမျိုးစုံစားသည်။ အသက်အရွယ်ကြီးရင့်ပြီဖြစ်၍ မာသော၊ ရင့်သော အသားနှင့် အသီးအရွက်များကို ရှောင်ပြီး စားတတ်သည်။ အထူးသဖြင့် ငါးမျိုးစုံကြိုက်သည်။



သို့သော်လည်း အဖွဲ့ဝင်လေးဦးမျှရှိသော မိသားစုလေးတွင် အကြိုက်သုံးမျိုးစီကွဲနေရာ နေ့စဉ် ဟင်းသုံးမျိုးကိုစွကို ခွဲ၍ မချက်ပြုတ်နိုင်ပေ။ ထို့ကြောင့် အားလုံးစား၍ ရနိုင်သော ဟင်းတစ်မျိုးကိုရွေး၍ ချက်ရသည်။ ကျွန်တော့်ဇနီး၏ သက်သတ်လွတ်အတွက်ကတော့ သိပ်မပူရ။ သူက ကြုံတာနှင့်စား၍ရသည်။ ထို့ကြောင့် အားလုံးအဆင်ပြေပြေ စားသောက်နိုင်ရေးအတွက် နေ့စဉ် အဓိကချက်ရသောဟင်းမှာ ကြက်သား ဟင်းဖြစ်သည်။

ယောက္ခမကြီးနှင့် ကျွန်တော်တို့ သားအဖအပါအဝင် လူသုံး ယောက်စားသုံးသော ဟင်းဖြစ်သောကြောင့် ကြက်သားဟင်းချက်ရသည်မှာ တွက်ခြေကိုက်သည်။ ကျွန်တော့်ဇနီးသည်အတွက် ဟင်းရွက်ကြော် သက်သတ်လွတ်လေး တစ်ခွက်နှင့်ဆို နေ့စဉ်ဟင်းစားအတွက် စိတ်အေး ရသည်။ သို့သော် နေ့စဉ်တော့ ကြက်သားဟင်းကို ချက်မစား၊ တစ်ရက် နှစ်ရက်ကို ကြက်သားဟင်းချက်စားပြီး ငါးတစ်လှည့်ချက်၍လည်းကောင်း၊ ဟင်းသီးဟင်းရွက်တစ်လှည့်ချက်၍လည်းကောင်း စားပြီးနောက်မှ ကြက်သားဟင်းကို တစ်ကျော့ပြန်ချက်စားကြသည်။

သို့ဖြစ်ရာ ကြက်သားဟင်းမှာ ကျွန်တော်တို့ မိသားစု၏ **သံသရာ** လည် ဟင်းတစ်ခုဖြစ်ရတော့သည်။ အစားအသောက်ရွေးပြီး **တစ်ခုတည်း** တိုသာ အကြိုက်များသည့်အပြင် အသက်အရွယ်အကြီးဆုံးဖြစ်သူ **ယောက္ခမ** ကိုယ်တိုင်က စားသောက်၍ရသော ဟင်းစားဖြစ်၍ ကျွန်**တော်တို့မိသားစု** **၏** ဘရာဗိုဟင်းခွက်တစ်ခွက်အဖြစ် စံတင်ထားခဲ့ရသည်။ **ထို့ကြောင့်** နှစ် ရက်တစ်ခါ သုံးရက်တစ်ခါ ကြက်သားဟင်းကို **ချက်စားခဲ့ကြ** သည်။

ထိုစနစ်ကြောင့် တစ်ခါတစ်ရံ ညှိသည်လာခဲ့**လျှင် ဟင်းချက်**

www.burmeseclassic.com

www.burmeseclassic.com



*စရာရွေးရာ၌ ကြက်သားဟင်းသည် ထိပ်ဆုံးက ပါဝင်ခဲ့သည်။* မိမိအကြိုက်ကို ရှေ့တန်းတင်ရွေးချယ်မှုက ကျင့်သားရနေပြီဖြစ်ရာ ညီ့သည်ကိုလည်း ကြက်သားဟင်းသာ ချက်ကျွေးလေ့ရှိသည်။ ညီ့သည်ကတော့ မကောင်းမပြော။ ခေါင်းညိတ်စားပြီး ပြန်သွားသည်။ ဒီလိုနှင့် ကြက်သားဟင်း သံသရာလည်ခဲ့သည်မှာ လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော်မှ ယနေ့တိုင်ဖြစ်တော့သည်။

ကျွန်တော့်သားသည်ပင် ကလေးမကတော့ လူပျိုကြီးတစ်ယောက်ဖြစ်ကာ ခေတ်နှင့်စနစ်ကိုကိုက်၍ ဒီဇိုင်းတွေ အပြောင်းလဲကြီး ပြောင်းလဲနေသည်။ သို့ရာတွင် ဟင်းစားကတော့ မပြောင်းသေး။ ကြက်သားဟင်း သံသရာက မလွတ်။ သုံးလေးရက်နေသည်နှင့် ကြက်သားဟင်းတစ်ခွက်ကို ပြန်ချက်ကျွေးမှ သဘောကျသည်။ ဩော် သူ့ခမျာ ကြက်သားဟင်းကို နှစ်ပေါင်းများစွာ စွဲစားလာခဲ့ရသူပီပီ ထိုကြက်သားဟင်းကို စွဲလမ်းနေသည်မှာ သိပ်တော့မထူးဆန်းချေ။

ကျွန်တော်တွေးကြည့်သည်။ ကျွန်တော်တို့ ကြက်သားဟင်းကို ဘာကြောင့် ကြိုက်နှစ်သက်ခဲ့ရပါသနည်း။ ဘာကြောင့် ကြက်သားဟင်း သံသရာလည်ခဲ့ရပါသနည်းဟူ၍ မိမိကိုယ်မိမိ မေးခွန်းထုတ်ကြည့်သည်။ တကယ်တော့ ကျွန်တော်တို့က မိသားစုဝင်အချင်းချင်း ညှာညှို၍ ဟင်းကိုတည် စားခဲ့ကြခြင်း ဖြစ်သည်။ ဒီလိုနှင့်ကြာတော့ အရိုးစွဲသွားသည်။ ကြက်သားဟင်းကလွဲ၍ တခြားဟင်းမစားချင်တော့။ စားလို့လည်းမရတော့။ တစ်နေရာမှာ အခြားစားစရာနှင့် ညီ့ခံကျွေးမွေးသည့်တိုင် နောက်ကြောင်းပြန်၍ ကြက်သားဟင်းကို ပြေးစားလိုက်ချင်သေးသည်။ သဘာဝက အထာကျနေခဲ့ပြီလား မဆိုတတ်တော့။

ကျွန်တော် အသက်ခြောက်ဆယ် စွန်းစပြုလာပြီး သန့်ရှင်း၊



တည်မြဲကို မမှတ်မိမှတ်မိရှိနေသည်။ မြန်မာနိုင်ငံ နေရာအနှံ့အပြားမှာ ရောင်စုံသောင်းကျန်းသူတွေ ထကြွခဲ့ပုံများကို ရေးရေးတွေးမြင်လာခဲ့သည်။ ဦးနေဝင်း အစိုးရခေါ် စစ်အစိုးရတက်လာပုံ။ ပြီးတော့ ယူနီဖောင်းလဲဝတ်ကာ ဆိုရှယ်လစ်ပါတီတည်ထောင်ပြီး ၂၆ နှစ်လုံးလုံး မြန်မာပြည်သူပြည်သားတွေကို လက်ပစ်ဗုံး ခေါင်းအုံးအုံးထားသလို နေခဲ့ပုံတွေက အတွေးမှာ ပြန်ပြေးမြင်လာသည်။

နောက်ဆုံး လက်ပစ်ဗုံးကို ကိုင်ထားပေမယ့် ဇရာက ညောင်းလာပြီး ချောင်းတဟွတ်ဟွတ်အဆိုးမှာ လက်ပစ်ဗုံးကျကွဲသွားမှာစိုးတာကြောင့် နီးရာလူလှမ်းပေးပြီး ပြေးထွက်သွားလို့ ပရိသတ်က ဝုန်းခနဲထဆူတဲ့အခါ ရှစ်လေးလုံးပြကွက် ထထွက်ခဲ့ရတာကိုလည်း မှတ်မိသေးသည်။ ဒီအခါမှာ စစ်အစိုးရ ကန့်လန့်ကာကိုချပြီး ပွဲသိမ်းခဲ့ရတာလည်း မြန်မာပြည်ဇာတ်ပွဲရဲ့ ဇာတ်လမ်းတွဲတစ်ခုဆိုတာ သိနေသည်။

ခုတော့ ဒီမိုကရေစီ နောက်ခံကားရှေ့မှာ မားမားမတ်မတ်ထွက်ပြီး ကနေပေမယ့်လည်း ကကွက်ဟောင်းကြီးတွေနဲ့ဆိုတော့ကာ ပရိသတ်က လက်ခံချင်ပုံမရ။ ဒီကြားထဲ အဝတ်အစားသာပြောင်းပြီး လူမပြောင်း၊ မူမပြောင်းသော နောက်ကြောင်းပြန်ခြစားမှုပြဇာတ်မှာ ဟာကွက်တွေထပြည့် နှက်နေတော့သည်။ ဇာတ်စီးသူ ဒါရိုက်တာကလည်း နောက်ကြောင်းပြန်ဇာတ်ကွက်နဲ့ သရုပ်ပျက်ကို ဖော်ကျူးတင်ဆက်ခိုင်းနေမှတော့ ဒီမိုကရေစီ နောက်ခံကားနဲ့ မလိုက်ဖက်တဲ့အသွင်ကို လူတွေအမြင်မှာ တွေ့နေရပြီသည်။

သို့သော်လည်း ကျွန်တော်တို့မိသားစုလေးလို ကြက်သားဟင်း တစ်ခွက်ကိုပဲ မြိန်ရေရှက်ရေ စားတတ်ကြတာမို့ ဟင်းပြောင်းစေချင် ခေါင်းထဲမှာ အစီအစဉ်မရှိ ဖြစ်နေတာကလည်း ကိုယ်ချင်းစာကြည့်တာ သိနိုင်ရာ

www.burmeseclassic.com



သည်။ ဒီမိုကရေစီပြကွက်အသစ်မှာ လူသစ်စိတ်သစ်တွေနဲ့ဆိုတော့ တကယ့်ကို အချိန်တန်ပြီဖြစ်သည်။ သို့ရာတွင် ဇာတ်ခွင်တစ်ခုလုံးကို စီးထားတဲ့ ဇာတ်ဆရာသဘောမှာက နောက်ပိုင်းဇာတ်ထုပ်ကြီးကိုပဲ ပြန်ပြီး ကချင်နေသေးသည်။

ဇာတ်ခွင်မှာပါတဲ့ မင်းသား၊ မင်းသမီး၊ လူရွှင်တော်၊ လူကြမ်းအပါအဝင် ဇာတ်သမားအားလုံးကို ဇာတ်ဆရာကြီးက အသာစီးကနေပြီး အမိန့်ပေးချင်နေသေးသည်။ ကကွက်မပြောင်း၊ ဆိုကွက်မပြောင်းဘဲ လူပြောင်းရုံကလေးနှင့် ဇာတ်ပွဲကြီးရုံလျှံဖို့ ကြံစည်နေသည့် ဇာတ်ဆရာအတွက် ဒီမိုကရေစီ ကန့်လန့်ကာသည် ဘယ်သောအခါမှ ဖွင့်ချပြရလိမ့်မည်မဟုတ်ပေ။ နောက်ကြောင်းပြန်အတွေးကင်းကာ ဇာတ်ဆရာအတွေးမတွေးမှ အားလုံးအရေးနှင့် လိုက်ဖက်လိမ့်မည်ထင်သည်။ အဓိကကောင်းကွက်ရလိုပါလျှင် ပြောင်းလဲချက်များကိုရှာဖွေရန် လိုအပ်ပေသည်။

အသစ်ဆိုသည်မှာ အဟောင်းများကို စွန့်လွှတ်နိုင်ပါမှ သစ်လွင်တောက်ပမည်သာ ဖြစ်သည်။ ကျွန်တော်တို့မိသားစု နောက်ကြောင်းပြန်ချက်စားလေ့ရှိသည့် ကြက်သားဟင်း၏ သံသရာလို မဖြစ်စေလိုပါ။ ဟင်းကောင်းတစ်ခွက် စားရဖို့အရေး ဟင်းပြောင်းချက်သင့်က ချက်ရပါမည်။ သို့မှသာ စားကောင်းသော ဟင်းတစ်ခွက်ကို စားကြရမည်ဖြစ်သည်။ ယနေ့ မြန်မာနိုင်ငံသည် ဟင်းကောင်းတစ်ခွက်ကို စားသုံးရန် အခွင့်အရေးပေးနေပါပြီ။ ညီတူညီမျှ လက်ဆွဲချက်စားကြရန်သာ လိုသည်။ သံသရာလည်နေသော ကြက်သားဟင်းခွက်ကို မေ့ကွက်ပြီး ရှေ့ထွက်၍ ဟင်းအသစ်ကိုစားစေချင်ပါသည်။

ဟင်းကောင်းရနံ့ကား မွှေးကြိုင်စွာ ထွက်ပေါ်နေပါပြီ။ အလင်းရောင်လည်း ဖြာထွက်စပြုနေလေပြီ။ လူသစ်စိတ်သစ်ဖြင့် ခြေလှမ်းသစ်လှမ်း



ကာ ဒီမိုကရေစီပန်းတိုင်သို့ ညီညာသွက်လက် မပျက်မကွက် ချီတက်ကြပါစို့ဟု အတွေးသစ်ဖြင့် ရေးခြစ်ကာ ဆန္ဒပြုတင်ပြအပ်ပါသည်။

*မရှိမဖြစ်ဂျာနယ်*

***Essential Days***

*(၁၀-၁၀-၂၀၁၃) နေ့ထုတ်*

www.burmeseclassic.com

www.burmeseclassic.com



## လမ်းကောင်းပေါ်ရောက်ဖို့ လမ်းမှန်လျှောက်ဖို့လိုမယ်

နံနက်တိုင်း ဈေးသို့ ဈေးဝယ်သွားလေ့ရှိရာ အိမ်နှင့်ဈေးမှာ မနီးမဝေးမို့ စက်ဘီးစီး၍သွားရသည်။ ရပ်ကွက်ထဲမှာက ကတ္တရာခင်းလမ်းက ခပ်ရှားရှား၊ ခင်းထားသည်ကလည်း မြို့သစ်စတည်ထဲကမို့ အနှစ် (၂၀) ဝန်းကျင် ရှိခဲ့ပြီ။ ထို့ကြောင့် ကတ္တရာလမ်းတစ်လျှောက် ကတ္တရာပျောက်ကာ ချိုင့်ခွက်များက ဟိုတစ်ကွက်ဒီတစ်ကွက်နှင့် ကျောက်ပေါက်မခွက်များသဖွယ် ဖြစ်နေသည်။ သက်ဆိုင်ရာက ကြည့်ကောင်းကောင်းနှင့် ကြည့်နေဆဲပင်။

ရပ်ကွက်အုပ်ချုပ်ရေးမှူးကလည်း မပြော၊ မြို့နယ်အုပ်ချုပ်ရေးမှူးကလည်း မသိ၊ လာကြည့်ဖို့ဝေးရော စည်ပင်ဝန်ထမ်းတွေကတော့ ရပ်ကွက်ထဲက လမ်းဘေးဈေးသည်တွေနဲ့ ဈေးဆိုင်လေးတွေဆီ အခွန်စည်းကြပ်ကောက်ခံတာတွေ ရှိနေပေမယ့်လည်း ကတ္တရာလမ်းမကြီး ပျက်စီးယိုယွင်းနေတာ သူတို့မဆိုင်သလိုနဲ့ အဲဒီလမ်းမပေါ်မှာပဲ နေ့စဉ် လျှောက်သွားလျှောက်လာပြနေတာကိုတော့ တွေ့နေရပြန်သည်။ စည်ပင်က တာဝန်ရှိသူတွေက မသိတာလား၊ မကြည့်တာလား၊ ဒစ်တာလား၊ မချစ်တာလားတော့ မသိရှိစေတော့။



ကတ္တရားလမ်းပျက်သည်က နှစ်ပေါင်းကြာပြီမို့ တော်အံ့ထင်ရသည်။ ဘာမျှမကြာသေးသော ပထမအကြိမ် ရွေးကောက်ပွဲကြီးကျင်းပမည့် (၂၀၁၁) ခုနှစ် ကာလ ရှေ့စောစောပိုင်း (၂၀၁၀) ခုနှစ် ကာလနှောင်းပိုင်းမှာ ရပ်ကွက်ထဲက လမ်းတချို့ကို ပြည်ခိုင်ဖြိုးပါတီက လိုက်လံခင်းပေးခဲ့ကြသည်။ ကတ္တရာလမ်းတော့မဟုတ်၊ ကွန်ကရစ်လမ်းဖြစ်သည်။ သို့သော်နွေမှာ ဖုန်တစ်ဝုန်းဝုန်းထ၊ မိုးရွာ ရွှံ့ဗွက်ကပ်တာထက်စာရင် ကွန်ကရစ်လမ်းက ဖုန်မကပ်၊ ရွှံ့မပေ သွားလာနိုင်သည်မို့ ရပ်ကွက်သူရပ်ကွက်သားတွေက ကျေးဇူးတင်ခဲ့ကြရသေးသည်။

ဒီလို ကွန်ကရစ်လမ်းခင်းပေးဖို့ကို ယခင်က အကြိမ်ကြိမ် တောင်းဆိုခဲ့သော်လည်း ထူးခြားမလာသည့်ကြားထဲက ရွေးကောက်ပွဲအနီးမှာ ဖြန်းဒိုင်းနဲ့ လမ်းတွေခင်းလာပေးတာကိုပဲ ပြည်သူတွေက ကျေးဇူးတင်ကြရသည်။ သို့မဟုတ်ပါက တော်တော်နှင့် ကွန်ကရစ်လမ်းခင်းဖြစ်မည်မထင်၊ ထိုသို့ ဖြန်းဒိုင်းခင်းပေးခဲ့သော (ယခုမှ သက်တမ်းသုံးနှစ်သာရှိသေးသော) အဆိုပါ ကွန်ကရစ်လမ်းကား ဟိုနေရာကပဲ့၊ ဒီနေရာကကြွေနှင့် လမ်းပျက်ဘဝ ရောက်ရသည်နှင့်ယှဉ်လျှင် အိုပယ်စာရင်းဝင် ကတ္တရာလမ်းပျက်စီးရသည်မှာ ဘာမျှမဆန်းတော့ချေ။

ဆိုတော့ကာ ထိုကွန်ကရစ်လမ်းများသည်ပင် ရပ်ကွက်ထဲ အထု[illegible] မခင်းနိုင်၊ ရွေးကောက်ပွဲပြီးတော့ လမ်းခင်းစီမံကိန်းလည်း ထိုးရပ်သွားသည်။ တချို့လမ်းများဆိုလျှင် တစ်ဝက်လမ်းခင်းပြီး တစ်ဝက်[illegible] နှင့် ထားရစ်ခဲ့သည်။ မကြာသေးမီကတော့ ပြန်ပြီးလှုပ်လီလှုပ်[illegible] လမ်းခင်းသည်များ မြင်လာရပြန်သည်။ သြော် … ဒုတိယအကြိမ် ၂၀၁၅ ခုနှစ်၊ ရွေးကောက်ပွဲကြီးနီးလာပြီမို့လားတော့ မပြောတတ်၊ [illegible] ဆော့ တကယ်ဖြစ်လာမှန်း သိလာသည်။ သို့ရာတွင် ပျက်[illegible]

www.burmeseclassic.com



လမ်းကို ပြင်ပေးဖို့မှာတော့ ဘယ်သောကာလမှ ဖြစ်လာမည်မသိ။

ဒီလိုနှင့် နေ့စဉ်နံနက်တိုင်း စက်ဘီးစီး၍ ထိုကွန်ကရစ်လမ်းနှင့် ကတ္တရာလမ်းတို့အပေါ်မှ လမ်းကောင်းကို ရွေး၍ ဈေးသို့သွားရမြဲဖြစ်သည်။ မိမိကား ငယ်စဉ်မှစ၍ ပင်စင်စား အငြိမ်းစားဖြစ်သည်ထိ လုပ်ငန်းခွင်မှာရော အပြင်မှာပါ စည်းကမ်းရှိစွာ ပြောဆိုနေထိုင်ကျင့်ကြံလာခဲ့သူ ဖြစ်သည်။ ထို့ကြောင့် စက်ဘီးစီးရာတွင်လည်း စည်းကမ်းအတိုင်း ညာဘက် လမ်းကိုကပ်၍ စီးနင်းလေ့ရှိသည်။ ဖော်ပြခဲ့ပြီးသော ရပ်ကွက်ထဲမှ ကွန်ကရစ်လမ်းနှင့် ကတ္တရာလမ်းများမှာ ပျက်စီးနေသည်ဖြစ်ရာ ဈေးသို့အသွား ညာဘက်အခြမ်းက လမ်းကောင်းဖြစ်သော်လည်း ဈေးပြန် ညာဘက်အခြမ်း လမ်းကား ပျက်စီးနေသောလမ်းနှင့် ထိပ်တိုက်ရင်ဆိုင်ရသည်က များသည်။

ထိုအခါ မိမိကဲ့သို့ ဈေးသွားဈေးပြန် အများသူငါများလည်း စက်ဘီးဆိုင်ကယ်စီး၍ သွားလာနေကြသည်ဖြစ်ရာ အမြဲတမ်း မိမိနှင့် မျက်နှာချင်းဆိုင် တွေ့ဆုံကြရမြဲဖြစ်သည်။ ဒီကြားထဲ စက်ဘီးထက် အင်အားကြီး သော တရားမဝင်စီးကြသည့် ဆိုင်ကယ်ကို မျက်လုံးပြူး မျက်ဆံပြူးကြည့်၍ ရှောင်ရသည့်အလုပ်မှာလည်း မိမိအတွက် အလွန် အရေးကြီးသော အကြောင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မိမိအိမ်နှင့် မလှမ်းမကမ်း လမ်းခွဆုံတွင် တစ်နေ့ ညနေပိုင်းက ရပ်စကားပြောနေသည့် အသက် (၁၈) နှစ်အရွယ် လူငယ်လေးတစ်ဦးကို ဆိုင်ကယ်တစ်စီးက ဝင်တိုက်ပြီး မောင်းထွက်ပြေးသွားရာ အတိုက်ခံရသူ လူငယ်မှာ အကြောင်း မလှစွာ သေဆုံးခဲ့ရှုးသည့်အဖြစ်ကို မိမိကိုယ်တိုင် မြင်တွေ့ဖူးခဲ့သောကြောင့် ဖြစ်သည်။

ထို့ကြောင့် ဆိုင်ကယ်ဆိုလျှင် သူရှောင်ရှောင် မရှောင်ရှောင် ကိုယ်ကရှောင်ရန် ကြိုးစားရခြင်းဖြစ်သည်။ ဤသို့ ဆိုင်ကယ်၊ စက်ဘီး



တိုက်ကြရသည့်အကြောင်းရင်းမှာလည်း စည်းကမ်းပျက်စွာ မောင်းနှင်မှု တစ်နည်းအားဖြင့် လမ်းမှန်လမ်းမှားနှစ်ခုတွင် လမ်းမှားကို ဆောင်ရွက်ကြခြင်းကြောင့် အန္တရာယ်ဖြစ်ကြရခြင်းဖြစ်သည်။ မိမိသွားသည့် ဈေးသွားဈေးပြန်ခရီးတိုလေးတွင် နေ့စဉ်တွေ့မြင်နေရသည်မှာ စက်ဘီး၊ ဆိုင်ကယ် စီးနင်းသူအများစုမှာ စည်းကမ်းပျက်စွာ မောင်းနှင်နေမှုတွေ ဖြစ်သည်။ ထို့ကြောင့် လမ်းမှန်စီးနင်းသော မိမိနှင့် မကြာခဏ ထိပ်တိုက်ဆုံတွေ့ကြရသည်။ ဤသို့ဖြစ်နေရခြင်းမှာ ရပ်ကွက်အတွင်းလမ်းများ၌သာဖြစ်၍ တော်သေးသည်၊ ကားကြီးကားငယ် အသွယ်သွယ်သွားသော လမ်းမကြီးများဆိုပါက မည်မျှ အန္တရာယ်များလိုက်မည်ဆိုသည်ကို မတွေးတတ်နိုင်တော့ပေ။

ဤတွင် မိမိသတိထားကြည့်ဆင်ခြင်မိသည်မှာ အများစုသည် လမ်းပျက်ကိုရှောင်၍ လမ်းကောင်းကိုရွေးကာ စီးနင်းမောင်းနှင်ကြသောကြောင့် ဖြစ်သည်။ မိမိကိုယ်တိုင်လည်း လမ်းကောင်းကို ရွေးချယ်စီးနင်းချင်သူဖြစ်သည်။ သို့ရာတွင် မိမိသွားရာ တူရှု၌ လမ်းကောင်းရှိချင်ရှိမည်။ လမ်းပျက်ရှိချင်ရှိမည်။ မိမိကား စည်းကမ်းရှိစွာဖြင့် ထိုလမ်းကိုဖြတ်ကျော်သွားရမည်သာ ဖြစ်သည်။ ထိုအခါ လမ်းပျက်နှင့် ဆုံချင်ဆုံမည်။ လမ်းကောင်းနှင့် ကြုံချင်ကြုံမည်။ အမြဲချည်း လမ်းပျက်နှင့်မဆုံနိုင်၊ မုန်တိုင်းသန်ပြီးပါက လေပြေလေညှင်းလာသည့်သဖွယ် ခံစားရမည်ဟု ယုံကြည်သည်။ လူ့လောကသဘာဝအရလည်း ဘဝသည် နိမ့်ချည်တစ်ခါ သာချည်တစ်လှည့်ဟု ဆိုထားသည်မဟုတ်ပါလား။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးခဲ့သည်မှာ (၆၆) နှစ်ပြည့် မြောက်ခဲ့ပါပြီ။ ချင်း၊ ကချင်၊ ကရင်၊ ကယား၊ မွန်၊ မြန်မာ၊ ရခိုင်၊ ရှမ်း စသည့်ညီနောင် တိုင်းရင်းသားညီအစ်ကိုများ သွေးစည်းညီညွတ်၍ ပြည်ထောင်စုကြီးကို

www.burmeseclassic.com

www.burmeseclassic.com



ကာကွယ်စောင့်ရှောက်ခဲ့ကြသည်မှာလည်း (၆၇) နှစ်တိုင်ခဲ့ပြီ ဖြစ်သည်။ ထိုနှစ်ပေါင်းကာလရှည်ကြီးထဲတွင် တိုင်းရင်းသား ပြည်သူအပေါင်းတို့သည် လမ်းကောင်းကိုမျှော်တွေးရင်း ခရီးဆက်ခဲ့ကြသူများဖြစ်သည်။ ပြည်သူတို့ မျှော်မှန်းသည့်လမ်းကောင်းကြီးကား ဒီမိုကရေစီပင် ဖြစ်သည်။ ထိုလွတ်လပ်၍ တရားမျှတသော ဒီမိုကရေစီကိုရရှိရန် ယနေ့သည် ရောင်ခြည်သန်းလျက် ရှိနေလေပြီ။

ပြည်သူက ရွေးချယ်ပေးသော အစိုးရသစ်လည်း ပေါ်ထွက်လာခဲ့ပြီး ဖြစ်ရာ အစိုးရနှင့်ပြည်သူ ကြည်ဖြူစွာလက်တွဲ၍ ဒီမိုကရေစီလမ်းကောင်းပေါ်သို့ ရောက်ရှိရန် ဆက်၍ ကြိုးစားသွားကြရမည်သာ ဖြစ်သည်။ ထိုအခါ လမ်းကောင်းပေါ်ရောက်ရှိရေးအတွက် လမ်းမှန်လျှောက်ကြဖို့မှာ အဓိက ကျပေသည်။ ထို့ထက်ပို အဓိကကျသည်မှာ နိုင်ငံနှင့်လူမျိုးကိုချစ်သည့် စိတ်ထားရှိရန်ပင် ဖြစ်သည်။ တိုင်းပြည်နှင့်လူမျိုးကို တကယ်ချစ်ပါမှ မိမိကိုယ်ကျိုးကိုစွန့်၍ တိုင်းပြည်နှင့်လူမျိုးအတွက် အမှန်တကယ် ဆောင်ရွက်ပေးနိုင်မည် ဖြစ်သည်။ သို့မဟုတ်ပါက မိမိလက်ဝယ်ရှိသော အာဏာဂုဏ်မာနနှင့် အဆောင်အယောင်အသိုင်းအဝိုင်းကြား၌သာ ယစ်မူးပြီးလမ်းမှန်မရောက်နိုင်ဖြစ်စေမည်။ ထို့ကြောင့် လမ်းကောင်းပေါ်ရောက်ရှိရန် အစိုးရရော ပြည်သူပါ လမ်းမှန်မှာလျှောက်ကြဖို့ လိုအပ်ပါသည်။

အမျိုးသားညီညွတ်ရေးဆိုသည်မှာ ခေါင်းဆောင်များသာ ညီညွတ်ခြင်းကိုမဆိုလို၊ လူမျိုးဘာသာ ယောကျ်ား၊ မိန်းမ၊ ဂိုဏ်းဂဏခွဲခြား တစ်နိုင်ငံလုံး ပြည်သူပြည်သား လူထုတစ်ခုလုံး အပြောသာမဟုတ်၊ အလုပ်နှင့်တကွ အမျိုးသားတို့၏ အလိုဆန္ဒအလျောက် ပြည့်ဝနိုင်ရန် အမျိုးသားတို့၏ လုပ်ငန်းများတွင် သောင်းသောင်းဖြဖြ စိတ်ရောကိုယ်ပါ ညီညွတ်ကြသည်ကိုဆိုလိုသည်ဟု ပြောကြားခဲ့သော လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်



အောင်ဆန်း၏ စကားကို မမေ့မလျော့မပေါ့ဆဘဲ အစဉ်သတိရအောက်မေ့ကာ ဒီမိုကရေစီလမ်းကောင်းပေါ်သို့ လမ်းမှန်စည်းကမ်းမှန် စိတ်ဓာတ်အမှန်ဖြင့် လျှောက်လှမ်းကြဖို့ တိုက်တွန်းရေးသားအပ်ပါသည်။

*ဒီမိုကရေစီဂျာနယ်*

*(၄-၃-၂၀၁၃) နေ့ထုတ်*

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



# မြို့မသိန်

## ကိုယ်ရေးအကျဉ်း

အမည်ရင်းမှာ ဦးတင်ဝင်းဖြစ်ပါသည်။ ၁၉၆၇ ခုနှစ်၊ အောက်တိုဘာလ (၇) ရက်၊ စနေနေ့မှာ အဖ ဦးညွန့်ထင် + အမိ ဒေါ်တင်မြင့်တို့မှ ရန်ကုန်မြို့မှာ မွေးဖွားခဲ့ပါသည်။ မွေးချင်း (၅) ယောက်အနက် အငယ်ဆုံးသားဖြစ်ပါသည်။ ၁၉၇၂ မှ ၁၉၈၅ ထိ အ-ထ-က (၂) ဒဂုံ ယခင်မြို့မကျောင်း ရန်ကုန်မြို့တွင် သူငယ်တန်းမှ ဒသမတန်းထိ တက်ရောက်ပညာသင်ကြားခဲ့ပါသည်။ ၁၉၈၇-၈၈ တွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်စက်မှု အထက်တန်းကျောင်းတွင် ဆက်လက်ပညာသင်ကြားခဲ့ပါသည်။ ကျောင်းသားဘဝမှစတင်၍ ပန်းချီဆွဲခြင်း၊ ကဗျာရေးခြင်း၊ ဂစ်တာတီး သီချင်းဆိုခြင်း စသည့် အနုပညာအလုပ်များ ဝါသနာပါခဲ့ပါသည်။ ယခုလက်ရှိ 'မင်းငြိမ်းခ' ကလောင်အမည်ဖြင့် ကဗျာများရေးသားခြင်း၊ 'မြို့မသိန်' ကလောင်အမည်ဖြင့် ဆောင်းပါးများ ရေးသားခြင်းများ လုပ်ကိုင်လျက်ရှိပြီး ရွှေပြည်သာမြို့သစ်၌ မိသားစုနှင့်အတူတကွ နေထိုင်လျက်ရှိပါသည်။

အိမ်အမှတ်- ၄၁၉၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၈)ရပ်ကွက်၊ ရွှေပြည်သာမြို့သစ်။ ဖုန်း- ၀၁ ၆၁၁၉၁၄၊ ၀၉ ၂၅၀၁၆၅၀၀၈



## မြန်မာ့နိုင်ငံရေးဖြစ်စဉ်နှင့် ထောင်ချောက်များ

ကျွန်တော် အကဲခတ်လေ့လာမိသလောက်ဆိုရင် ထောင်ချောက်ဆိုတဲ့သဘောဟာ သူ့အလိုလိုဖြစ်တတ်တဲ့သဘောမရှိ၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် (ဝါ) တစ်စုတစ်ဖွဲ့က လုပ်ကြံဖန်တီးမှုကြောင့်သာ ဖြစ်လာရတဲ့သဘောမျိုးဖြစ်တယ်။ ဥပမာ - မုဆိုးတစ်ယောက်ဟာ သားကောင်တွေကို ဖမ်းဆီးတဲ့နေရာမှာ သူ့မှာပါတဲ့ လက်နက်၊ ကိရိယာ၊ တန်ဆာပလာကို အသုံးပြုပြီး ဖမ်းတာဆီးတာတွေ လုပ်မယ်၊ မရတဲ့အခါ သားကောင်တွေကို အငိုက်မိစေတဲ့ ထောင်ချောက်ဆင် ဖမ်းဆီးတဲ့ နည်းကိုအသုံးပြုမယ်၊ ဘယ်နည်းကိုပဲသုံးသုံး မုဆိုးတစ်ယောက်ရဲ့ ရည်ရွယ်ချက်က သားကောင်တွေ ဖမ်းမိဖို့ လိုရင်းပဲ၊ တရားတာ၊ မတရားတာ သူမသိ၊ သူ့အတွက် သားကောင်တွေရဖို့ အဓိကပဲ။

အခု မြန်မာပြည်က ကျွန်တော်တို့ မြန်မာပြည်သူတွေဟာ မုဆိုးတွေ ဝိုင်းရံထားခြင်းခံထားရတဲ့ သားကောင်တွေပမာ ဖြစ်နေပြီ။ မုဆိုးတွေက မသမာတဲ့နည်းတွေနဲ့ ထောင်ထားတဲ့ ထောင်ချောက်ထဲကို တိုးဝင်လာမိ ဖြစ်နေတဲ့ သားကောင်တွေလို ဖြစ်နေတယ်။ အဲဒီထောင်ချောက်တွေဟာ မုဆိုးတွေရဲ့ ရည်ရွယ်ချက်ရှိရှိဖန်တီးထားတဲ့ ထောင်ချောက်တွေဖြစ်တယ်။ မတရားသောနည်း၊ မမျှတသောနည်း၊ မှုမမှန်သော နည်းတွေနဲ့ လှည့်စားသိမ်းသွင်းနေတဲ့ ထောင်ချောက်တွေဖြစ်တယ်။ ဒီထောင်ချောက်တွေရဲ့

www.burmeseclassic.com

www.burmeseclassic.com



နည်းပရိယာယ်တွေဟာ ရိုးလွန်းပါတယ်။ သို့သော် အကာအကွယ်မဲ့ သားကောင်တွေအတွက် အဘက်ဘက်က ထိခိုက်နစ်နာစရာတွေ ရှိလာနိုင်ပါတယ်။

နောက်ပြီး ဒီထောင်ချောက်တွေကို ဆင်ထား၊ ထွင်ထား၊ ထောင်ထားတဲ့ မုဆိုးတွေ (ဝါ) တရားခံတွေဟာ၊ ဘယ်သူတွေ (ဝါ) ဘယ်လိုလူစားတွေဆိုတာ၊ အသိဉာဏ်မြင့်မားတဲ့ ပညာဗဟုသုတကြွယ်ဝတဲ့ ဦးနှောက်နှင့် နှလုံးသားအရည်အသွေး မြင့်မားထက်မြက်တဲ့ သားကောင်တွေက ကောင်းကောင်း ရိပ်စားမိကြပါတယ်။ ဘာအတွက် ထောင်ချောက်တွေက တစ်ခုပြီးတစ်ခု လုပ်နေတယ်ဆိုတာလည်း ကောင်းကောင်းသဘောပေါက်ကြပါတယ်။ ဘယ်လိုရည်ရွယ်ချက်၊ ဘာအမြော်အမြင်နဲ့ လုပ်ထားတယ်ဆိုတာကိုလည်း သူတို့ အတွေ့အကြုံအရ သိနေကြပါတယ်။ ဒါပေမဲ့ အချို့ အချို့သော သာမန်သားကောင်တွေ၊ အဲဒီထောင်ချောက်တွေထဲက တိုးဝင်သွားမိရင် အတိဒုက္ခရောက်ဖွယ် ရှိနိုင်ပါတယ်။

အခု မြန်မာပြည်ရဲ့ အနေအထားတွေဟာ မြဝတီရုပ်သံက ထုတ်လွှင့်ပေးနေတဲ့ သံစဉ်များနဲ့ကမ္ဘာ မဟုတ်ဘဲ၊ ထောင်ချောက်များစွာနဲ့ မြန်မာဖြစ်နေပါတယ်။ အရွယ်အစားအမျိုးမျိုး၊ ပုံသဏ္ဌာန် အမျိုးမျိုးနဲ့ လုပ်ကြံဖန်တီးနေတဲ့ ထောင်ချောက်တွေပဲ ဖြစ်ပါတယ်။ ဒီထောင်ချောက်တွေကို တပ်ဆင်ထားတဲ့ လက်သည်တရားခံတွေဟာ လုပ်ကြံဖန်တီးနေတဲ့ ရာဇဝတ် ကောင်တွေဟာ တိုင်းပြည်ရဲ့မျက်နှာကို ကြည့်တတ်သူတွေမဟုတ်ပါ။ ပြည်သူ့ရဲ့ဘဝကို စာနာနားလည်မှုလည်း မရှိခဲ့ကြပါ။ တစ်တိုင်းပြည်လုံး၊ ပင့်ပက္ခနဲ့ အခက်အခဲဒုက္ခမျိုးစုံနဲ့၊ ပြဿနာပေါင်းစုံနဲ့၊ မီးဟုန်းဟုန်းတောက်လောင်နေတာကို တွေ့မြင်ချင်သူတွေပါ။ ပြည်သူတွေ အထိတ်တလန့်နဲ့ ကျီးလန့်စာစားဖြစ်နေတာကို မျက်စိအရသာခံ ကြည့်နေချင်သူတွေပါ။



လူသားကမ္ဘာမှာ လူသားရဲ့ဘဝစဉ်တစ်လျှောက်မှာ လောကကို အလှဆင်သူ၊ လောကငြိမ်းချမ်းလှပသာယာအောင် ဖန်တီးသူဟာ တိုင်းပြည်အတွက် လူမျိုးတစ်မျိုးအတွက် လိုအပ်တာပါ။ နိုင်ငံကောင်းကျိုး၊ ပြည်သူလူထုကောင်းကျိုး၊ လုပ်ကိုင်ဆောင်ရွက်သူကိုသာ အလိုရှိကြတာပါ။ တိုင်းပြည်နဲ့လူမျိုးကို ဖျက်လိုဖျက်ဆီးလုပ်နေတဲ့ အချောင်သမားများ၊ မိမိရဲ့အကျိုးအတွက် တိုင်းပြည်နဲ့လူမျိုးကို ခုတုံးလုပ် အသုံးချနေတဲ့ အမှောင်ဝါဒီများကို ဘယ်တိုင်းပြည်၊ ဘယ်လူ့အဖွဲ့အစည်းကမှ လက်မခံပါ။ အခွင့်အာဏာရှိနေတုန်းတော့ ရွံ့ကြောက်ကြောက်တာမျိုး၊ ချစ်ဟန်ဆောင်တာမျိုး၊ ရှိကောင်းရှိနေမှာပါ။ သို့သော် အခွင့်အာဏာ မရှိတော့တဲ့အခါ ပြည်သူတွေက တစ်ချက်ကလေးတောင် လှည့်ကြည့်ကြမှာ မဟုတ်ပါ။

ကျွန်တော်တို့ နိုင်ငံမှာ အလှဖန်တီးရှင်တို့၊ ငြိမ်းချမ်းရေးဖော်ဆောင်သူတို့၊ နာမည်ကျော်ကြား လူကြိုက်များနေတဲ့ အချိန်မှာပဲ အခု မြန်မာပြည်မှာ ဘာသာရေး၊ လူမျိုးရေး၊ အဓိကရုဏ်းဖြစ်အောင် လှုံ့ဆော်ကြံစည်နေသူတို့၊ ဗုံးထောင်ဗုံးခွဲပြီး တိုင်းပြည်ပြိုကွဲပျက်စီးအောင် လုပ်ကြံဖန်တီးနေသူတို့ ဆိုတာတွေ ပေါ်ပေါက်လာပြန်တယ်။ ခုလည်း တိုင်းပြည် မငြိမ်မသက်ဖြစ်အောင် ပြည်သူတွေလုပ်ကိုင်ရှာဖွေ စားသောက်ရေး ခက်ခဲအောင် ဗုံး ထောင်ဗုံးခွဲသူ၊ ဗုံးဖန်တီးရှင်တွေ၊ နောက်ထပ်တိုးလာပြန်ပြီ။ အလှဖန်တီးရှင်တို့၊ ငြိမ်းချမ်းရေးဖော်ဆောင်သူတွေက တိုင်းပြည်ချောက်ထဲကျအောင် ပြည်သူတွေ ဒုက္ခရောက်အောင် မလုပ်ပါ။ တိုင်းပြည်နဲ့လူမျိုးကိုဆောင် ချောက်ထဲ တွန်းပို့နေသူတွေ မဟုတ်ပါ။

အခု ဗုံးထောင်၊ ဗုံးဖောက်ခွဲသူ၊ ဗုံးဖန်တီးရှင်တွေဟာသာ တိုင်းပြည်ကို ချောက်ထဲကျအောင်၊ ပြည်သူတွေဒုက္ခအမျိုးမျိုးကြား [illegible] အောင်၊ တိုင်းပြည်ငြိမ်းချမ်းရေး ပျက်ပြားအောင်၊ ညီညွတ်ရေးပြိုကွဲအောင်

www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ရေးဆုံးရှုံးအောင် တမင်လုပ်ကြံဖန်တီးနေကြခြင်းဖြစ်တယ်။ ပြည်ထောင်စုပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲရေးအတွက် တစိုက်မတ်မတ် လုပ်ကိုင်နေသူတွေဖြစ်တယ်။ နိုင်ငံတော် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို နှောင့်ယှက်ဖျက်ဆီးနေကြသူတွေ ဖြစ်တယ်။ ပြည်သူ့ကိုယ်စားပြု အစိုးရစနစ်နဲ့ ပြည်သူ့အခြေပြု လူ့အဖွဲ့အစည်းထွန်းကားတဲ့ ဒီမိုကရေစီဝါဒကို သဘောမကျသူတွေ ဖြစ်တယ်။

အဲဒီတော့ ကျွန်တော်တို့ တိုင်းပြည်အနေအထားက ကျွန်တော်တို့ လိုချင်တဲ့ ဒီမိုကရေစီ အနှစ်သာရတွေ မခံစားရသေးခင်၊ ကျွန်တော်တို့ ရောက်ချင်တဲ့ ဒီမိုကရေစီပန်းတိုင်ကို မရောက်နိုင်သေးခင်၊ ထောင်ချောက်တွေ တစ်ခုပြီးတစ်ခု တပ်ဆင်ပိုင်းရံနေတဲ့ မုဆိုးတွေရဲ့ ဘေးအန္တရာယ်ကနေ လွတ်မြောက်အောင် လုပ်ကြံဖန်တီးနှောင့်ယှက်ဖန်တီးလိုတဲ့ ဘေးရန်တွေက ကင်းဝေးအောင် နိုင်ငံသားတိုင်း နိုင်ငံရေးအသိနိုးကြားနေဖို့ လိုပါတယ်။ နိုင်ငံရေးလုပ်ကြံဖန်တီးမှုတွေကို သတိရှိနေကြဖို့ လိုပါတယ်။ လုပ်ကြံဖန်တီးသူများရဲ့ အကွက်ချစီမံထားတဲ့ လမ်းကြောင်းထဲဝင်မသွားကြဖို့ နိုင်ငံသားအားလုံးမှာ တာဝန်ရှိပါတယ်။ တစ်နည်းပြောရင် လုပ်ကြံဖန်တီးသူများရဲ့ ရည်ရွယ်ချက်ရှိရှိနဲ့ ပြုလုပ်ထားတဲ့ ထောင်ချောက်ထဲ တိုးမဝင်မိကြဖို့ လိုပါတယ်။ တစ်တိုင်းပြည်လုံး ထောင်ချောက်များနဲ့ မြန်မာအဖြစ်မှ ရုန်းထနိုင်အောင် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကူညီဖျက်ကြစို့ ပိုလိုအပ်တယ်လို့ ဆိုချင်ပါတယ်ဗျာ။

***RIGHT TIME ဂျာနယ်***

***(၁၈-၁၂-၂၀၁၃) နေ့ထုတ်***

◆ ◆ ◆



## လက်နက်ကိုင် လမ်းစဉ်အသုံးချပြီး နိုင်ငံရေးအဖြေရှာနေသမျှ...

လောကမှာ နေရာတကာ လက်နက်ကိုင်ပြီး နည်းလမ်းရှာလို့မရနိုင်ပါ။ အမိန့်အာဏာအားကိုး လက်နက်ကိုင်ဗိုလ်ကျစိုးမိုးပြီး ငြိမ်းချမ်းရေး လိုချင်လို့လည်း မရပါ။ လက်နက်ကိုင်လမ်းစဉ်ကို မစွန့်၊ တစ်ယူသန်ဝါဒအစွဲကို မစွန့်ဘဲ တိုင်းပြည်ကောင်းစားချင်လို့ မရပါ။ လက်နက်ကိုင်ခြိမ်းခြောက် လမ်းမှားလျှောက်နေသရွေ့ သာယာတဲ့လူ့ဘောင်၊ ငြိမ်းချမ်းတဲ့ တိုင်းပြည်တိုးတက်လာတဲ့ လူ့အဖွဲ့အစည်း မြင်တွေ့ကြရမှာမဟုတ်ပါ။

ကျွန်တော်တို့နိုင်ငံမှာ ဖြစ်ပေါ်လာတဲ့ အတိတ်က ဖြစ်ရပ်များကို ကြည့်ပါ။ ယနေ့လက်ရှိ ကြုံတွေ့နေရဆဲ ပြဿနာတွေကိုကြည့်ပါ။ အုပ်ချုပ်သူ လူတန်းစားဖန်တီးခဲ့တဲ့ အရေးအခင်းတွေ၊ ပဋိပက္ခတွေကို ကြည့်ပါ၊ နိုင်ငံရေးပြဿနာပေါ်လာတိုင်း လူတန်းစားပဋိပက္ခတွေပေါ်လာတိုင်း အုပ်ချုပ်သူအစိုးရက လက်နက်ကိုင်ဖြေရှင်းခဲ့တာကြောင့် ပြဿနာတွေဟာ ပြေလည်တဲ့အပြင် ဘယ်လောက်ရှုပ်ထွေးခက်ခဲလာခဲ့တယ်ဆိုတာ မြန်မာပြည်ရဲ့ အခြေအနေအရပ်ရပ်ကို အကဲခတ်လေ့လာကြည့်ရင် သိနိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအကြောင်းနဲ့ပတ်သက်လို့ တစ်ဆက်တည်း ကြုံလို့ပြောရရင် ကျွန်တော်တို့နိုင်ငံသမိုင်းစဉ်ဆက် လက်နက်ကိုင်အုပ်ချုပ်မှုတွေကိုသာ ပြည်သူတွေ ခံစားလာခဲ့ကြရတယ်။ လက်နက်ကိုင်ဗိုလ်ကျစိုးမိုး ခြယ်လှယ်သမျှ ပြည်သူတွေ မချိမဆံ့ခံလာခဲ့ကြရတယ်။ ပြည်သူတွေ ငြိမ်းချမ်းရေးဘောင်းတယ်။ အုပ်ချုပ်သူ အစိုးရမင်းတွေက ဥပဒေမဲ့ ဖမ်းဆီးအရေးယူတယ်။ ပြည်သူတွေက နိုင်ငံရေးတည်ငြိမ်အောင် ပြောဆိုတယ်။ အစိုးရက မတရား အနိုင်ကျင့်နှိပ်ကွပ်တယ်။ ပြည်သူတွေ စီးပွားရေးတိုးတက်ဖို့အတွက် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်တယ်။ အစိုးရက နိုင်ငံတော်ဖြိုခွဲသူဆိုတဲ့ တံဆိပ်ကပ်ပြီး အင်အားသုံးနှိမ်နင်းတယ်။ အစိုးရက ဘယ်လိုတုံ့ပြန်သလဲ။ အမြဲတမ်း လက်နက်အားကိုး တုံ့ပြန်ခဲ့ကြတာဖြစ်တယ်။

ဒီလိုတုံ့ပြန်လို့ ပဋိပက္ခတွေ ချုပ်ငြိမ်းသွားမလားဆိုတော့ ပဋိပက္ခတွေ ပိုဖြစ်၊ ပိုတိုး၊ ပိုဆိုးတာပဲ တွေ့ရမြင်ရတယ်။ ပြဿနာတွေ ပြေလည်သွားမလားဆိုပြန်တော့လည်း ပြဿနာတွေသာ ပိုကြီးထွားလာတယ်။ ဒါ ဘာကြောင့်လဲ အဖြေက ရှင်းပါတယ်။ နေရာတကာ လက်နက်ကိုင်နည်း အသုံးချနေကြလို့ပဲ ဖြစ်ပါတယ်။ ဥပမာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ ပြေလည်အောင် ဖြေရှင်းရမယ့် အတိုင်းအတာမှာ လက်နက်တကားကလားနဲ့ အမိန့်သြဇာ၊ အာဏာသုံးဖြေရှင်းနေတာကြည့်ရုံနဲ့တင် (ဝါ) လက်နက်ကိုင်ပြီး နိုင်ငံရေးကိစ္စမှာ ဝင်ရှုပ်နေတာကြည့်ရင် အဖြေသိကြပါလိမ့်မယ်။

ကျွန်တော်တို့နိုင်ငံသမိုင်းကို ခြေရာပြန်ကောက်ကြည့်တဲ့အခါ နိုင်ငံရေးကိစ္စ လက်နက်ကိုင်အဖြေရှာလာခဲ့ကြလို့ အရင်တုန်းကလည်း တိုင်းပြည်မငြိမ်းချမ်းခဲ့ဘူး။ အခုလည်း ငြိမ်းချမ်းပြီလားဆိုတော့ အားလုံးသိတော်မူကြတဲ့အတိုင်းပဲ ဘယ်လောက်တောင် မငြိမ်းချမ်းသလဲဆိုရင် ကချင်လက်နက်ကိုင်အဖွဲ့နဲ့ မြန်မာစစ်ဘက်က ပုဂ္ဂိုလ်တွေငြိမ်းချမ်းရေး



အတွက် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲလုပ်နေချိန်မှာပဲ ကချင်ဒေသအချို့မှာ နှစ်ဖက်စစ်တပ်တွေ တိုက်ပွဲဖြစ်ကြတယ်။ စစ်ဘေးရှောင်ဒုက္ခသည်များ ဟိုဟိုဒီဒီ ပြေးလွှားကုန်ကြရတယ်။ ရှမ်းတိုင်းရင်းသားခေါင်းဆောင်တွေနဲ့ ဆွေးနွေးတော့လည်း ဒီအတိုင်းပဲ။ အခြားတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေနဲ့ ဆွေးနွေးတော့လည်း ဒီအတိုင်းပဲ။ တစ်ဖက်က အပစ်အခတ်ရပ်စဲရေးအတွက် ဆွေးနွေးပွဲတွေ ဘာတွေလုပ်ပြီး တစ်ဖက်မှာ နှစ်ဖက်စစ်တပ်တွေ တိုက်နေခိုက်နေကြတယ်။ ဒါကို ကြည့်ရင်ပဲ တိုင်းပြည်ငြိမ်းချမ်းရေး ဘယ်တော့ရမလဲဆိုတာ မရေမရာဖြစ်နေတယ်။

ဒီနေရာမှာ ကျွန်တော်တို့သမိုင်းကို ပြန်လေ့လာကြည့်ဖို့လိုတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လွတ်လပ်ရေးကြိုးပမ်းစဉ် ၁၉၄၅-၁၉၄၇ ကာလကို ပြန်လေ့လာကြည့်ဖို့လိုတယ်။ အဲဒီကာလတုန်းက မြန်မာ့တပ်မတော်ရဲ့ အကြီးအကဲဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းဟာ နိုင်ငံရေးပြဿနာတွေကို ပြေလည်မှုရအောင် ဘယ်လိုစည်းရုံးဖြေရှင်းခဲ့ရသလဲ။

အကွဲကွဲအပြားပြားဖြစ်နေတဲ့ တိုင်းရင်းသား လူမျိုးစုအရေးတွေကို ဘယ်လို အနှစ်နာခံ ဖြေရှင်းနိုင်ခဲ့သလဲ။ မူဝါဒသဘောထား မတူညီကြတဲ့ တော်လှန်ရေးအင်အားစုတွေကို စည်းလုံးညီညွတ်လာအောင် ဘယ်လို ခေါင်းဆောင်မှုပေးနိုင်ခဲ့သလဲ သမိုင်းကျေညက်တဲ့ မြန်မာလူမျိုးတွေဆိုရင် ဒီလိုအစဉ်အလာကောင်းတစ်ရပ်ကို အတုယူသင့်တယ်။ အထူးသဖြင့် တိုင်းပြည်အုပ်ချုပ်မင်းလုပ်နေတဲ့ အစိုးရအဖွဲ့ဝင်တွေ ဒီသမိုင်းကြောင်းတို့ ပြန်လေ့လာပြီး နမူနာယူသင့်တယ်။

နောက်တစ်ချက်က ဗိုလ်ချုပ်အောင်ဆန်းဟာ မြန်မာ့တပ်မတော်ရဲ့ အကြီးအကဲဖြစ်နေပေမယ့် နိုင်ငံရေးအရ နိုင်ငံရေးနည်းနဲ့ ဖြေရှင်းနည်းတို့ တွေမှာ မြန်မာ့တပ်မတော်အကြီးအကဲရာထူးကိုစွန့်၊ လက်နက်ကိုင်လမ်းစဉ်

www.burmeseclassic.com

www.burmeseclassic.com



ကိုစွန့်ပြီး တိုင်းပြည်အမြန်ဆုံး လွတ်လပ်ရေးရအောင် အကွဲကွဲအပြားပြား ဖြစ်နေတဲ့ ပြည်ထောင်စုဝင် တိုင်းရင်းသား ညီအစ်ကိုမောင်နှမအချင်းချင်း ပြန်လည်ညီညွတ်မှုရအောင် သူ့အဖွဲ့၊ ကိုယ့်အဖွဲ့၊ သူ့အယူအဆ၊ ကိုယ့်အယူအဆ၊ သူ့မူဝါဒ၊ ကိုယ့်မူဝါဒနဲ့ ကွဲပြားနေတဲ့ တော်လှန်ရေးအင်အားစုချင်း ပြန်လည်ပေါင်းစည်းလာနိုင်အောင် ဗိုလ်ချုပ်အောင်ဆန်းရဲ့ လုပ်ရပ်၊ လမ်းစဉ်တွေအတိုင်း ယနေ့ တိုင်းပြည်ခေါင်းဆောင်လို့ မိမိကိုယ်ကိုယ် ကြွေးကြော်နေသူတွေ လေးစားလိုက်နာအတုယူသင့်တယ်။

နောက်ပြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ လုပ်ရပ် လမ်းစဉ်အောင်မြင်သလား၊ မအောင်မြင်သလားဆိုတာ ကျွန်တော်တို့နိုင်ငံရဲ့ ပြည်ထောင်စုရေးအတွက် ပင်လုံစာချုပ်လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာတာကို ကြည့်ရင် သိနိုင်ကြပါလိမ့်မယ်။ မြန်မာပြည်တစ်နှစ်အတွင်း လွတ်လပ်ရေးရအောင် လုပ်ဆောင်နိုင်ခဲ့တာကို အားလုံးအမှတ်ရကြပါလိမ့်မယ်။ ဒါတွေဟာ ဗိုလ်ချုပ်အောင်ဆန်း လက်နက်ကိုင်အသုံးချခဲ့တာ မဟုတ်ဘဲ စည်းရုံးရေးစွမ်းရည်၊ နှလုံးစွမ်းရည်နဲ့ နိုင်ငံရေးစွမ်းရည်အသုံးချပြီး လူထုကျောနှပ်လက်ခံတဲ့ လမ်းစဉ်ကိုလိုက်ပြီး ဗိုလ်ချုပ်အောင်မြင်ခဲ့တာဖြစ်တယ်။ ဗိုလ်ချုပ်လက်နက်မပါဘဲ စေ့စပ်ညှိနှိုင်းခဲ့လို့ အောင်မြင်ခဲ့တာဖြစ်တယ်။

ဒီတော့ အခု ကျွန်တော်တို့နိုင်ငံမှာ လက်နက်ကိုင်လမ်းစဉ်ကိုစွန့်ပြီး အပစ်အခတ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက် စေ့စပ်ညှိနှိုင်းဆွေးနွေး အဖြေရှာကြတဲ့နေရာမှာ လက်နက်ကိုင်လမ်းစဉ်ကိုစွန့်ပြီး နိုင်ငံရေးနည်းနဲ့ အဖြေရှာတဲ့ ဗိုလ်ချုပ်အောင်ဆန်းလမ်းစဉ်ကို သုံးမလား၊ လက်နက်အားကိုးပြီး အမိန့်ညွှန်ကြားစာအာဏာ အသုံးချနိုင်ငံရေးအဖြေရှာတဲ့ ဗိုလ်နေဝင်းနဲ့ နောက်လိုက်အပေါင်းအပါတွေရဲ့ လမ်းစဉ်နောက် လိုက်မလား၊ လက်နက်



ကိုင်အဖွဲ့အစည်းများဖြစ်ကြတဲ့ မြန်မာ့တပ်မတော်ရော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေရော စဉ်းစားကြရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံက အစိုးရအဆက်ဆက်ဟာ ဗိုလ်ချုပ်အောင်ဆန်းလမ်းစဉ်နောက်မလိုက်ဘဲ ဗိုလ်နေဝင်းနဲ့ နောက်လိုက်အပေါင်းအပါတွေရဲ့ လမ်းစဉ်နောက်လိုက်ခဲ့လို့ ယနေ့အချိန်ထိ ကျွန်တော်တို့နိုင်ငံမှာ ပဋိပက္ခတွေ မချုပ်ငြိမ်းသေးတာဖြစ်တယ်။ ပြဿနာတွေ မပြေလည်သေးတာဖြစ်တယ်။ လက်နက်ကိုင်လမ်းစဉ်ဟာ အရာမရောက်ဘူးဆိုတာ သဘောမပေါက်ခဲ့တာ ဖြစ်တယ်။ ရှေ့ဆက်လည်း နိုင်ငံရေးကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းဘဲ လက်နက်ကိုင်နည်း (ဝါ) လမ်းစဉ်နောက်လိုက်နေဦးမယ်ဆိုရင်တော့ ကျွန်တော်တို့တိုင်းပြည်အတွက် ငြိမ်းချမ်းရေး ဝေးသထက် ဝေးနေဦးမှာပါဗျာ။

*စံတော်ချိန်သတင်းစာ*

*(၁၆-၁၂-၂၀၁၃) နေ့ထုတ်*

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



## သပိတ်တိုက်ပွဲများ မပေါ်ပေါက်စေချင်လျှင် ပြည်သူ့ဆန္ဒကို အလေးထားဆောင်ရွက်ပေးစေချင်

ကျွန်တော်တို့ အနှစ် (၂၀) ကျော် တပ်မတော်ဖြို့ခွဲသူ၊ တို့ရန်သူတို့ ဘာတို့ဆိုတာတွေနဲ့ ရင်းနှီးကျွမ်းဝင်လာခဲ့ကြတာ အားလုံးမှတ်မိကြမှာပါ။ ဒါက တပ်မတော်အစိုးရရဲ့ စစ်အုပ်ချုပ်ရေးကာ လတစ်လျှောက်လုံး ရေးသားပြောဆို၊ ကြွေးကြော်၊ အမိန့်ပေးခဲ့တာဆိုတော့ ပြည်သူတွေ မမှတ်မိစရာ မသိစရာ အကြောင်းမရှိပေဘူးပေါ့။ ခုတော့ ခေတ်စနစ်တွေလည်း ပြောင်းလာပြီ။ ပြည်သူရွေးချယ်တင်မြှောက်တဲ့ အရပ်သားအစိုးရတက်လာပြီး တစ်ဦး၊ တစ်ပါတီ၊ တစ်စုတစ်ဖွဲ့ အုပ်ချုပ်မှုကနေအများစုပါဝင်တဲ့ ဒီမိုကရေစီ အုပ်ချုပ်မှုစနစ်ကို သွားနေပြီ။

ဒီတော့ တစ်စုတစ်ဖွဲ့ဖြစ်တဲ့ တပ်မတော်အစိုးရရဲ့ စစ်အုပ်ချုပ်ရေး ကာလတုန်းက ထင်ရှားကျော်ကြားခဲ့တဲ့ တပ်မတော်ဖြို့ခွဲသူ တို့ရန်သူဆိုတဲ့ စကားရပ်အစား ယနေ့ခေတ်မှာ သပိတ်ဖြို့ခွဲသူ တို့ရန်သူလို့ တစ်နိုင်ငံလုံး ဟစ်အော်ကြွေးကြော်ရမယ်။ ဒီမိုကရေစီအစိုးရလက်ထက်မှာ ဒီမိုကရေစီ နည်းလမ်းတကျ ရဲဝံ့ပြတ်သားစွာ ရေးသားပြောဆိုကြရမယ်။ ပြည်သူတွေရဲ့ ရပိုင်ခွင့်၊ အခွင့်အရေးကို စည်းကမ်းရှိရှိနဲ့ မှန်ကန်တည့်မတ်စွာ တင်ပြ



တောင်းဆိုကြရမယ်။ ဘာကြောင့်လည်းဆိုတော့ တပ်မတော်အစိုးရလက်ထက် (ဝါ) စစ်တပ်အုပ်ချုပ်တဲ့ကာလမှာ တပ်မတော်ဖြို့ခွဲသူ တို့ရန်သူလို့ တစ်နိုင်ငံလုံးကို စည်းရုံးလှုံ့ဆော်ခဲ့တာဟာ နိုင်ငံတော်ကာကွယ်ရေး၊ နိုင်ငံတော်လုံခြုံရေးအတွက် အရေးပါတယ်လို့ ယူဆကြရင် ယနေ့ခေတ် ဒီမိုကရေစီအစိုးရလက်ထက်မှာ ဖြစ်ပေါ်လာတဲ့ သပိတ်တိုက်ပွဲတွေဟာလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်အေးချမ်းသာယာရေး၊ နိုင်ငံတော် ခေတ်မီဒီမိုကရေစီနိုင်ငံဖြစ်ရေးအတွက် အရေးပါတယ်လို့ ယူဆရမှာ ဖြစ်ပါတယ်။

အခု တိုင်းပြည်မှာ ဘာကြောင့် သပိတ်တိုက်ပွဲ ဖြစ်ပေါ်နေသလဲ၊ ဘယ်အရေးကို ရည်ရွယ်ပြီး ဘယ်အရာတွေကို ဆန္ဒထုတ်ဖော်ပြသနေကြသလဲ။ ဘယ်ကိစ္စကို တိုင်တည်ပြီး ဘာလိုချင်လို့ တင်ပြတောင်းဆိုနေကြသလဲ။ ဒါကို အစိုးရကိုယ်တိုင်သိအောင် ကြိုးစားကြဖို့ လိုအပ်တယ်။ ဒီအရေးကိစ္စတွေကို အစိုးရကိုယ်တိုင် အေးအေးချမ်းချမ်း၊ တည်တည်ငြိမ်ငြိမ် ဖြစ်အောင် ဖြေရှင်းပေးရမှာ ဖြစ်တယ်။ အရင်အစိုးရလက်ထက်မှာ ဘာတွေ လုပ်ခဲ့လို့ ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့ ယနေ့ခေတ်မှာ ဖြစ်ပျက်နေတဲ့ အခြေအနေ တွေကို ယနေ့ခေတ် အစိုးရကပဲ တာဝန်ယူဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ အထူးသဖြင့် ပြည်သူလူထုရဲ့ ငြိမ်းချမ်းစွာ တင်ပြတောင်းဆိုမှုကို အစိုးရက အသိအမှတ်ပြု လက်ခံနိုင်ရမယ်။ ပြီးတော့ ငြိမ်းချမ်းစွာဖြေရှင်းပေး နိုင်ရမယ်။ အစိုးရဟာ အုပ်ချုပ်ရေးအာဏာယူထားရင် ပြည်သူလူထုရဲ့ အခက်အခဲဒုက္ခတွေကို တာဝန်ယူဖို့လိုအပ်တယ်။

ဒီတော့ အရင်တပ်မတော်အစိုးရလက်ထက် စစ်အုပ်ချုပ်ရေး ကာလတုန်းက ဝါဒဖြန့်ချိခဲ့တဲ့ တပ်မတော်ဖြို့ခွဲသူ တို့ရန်သူဆိုတဲ့ဆောင်ပုဒ် နေရာမှာ သပိတ်ဖြို့ခွဲသူ တို့ရန်သူ၊ ပြောင်းလဲခြင်းတော်လှန်ရေး အရေးကြီး

www.burmeseclassic.com

www.burmeseclassic.com



တယ်။ တစ်ဆက်တည်းပြောလိုတာက ငြိမ်းချမ်းရေးဖြိုခွဲသူ တို့ရန်သူ၊ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး ဖျက်ဆီးသူ တို့ရန်သူ ဆိုပြီးတော့လည်း ရပ်တည်ချက်၊ လုပ်ဆောင်ချက်၊ ပြောင်းလဲပစ်ဖို့ အရေးကြီးတယ်။ ဒါထက်ပိုအရေးကြီးတာ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ သပိတ်တိုက်ပွဲတွေ ဘာကြောင့် ဖြစ်ပေါ်ခဲ့သလဲ၊ ထွန်တုံးတိုက်ပွဲ ဘာကြောင့်ဆင်နွှဲနေကြသလဲ၊ အစိုးရက ဒါတွေကို အရင်သိအောင် လုပ်ရမှာဖြစ်တယ်။ ပြေလည်မှုရသွားအောင် အညိုအတေးကင်းကင်း အမှန်အားဃာတရှင်းရှင်းနဲ့ ဖြေရှင်းပေးရမှာ ဖြစ်တယ်။

နောက်တစ်ချက်က ဒီလို သပိတ်တိုက်ပွဲတွေ ရပ်တန့်သွားအောင် ပဋိပက္ခနဲ့ အရေးအခင်း ပြဿနာတွေ အဆုံးသတ်သွားအောင် အစိုးရက လက်နက်ကိုင် အကြမ်းဖက်နည်းကိုမသုံးဘဲ အကြမ်းမဖက်တဲ့နည်းနဲ့ နိုင်ငံရေးအရသာ ဖြေရှင်းပေးဖို့လိုအပ်တယ်။ ဒီလိုမှမဟုတ်ဘဲ သပိတ်တိုက်ပွဲတွေ ဖြစ်ပေါ်လာတိုင်း နိုင်ငံရေးအရ မပြေလည်တိုင်း အရေးအခင်းပြဿနာနဲ့ ပဋိပက္ခတွေ ရှုပ်ထွေးလာတိုင်း၊ အရင် တပ်မတော်အစိုးရအဖွဲ့လို လက်နက်ကိုင် အင်အားသုံးဖြိုခွင်း၊ အကြမ်းဖက်နှိမ်နင်းနေဦးမယ်ဆိုရင်တော့ သပိတ်တိုက်ပွဲတွေ ဖြစ်မြဲတိုင်း ဖြစ်နေဦးမှာပဲ။ ပြဿနာရှုပ်ထွေးမြဲ ရှုပ်ထွေးနေဦးမှာပဲ၊ ပဋိပက္ခတွေ သက်ဆိုးရှည်မြဲ ရှည်နေဦးမှာပဲ။

ဒီတော့ မိမိတို့နိုင်ငံထဲမှာ ဖြစ်ပေါ်နေတဲ့ သပိတ်တိုက်ပွဲကို ပြည်သူတစ်ရပ်လုံးက အမြန်ဆုံးရပ်တန့်စေချင်သလို အစိုးရကိုယ်တိုင်လည်း ပြည်သူနဲ့ တစ်သဘောတည်း ရှိလိမ့်မယ်ထင်ပါတယ်။ ပြည်သူတစ်ရပ်လုံးက ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ပြေလည်မှုရစေချင်သလို အစိုးရတာဝန်ရှိသူတွေကလည်း ရစေချင်မယ်လို့ ယူဆပါတယ်။ ဒီအတွက် နိုင်ငံရေးနည်းအရ ဒီမိုကရေစီနည်းလမ်းတကျ ပြည်သူ့အစိုးရ ပီပီသသ ဖြေရှင်းပေးကြပါလို့



အစိုးရတာဝန်ရှိသူတွေကို တောင်းဆိုချင်ပါတယ်။ ဒီလိုမဟုတ်ဘဲ အရင် တပ်မတော်အစိုးရလမ်းစဉ်အတိုင်း သပိတ်တိုက်ပွဲဝင် ပြည်သူတစ်ရပ်လုံးကို အင်အားသုံးဖြိုခွင်း၊ အကြမ်းဖက်နှိမ်နင်းနေဦးမယ်ဆိုရင်တော့ သပိတ်တိုက်ပွဲဖြိုခွဲသူ တို့ရန်သူအဖြစ် ပြည်သူ့ရင်ထဲ အသည်းထဲမှာ ကမ္ပည်းတင်ကျန်ရစ်နေဦးမယ်ဆိုတာ အသိပေးလိုက်ချင်ပါရဲ့ခင်ဗျာ။

*ပြည်သူ့ဆန္ဒဂျာနယ်*
*(၉-၁-၂၀၁၄) နေ့ထုတ်*

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ချုပ်အောင်ဆန်း၏ ပြည်ထောင်စုသဘောထားအမြင်

ကျွန်တော်တို့ လူ့ဘောင်လောကမှာ မမေ့သင့် မမေ့အပ်တဲ့ အရာတွေ အမြောက်အမြားရှိခဲ့တယ်။ လူတစ်ဦးတစ်ယောက်အတွက် တစ်တိုင်းတစ်ပြည်လုံးအတွက် ဘယ်လိုမှ မေ့ဖျောက်လို့မရတဲ့အရာတွေလည်း ဒုနဲ့ဒေးရှိခဲ့ပြန်တယ်။ အဲဒီအရာတွေထဲမှာ ပြည်ထောင်စုနေ့ဟာ ကျွန်တော်တို့ လုံးဝမမေ့သင့်၊ မမေ့အပ်တဲ့အရာတွေထဲက တစ်ခုပါ။

ဆောင်းပါးဆက်မရေးခင် ကြားဖြတ်ပြောရရင် ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု အရေးကြီးနေတာမို့ ပြည်ထောင်စုနေ့ဆိုတာကို ကျွန်တော်တို့ ပိုလို့တောင် အမှတ်ရနေသင့်တယ်။ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုပြန်လည်ရရှိဖို့ နိုင်ငံသားတိုင်းက ပြည်ထောင်စုရဲ့ အနှစ်သာရကို အလေးအနက်ထား ဖော်ဆောင်သင့်တယ်။

ဒီတော့ ကျွန်တော်တို့နိုင်ငံတော်သစ်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ အရေးတကြီးလိုအပ်နေတဲ့အချိန်မှာ ပြည်ထောင်စုနေ့ကို ကျွန်တော်တို့ မမေ့သင့်၊ မမေ့အပ်ဘူးဆိုတာ အထူးပြောနေဖို့ မလိုပါ။



ကျွန်တော်တို့နိုင်ငံရဲ့ အဓိကပြဿနာ (ဝါ) လက်ရှိဖြစ်နေတဲ့ ပဋိပက္ခတွေဟာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲရာကနေ စတင်မြစ်ဖျားခံလာတာမို့ 'ပြည်ထောင်စု' အခြေခံ၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပြန်လည်တည်ဆောက်နိုင်ဖို့ နိုင်ငံသားအားလုံးမှာ တာဝန်ကိုယ်စီရှိနေတယ်လို့ ကျွန်တော် ခံယူမိတယ်။

ဒါကြောင့် လွန်ခဲ့တဲ့ ၆၆ နှစ်က ရှမ်းပြည်တောင်ပိုင်း၊ လဲချားနယ်ရှိ တောင်ပေါ်မြို့လေးတစ်မြို့ဖြစ်တဲ့ 'ပင်လုံ' မြို့ကနေ စတင်ပေါက်ဖွားလာခဲ့တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှု အခြေပြု ပြည်ထောင်စုနေ့ကို ယနေ့ကာလမှာ ကျွန်တော်တို့ ပိုပြောရမယ်၊ ပိုအရေးထားဖော်ဆောင်ရမယ်။ တစ်စည်းတစ်လုံး တစ်စိတ်တစ်ဝမ်းတည်းရှိရမယ့် ပြည်ထောင်စုစိတ်ဓာတ် အကျင့်တွေ ပြန်လည်သက်ဝင်လာအောင် လုပ်ဆောင်ကြရမယ်။

ပြည်ထောင်စုနေ့အကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်နဲ့ အကျင့်တွေအကြောင်းပြောရင် ကျွန်တော်တို့နိုင်ငံရဲ့ လွတ်လပ်ရေးနဲ့ ပြည်ထောင်စုဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းအကြောင်းကို မပြောမဖြစ် ပြောကြရမှာပါ။ ဘယ်သူတွေ ကြိုက်ကြိုက်၊ မကြိုက်ကြိုက်၊ ဘယ်သူတွေ လက်ခံခံ၊ ခံခံ၊ လွတ်လပ်ရေးရရှိခဲ့ခြင်း၊ ပြည်ထောင်စုစိတ်ဓာတ် အမွေပေးခဲ့ခြင်းအကြောင်း ပြောတဲ့အခါ ဗိုလ်ချုပ်ကို ကျွန်တော်တို့ ချန်လှပ်ထားခဲ့လို့ မရပါ။

မြန်မာပြည်လွတ်လပ်ရေးနဲ့ ဗိုလ်ချုပ်အောင်ဆန်း တိုင်းရင်းသားစည်းလုံးညီညွတ်ခြင်းရဲ့ ပြည်ထောင်စုနဲ့ ဗိုလ်ချုပ်အောင်ဆန်း၊ တသီးတခြားကန့်သတ်ခွဲခြားထားလို့ မရသလို ခုတ်ထစ်ပိုင်းဖြတ်ပြီး ကွဲပြားအောင်လည်း လုပ်ဆောင်လို့ မရနိုင်ပါ။ ဒီလိုဖြစ်နေအောင်လည်း ဗိုလ်ချုပ်အောင်ဆန်း အလကားရခဲ့တာတော့ မဟုတ်ပါ။ ရင်းနှီးပေးဆပ်မှုများစွာ [illegible] လုံ့လဝီရိယများစွာနဲ့ ကြိုးပမ်းဆောင်ရွက်ခဲ့ရတာပါ။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ရဲ့ ဉာဏ်အမြော်အမြင်ကြီးမှု၊ ဗိုလ်ချုပ်ရဲ့ ရိုးသားဖြောင့်မတ်မှု၊ ဗိုလ်ချုပ်ရဲ့ ကိုယ်ကျိုးစွန့် အနစ်နာခံတတ်မှု။ ဗိုလ်ချုပ်ရဲ့ ခေါင်းဆောင်ပီသမှု၊ အဲဒီအရည်အချင်း၊ အစွမ်းအစတွေကြောင့် တိုင်းပြည်လွတ်လပ်ရေးအတွက် အာမခံချက်ပေးနိုင်တဲ့ ပြည်ထောင်စုပုံစံ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒီလို တည်ဆောက်နိုင်ခဲ့လို့လည်း ကိုလိုနီနယ်ချဲ့စနစ်နဲ့ ဖက်ဆစ်စစ်အာဏာရှင်ဝါဒ ကြီးစိုးမှုအောက်ကနေ ရုန်းထွက်လွတ်မြောက်နိုင်ခဲ့တာဖြစ်ပါတယ်။ ဘယ်ခေတ်ဘယ်အခါကမှမရဖူးခဲ့တဲ့ တိုင်းရင်းသားညီအစ်ကို မောင်နှမချင်း ချစ်ကြည်ရင်းနှီးမှုတွေ ရရှိလာခဲ့ကြတာ ဖြစ်ပါတယ်။ နောက်ပိုင်း ကွဲကြ၊ ပြဲကြ၊ လွဲကြ၊ ဆဲကြ၊ ဆူကြ၊ ပူကြတာ ဗိုလ်ချုပ်နဲ့ လုံးဝ မပတ်သက်ပါ။ ဗိုလ်ချုပ်ရဲ့ လုပ်ဆောင်ချက်၊ သေးနုပ်ညံ့ဖျင်းမှုကြောင့်လည်းမဟုတ်ပါ။

ထားတော့။ ဗိုလ်ချုပ်ရဲ့ အကြောင်းပြောမယ်ဆိုရင် ကုန်နိုင်ဖွယ်ရှိမှာ မဟုတ်ဘူး။ ကျွန်တော် အဓိကပြောချင်တာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုရှိအောင် ဗိုလ်ချုပ်လုပ်ဆောင်ခဲ့တာတွေကို နိုင်ငံတော်သစ်ကို သွားနေပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေ၊ ခေတ်သစ်စနစ်သစ်၊ မူဝါဒသစ်နဲ့ သွားချင်ပါတယ်ဆိုတဲ့ နိုင်ငံသားများ၊ အမှတ်ရနေဖို့ ဗိုလ်ချုပ်တည်ဆောက်ခဲ့တဲ့အတိုင်း ပြန်လည်တည်ဆောက်နိုင်ဖို့ ကျွန်တော်တို့ အားထုတ်ကြိုးပမ်းကြရမယ်။

တကယ်တော့ ဗိုလ်ချုပ်စည်းရုံးလုပ်ဆောင်ခဲ့ရတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုဟာ သက်သက်သာသာ၊ အေးအေးဆေးဆေးရခဲ့တာတော့ မဟုတ်ဘူး။ အခန့်မသင့်ရင် အသက်အန္တရာယ်တောင် စိုးရိမ်ရတဲ့ အနေအထားကနေ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ရတာပါ။ တစ်ဖက်က တိုင်းရင်းသား လူမျိုးစုတွေ ယုံကြည်မှုမရှိရင် အသက်နဲ့ခန္ဓာ အိုးစားကွဲရ



မယ့် အခြေအနေပါ။

ဒီလိုအနေအထားကနေ တိုင်းရင်းသားတစ်ရပ်လုံး၊ သွေးစည်းညီညွတ်လာကြတာ ဗိုလ်ချုပ်ရဲ့နည်းတဲ့အရည်အချင်းမဟုတ်ပေဘူး။ တခြားပုဂ္ဂိုလ်တွေ ဗိုလ်ချုပ်လိုတောင် စွမ်းဆောင်နိုင်လိမ့်မယ် မထင်ဘူး။ ဗိုလ်ချုပ်မို့လို့သာအပင်ပန်းခံ၊ အဆင်းရဲခံပြီး လုပ်နိုင်ကိုင်နိုင်ခဲ့တာ၊ ဒါကို ကျွန်တော်တို့ အောက်မေ့သတိရသင့်တယ်။ ဗိုလ်ချုပ်ရဲ့ ကျေးဇူးတရားများကို ကျွန်တော်တို့ အမြဲတမ်းဦးညွှတ် လေးစားနေသင့်တယ်။

ဗိုလ်ချုပ်ရဲ့ တိုင်းရင်းသား ညီညွတ်မှုရအောင် ကြိုးပမ်းဆောင်ရွက်ခဲ့တာကို ကျွန်တော်တို့ နိုင်ငံသားအများစု သိထားကြတာက ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက် ပင်လုံစာချုပ်ချုပ်ဆိုပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုရခဲ့တာကိုပဲ သိကြတာ။ ၁၉၄၇ ခုနှစ်မတိုင်မီ လွန်ခဲ့တဲ့ ငါးနှစ်လောက်ကတည်းက ဗိုလ်ချုပ်ဘယ်လိုလုပ်ကိုင်ဆောင်ရွက်ခဲ့တယ်ဆိုတာသိတဲ့သူ အင်မတန်နည်းပါလိမ့်မယ်။

၁၉၄၂ ခုနှစ် တစ်ဝိုက်လောက်က ဗြိတိသျှနယ်ချဲ့ စစ်တပ်များဆုတ်ခွာပြေးနေရချိန် ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ဒေသတွေမှာကရင်၊ ဗမာ ပဋိပက္ခအရေးအခင်းတွေ ပေါ်ပေါက်ခဲ့တယ်။ မီးရှို့၊ လူသတ်လုယက်တိုက်ခိုက်မှုတွေ၊ သူတစ်ပြန်ကိုယ်တစ်လှည့် ထင်သလို ဖြစ်ချင်တိုင်းဖြစ်နေတဲ့အချိန် ဗိုလ်ချုပ်ဟာ တိုင်းပြည်လွတ်လပ်ရေးအတွက် ကြိုးပမ်းနေတဲ့ ကာလမှာ ခုလိုအချင်းချင်း စိတ်ဝမ်းကွဲနေရင် ညီညွတ်မှုပြိုကွဲနေရင် မိမိတို့ လိုချင်နေတဲ့ လွတ်လပ်ရေး နှောင့်နှေးနေမှာကိုသိလို့ နှစ်ဖက် ခေါင်းဆောင်တွေ ဖြစ်နေတဲ့ကြားမှာ သက်စွန့်စံဖျား စည်းရုံးစေ့စပ် ညှိနှိုင်းအဖြေရှာခဲ့တာ။

ဗိုလ်ချုပ်ရဲ့ စည်းရုံးလုပ်ဆောင်မှု၊ ဗိုလ်ချုပ်ရဲ့ ရိုးသားဖြောင့်မတ်မှု၊ ဗိုလ်ချုပ်ရဲ့ ခေါင်းဆောင်ပီသမှုကြောင့် ဖြစ်ပေါ်လာတဲ့ ထရင်း

www.burmeseclassic.com



ဗမာ ပဋိပက္ခ ပြဿနာတွေ ပြေငြိမ်းသွားခဲ့တယ်။ ကရင်ခေါင်းဆောင်တချို့လည်း ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်လှုပ်ရှားနေတဲ့ လွတ်လပ်ရေးကြိုးပမ်းမှုမှာ အင်တိုက်အားတိုက် ပါဝင်လုပ်ဆောင်လာခဲ့ကြတယ်။ ဗိုလ်ချုပ်နဲ့ ပူးပေါင်းပြီး လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့ ကရင်ခေါင်းဆောင်တွေထဲမှာ 'စောစံဘိုးသင်နဲ့ ဗိုလ်မှူးကြီး စောကြာဒိုး' တို့ ထင်ရှားကျော်ကြားတယ်။

အဲဒီ ၁၉၄၂ ခုနှစ် တစ်ပိုက်ကနေတိုင်းရင်းသား စည်းလုံးညီညွတ်မှု၊ ပြည်ထောင်စုမျိုးစေ့ချပေးခဲ့တာ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်မှာ ပင်လုံစာချုပ်ချုပ်ဆိုပြီး ခိုင်မာတည်တံ့စေမယ့် ပြည်ထောင်စုကို ဖွဲ့စည်းတည်ထောင်နိုင်ခဲ့တယ်။ ဒီလို ပြည်ထောင်စုစိတ်ဓာတ်၊ ပြည်ထောင်စု အကျင့်၊ ပြည်ထောင်စုစွမ်းရည် သတ္တိတွေကြောင့်လည်း ဗြိတိသျှနယ်ချဲ့တွေ လက်မလွှတ်ချင်သေးတဲ့ အမိမြန်မာပြည်ကို မပေးချင်ပေးချင်နဲ့ လွတ်လပ်ရေးပေးခဲ့ရတာ ဖြစ်ပါတယ်။

ဒါဟာ ဘယ်သူမှ ဆန့်ကျင်ငြင်းပယ်လို့မရတဲ့ ကျွန်တော်တို့နိုင်ငံရဲ့ စစ်မှန်တဲ့သမိုင်းဖြစ်ပါတယ်။ ဒီလို စုစည်းညီညွတ်မှု၊ ပြည်ထောင်စုတိုင်းရင်းသား ညီအစ်ကိုမောင်နှမများရဲ့ ချစ်ကြည်ရင်းနှီးမှုကသာလျှင် တိုင်းပြည်အတွက် လွတ်လပ်ရေးသာမက ပြည်သူတွေလိုလားတဲ့ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ ညီညွတ်ရေးကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။

အဲဒီကနေမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းပြည်စည်ပင်ဝပြောရေး၊ တိုင်းပြည်တောင့်တင်းခိုင်မာ သာယာရေး၊ အကျိုးကျေးဇူးများ၊ ခံစားစံစားလာရမှာ ဖြစ်ပါတယ်။ ခုလို အခက်အခဲပေါင်းစုံနဲ့ ရင်ဆိုင်တိုက်ခိုက်နေရတဲ့အချိန်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြည်ထောင်စုပုံစံပြန်လည် တည်ဆောက်ရမှာ ဖြစ်ပါတယ်။



ဒီတော့ ဆောင်းပါး နိဂုံးချုပ်အနေနဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနဲ့ ပတ်သက်ပြီး ၁၉၄၅ ခုနှစ်က ဗိုလ်ချုပ်အောင်ဆန်း သူ့ရဲဘော်များကို ပြောကြားခဲ့တဲ့စကားကို ဂုဏ်ပြုရေးသားလိုက်ပါတယ်။ ဒီအကြောင်းအရာများရေးသားပြီး ဗိုလ်ချုပ်တည်ထောင်ခဲ့တဲ့ ပြည်ထောင်စုကို ဦးညွှတ်ဂုဏ်ပြုလိုက်ပါတယ်။ ဗိုလ်ချုပ်ပြောကြားခဲ့တာက 'ဗြိတိသျှနယ်ချဲ့လက်အောက်က လွတ်မြောက်ပြီး လုံးဝလွတ်လပ်ရေးရဖို့က ငါတို့ဟာ စစ်ရေးအရ ဗြိတိသျှအင်ပါယာကြီးကို နိုင်အောင်မတိုက်နိုင်ဘူး။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု အင်အားနဲ့မှ တိုက်လို့ရမယ်။ မင်းတို့မြဲမြဲမှတ်ထားဖို့က ငါတို့ရဲ့ အဓိကလက်နက်၊ အထိရောက်ဆုံး လက်နက်ဟာ စက်သေနတ်တွေ၊ အမြောက်တွေ မဟုတ်ဘူး၊ Unity ဆိုတဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်မှုသာဖြစ်တယ်'

တိုင်းပြည်နဲ့အဝှမ်း၊ ငြိမ်းချမ်းညီညွတ်မှု ပြည်ထောင်စုပုံသဏ္ဌာန် ပြန်လည်တည်ဆောက်နိုင်ပါစေ။

မှတ်ချက် ။ ။ ဆရာတက္ကသိုလ်နေဝင်း၏ ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှု မှတ်တမ်းကို အခြေပြုမှီငြမ်း ရေးသားပါသည်။

Article News ဂျာနယ်

(၆-၂-၂၀၁၃) နေ့ထုတ်

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



## တစ်မျိုးသားလုံးအရေးနှင့် နှိုင်းယှဉ်သည့်အခါ (CPI) ဆိုတာ အသေးအမွှားရယ်ပါ

အခု ကမ္ဘာကြီးဟာ (၂၁) ရာစုနှစ်မှာ ဖြတ်သန်းနေတာလို့ ပညာရှင်တွေ သတ်မှတ်ထားခဲ့ကြပါတယ်။ ကိုလိုနီစနစ်၊ ဖက်ဆစ် စစ်အာဏာရှင် စနစ်တွေလည်း ရာစုနှစ်ဟောင်း၊ ခေတ်စနစ်ဟောင်းမှာ ကျန်ရစ်ခဲ့ပြီလို့ ဆိုခဲ့ကြတယ်။ လူမျိုးတစ်မျိုးက လူမျိုးတစ်မျိုးကို အနိုင်ကျင့်ဗိုလ်ကျတဲ့၊ တိုင်းပြည်တစ်ပြည်က တစ်ပြည်ကို နယ်ချဲ့စိုးမိုးတဲ့၊ နိုင်ငံတစ်နိုင်ငံက တစ်နိုင်ငံကို မတရားသိမ်းပိုက် ကျွန်ပြုတဲ့ အယူအဆဟောင်း၊ မူဝါဒဟောင်းတွေလည်း အတိတ်ကမ္ဘာဟောင်းမှာ မြေမြှုပ်ထားခဲ့ပြီလို့ မှတ်တမ်းတင်ထားကြပါတယ်။

သို့သော် ကမ္ဘာကြီးဟာ (၂၁) ရာစုနှစ်မှာ အချိုးကျကျ ဟန်ချက်ညီညီနဲ့ ဖြတ်သန်းခုတ်မောင်းနေပေမယ့် ကျွန်တော်တို့နိုင်ငံနဲ့ နိုင်ငံပတ်ဝန်းကျင်မှာတော့ ရာစုနှစ်ဟောင်းက ကိုလိုနီနယ်ချဲ့စနစ် အမြစ်တွယ်နေတယ်။ ဖက်ဆစ်ဝါဒ ရှင်သန်နိုးထနေဆဲဖြစ်တယ်။ အင်အားကြီးနိုင်ငံတစ်နိုင်ငံက အင်အားချို့တဲ့နေတဲ့ နိုင်ငံငယ်လေးကို မတရားသိမ်းပိုက် ကျွန်ပြုလိုနေတယ်။ ရှိစုမဲ့စု ဘိုးဘွားပိုင် သယံဇာတလေးကို မတရားချယ်လှယ် ရယူလိုနေတယ်။ ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေကို မတရားဖွဲ့ယူဖျက်ဆီးချင်နေတယ်။



သူတို့ဟာ မိမိကိုယ်ကို ပြည်ကြီးသားတွေပါ၊ နိုင်ငံကြီးသားတွေပါလို့ အခါခါ ကြွေးကြော်ပြနေပေမယ့် တကယ်တော့ သူတို့ရဲ့ စိတ်နေစိတ်ထား အကျင့်သိက္ခာများက အောက်တန်းကျတဲ့ သူခိုး၊ ဂျပိုးအဆင့်သာသာပဲ ရှိတာပါ။ ဘယ်သူ့ဆီက အချောင်ရမလဲ၊ ဘယ်နိုင်ငံက အချောင်နှိုက်ရမလဲ၊ ဘယ်လူမျိုးဆီက အကူအညီနည်းနည်းပေးပြီး အခွင့်အရေးများများ ပြန်ယူရမလဲ ဒီလို သူခိုးကျင့် သူခိုးကြံ၊ ကြံနေကြသူတွေပါ။ နိုင်ငံတစ်နိုင်ငံရဲ့ အားနည်းချက်၊ လူမျိုးတစ်မျိုးရဲ့ ချို့ယွင်းချက်တွေပေါ်မှာ အခွင့်ကောင်းယူ နှိပ်စက်နေသူတွေပါ။

ကမ္ဘာကြီးဟာ ခေတ်စနစ်တွေ၊ မူဝါဒလမ်းစဉ် သဘောတရားတွေ၊ အရှေ့အနောက် ဆက်ဆံရေးတွေ ပြောင်းလဲနေတာ (ဝါ) ပြောင်းလဲပစ်ခဲ့တာကို အဲဒီနိုင်ငံကြီးက မေ့လျော့နေတာလား၊ မေ့ချင်ယောင်ဆောင်နေသလား၊ ဒါမှမဟုတ် အကူအညီ အထောက်အပံ့ခံ လက်အောက်ခံနိုင်ငံလေးရဲ့ ခေါင်းဆောင်တွေက အပြောင်းအလဲကို အလိုမရှိတာလား၊ ရာစုနှစ်အသစ်ရဲ့ ခေတ်သစ်နဲ့ သွားနေတဲ့ ကမ္ဘာကြီးကို အဆက်ဖြတ်ချင်နေတာလား၊ တစ်ထီးတစ်နန်း၊ တစ်လမ်းသွား ခေတ်စနစ်ဟောင်းရဲ့ ဖြင်ဝကမ္ဘာမှာပဲ ဆက်နေချင် (ဝါ) မွေ့လျော်နေတာလား၊ ဒါမှမဟုတ် ကိုယ့်ထက် အစစအရာရာ အင်အားကြီးမားသာလွန်တဲ့ နိုင်ငံကြီးကို ကြောက်ရွံ့နေရလို့ (ဝါ) သူတို့ဩဇာမလွှမ်းဆန်နိုင်လို့ ပြောင်းလဲပစ်ဖို့ ခက်နေတာလား။

အခုဆို ကျွန်တော်တို့နိုင်ငံရဲ့ ပြည်တွင်းရေးကို စွက်ဖက်တဲ့ အရေးအခင်းတစ်ခု တစ်ကျော့ပြန်ဝင်ရောက်လာပြန်ပြီ။ (၂၀၁၀) ရွေးကောက်ပွဲကနေ တက်လာတဲ့ သမ္မတကြီးဦးသိန်းစိန်လက်ထက်မှာ [illegible] ဧရာဝတီ မြစ်ဆုံစီမံကိန်းကြီး ပြန်စဖို့ တရုတ်ပိုင် (CPI) [illegible] မက တောင်းဆိုလာပြန်ပြီ။ မြန်မာတစ်မျိုးသားလုံးတို့ [illegible]

www.burmeseclassic.com

www.burmeseclassic.com



တစ်ချောင်ကနေ တစ်စခန်းထပြန်ပြီ၊ ဒါထက်ပိုဆိုးတာက အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံရဲ့ အကြီးအကဲ (ဝါ) သမ္မတကြီးကိုတောင် အရင် အစိုးရလက်ထက်မှာ ချုပ်ဆိုထားတဲ့ စာချုပ်ကို ချိုးဖောက်တယ်ဆိုပြီး ပြစ်တင်ဝေဖန်တာတွေ လုပ်လာပြန်ပြီ။ တကယ်တော့ သူများပြည်တွင်းရေး (ဝါ) တစ်မျိုးသားလုံးနဲ့ဆိုင်တဲ့ အရေးကို ပြောင်ပြောင်တင်းတင်း ဝင်ရောက်စွက်ဖက်နေတာဟာ (ဝါ) မြန်မာတစ်မျိုးသားလုံး တစ်သက်လုံးကျွန်ဖြစ်မယ့်အရေးကို မတရားအနိုင်ကျင့် တောင်းဆိုနေတာဟာ လူကြီးလူကောင်း နိုင်ငံကြီးသားကောင်း ပီသပါရဲ့လား၊ လူမျိုးကြီးဝါဒနဲ့ အတ္တလွန်ကဲပြီး အခြားလူမျိုးတွေကို ဒုက္ခတွင်း (ဝါ) သေတွင်း တွန်းပို့နေတာလား။

အခု သူတို့လုပ်ရပ်တွေက တိုင်းပြည်တစ်ပြည်နဲ့တစ်ပြည် ချစ်ကြည်ရင်းနှီးစွာ ထာဝရ ယှဉ်တွဲနေထိုင်ရေးမူဝါဒ၊ နိုင်ငံတကာဥပဒေကို ချိုးဖောက်နေသလို ဖြစ်နေတယ်။ မိမိထက် အစစအရာရာ အင်အားချို့တဲ့တဲ့ နိုင်ငံကို မိမိတို့အကျိုးအမြတ်တစ်ခုအတွက် အတင်းအဓမ္မ အနိုင်ကျင့် တောင်းဆိုသလို ဖြစ်နေတယ်။ ခပ်ရိုင်းရိုင်းပြောရရင် လူနှာအမဲခြောက် တောင်းသလို ဖြစ်နေတယ်။ တကယ်တော့ တစ်ယောက်တည်းနဲ့ သက်ဆိုင်တာမဟုတ်ဘူး။ မြန်မာတစ်မျိုးသားလုံးနဲ့ သက်ဆိုင်နေတဲ့ကိစ္စ၊ မြန်မာပြည် ကမ္ဘာ့မြေပုံပေါ်ကနေ ပျောက်ကွယ်မယ့်ကိစ္စ၊ ဧရာဝတီမြစ်ကြီး ပျောက်ကွယ်သွားသလို မြန်မာလူမျိုးတွေပါ ပျောက်ကွယ်မယ့်ကိစ္စ၊ ဒီကိစ္စအတွက် နိုင်ငံတော်သမ္မတကြီးက သူ့သက်တမ်းမှာ ပြည်သူ့ဆန္ဒအရ မြစ်ဆုံစီမံကိန်းကို ရပ်ဆိုင်းခဲ့တယ်။ ပြည်သူ့ရှေ့က မားမားရပ် ကာကွယ်ပေးခဲ့တယ်။ ဒါကို (CPI) ကုမ္ပဏီအနေနဲ့ သဘောထားကြီးသင့်တယ်။ နိုင်ငံတကာ စံချိန်စံညွှန်းတွေကို လေးစားလိုက်နာသင့်တယ်။ လူသားအချင်းချင်း လူမျိုးတစ်မျိုးက လူမျိုးတစ်မျိုးကို ကိုယ်ချင်းစာငဲ့ညှာသင့်တယ်။



ဒီတော့ (CPI) ကုမ္ပဏီဆိုတဲ့ စီးပွားရေးလုပ်ငန်းတစ်ခုဟာ သူများနိုင်ငံရဲ့ ပြည်တွင်းရေး (ဝါ) တစ်မျိုးသားလုံးနဲ့ သက်ဆိုင်တဲ့အရေးမှာ မိမိ ကိုယ်ကျိုးစီးပွားတစ်ခုတည်းကိုသာ မကြည့်ဘဲ အခြားနိုင်ငံနဲ့ လူမျိုးတွေ အရှည်တည်တံ့ နေထိုင်နိုင်ရေးကိုလည်း ငဲ့ကွက်သင့်ပါတယ်။ အဲဒီနိုင်ငံရဲ့ အချုပ်အခြာအာဏာကို လေးစားသင့်ပါတယ်။ လူမျိုးတစ်မျိုးရဲ့ အနှောင်အဖွဲ့ကင်းတဲ့ လွတ်လပ်ခြင်းကို တန်ဖိုးထားသင့်ပါတယ်။ အဲဒီနိုင်ငံရဲ့ အကြီးအကဲခေါင်းဆောင်တွေကိုလည်း အပြစ်တင်ဝေဖန်တာမျိုး ရှောင်ကြဉ်သင့်ပါတယ်။ အရင် စစ်အစိုးရလက်ထက်မှာ ချုပ်ဆိုထားတဲ့ စာချုပ်ကိုင်ပြီး လက်ရှိအစိုးရတာဝန်ရှိသူတစ်ယောက်ကို စော်ကားပြောဆိုနေတာတွေ ရပ်တန်းက ရပ်သင့်ပါတယ်။ ကုန်ကုန်ပြောရရင် အရင်စစ်အာဏာပိုင်တွေနဲ့ချုပ်ထားတဲ့ စာချုပ်ဟာ ယနေ့ခေတ် ဒီမိုကရေစီအစိုးရနဲ့ ဘာမှမဆိုင်တော့ဘူးဆိုတာပါပဲ။ အခု (၂၁) ရာစုနှစ်မှာ ကမ္ဘာကြီးဟာ အရာရာ ပြောင်းလဲနေပါပြီ။ ကိုလိုနီစနစ်နဲ့ ဖက်ဆစ်စစ်အာဏာရှင်ခေတ်တွေလည်း ကုန်ခဲ့ပါပြီ။ (CPI) ကုမ္ပဏီဟာ ခေတ်ဟောင်း ကိုလိုနီစနစ်ရဲ့ လက်ဆောင်ခံ မဟုတ်ဘူးဆိုတာ ကမ္ဘာကို သက်သေပြသင့်ပါပြီ။ ခင်ဗျားတို့ရဲ့ **လူမျိုး** တစ်မျိုးအပေါ် ကျွန်ပြုလိုတဲ့ စိတ်ဓာတ်အို၊ စိတ်ဓာတ်ပျက်များ **ရာစုဝင်** ဟောင်းက ကမ္ဘာဟောင်းမှာ အပြီးအပိုင် မြေမြှုပ်ထားခဲ့သင့်ပါပြီ။ **ရှင်းရှင်း** ပြောရရင် (CPI) ဆိုတာ တိုင်းပြည်တစ်ပြည်ရဲ့ အရေးနဲ့ **ယှဉ်လိုက်ရင်** ဘာမှပြောပလောက်တဲ့ အဖွဲ့အစည်းမဟုတ်ပါခင်ဗျာ။

**ပြည်သူ့ဆန္ဒရှင်**
**(၆-၂-၂၀၀၄)ရေးသည်**

www.burmeseclassic.com

www.burmeseclassic.com



# တကယ်တော့ တပ်မတော်သားဟာလည်း နှလုံးသားရှိတဲ့ လူပါပဲ

နေ့စဉ်ထုတ်သတင်းစာပေါ်ထွက်လာတာ ကျွန်တော်တို့အတွက် အကျိုးကျေးဇူးများစွာ ရှိခဲ့ပါတယ်။ အချိန်နဲ့တစ်ပြေးညီ ဖြစ်ပေါ်နေတဲ့ သတင်းတွေကို နေ့စဉ် သိခွင့်ရနေတဲ့အတွက် ဗဟုသုတ တိုးစေပါတယ်။ ကမ္ဘာ့အရေး၊ မြန်မာ့အရေးတွေကို ထဲထဲဝင်ဝင်၊ ကျယ်ကျယ်ပြန့်ပြန့် ဖတ်နေရတဲ့အတွက် အသိ၊ သတိတွေနဲ့ ဆင်ခြင်နှလုံးသွင်းနိုင်ခဲ့ပါတယ်။ အဲဒီအတွက် ထုတ်ဝေခွင့်ပြုတဲ့ အစိုးရတာဝန်ရှိသူများ၊ သတင်းစာထုတ်ဝေသူများကို အထူးကျေးဇူးတင်ရပါတယ်။

ဒါတွေထားတော့၊ ဟိုတစ်နေ့က ဖတ်လိုက်ရတဲ့ သတင်းတစ်ပုဒ် ဆိုရင် ကျွန်တော်တို့အတွက်၊ တစ်နည်းပြောရင် ကျွန်တော်တို့နိုင်ငံအတွက် ငြိမ်းချမ်းရေး မျှော်လင့်ချက်ရောင်နီသမ်းလာတယ်လို့တောင် ဆိုနိုင်တယ်။ သတင်းဖော်ပြချက်အရဆိုရင် တပ်မတော်သားတွေ ကိုယ်တိုင်လည်း အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းရေးလိုချင်တာပါပဲတဲ့၊ လက်နက်ကိုင်အဖွဲ့အစည်းဖြစ်တဲ့ တပ်မတော်သားတွေကတောင် ဒီလိုတွေးတတ်လာတာ၊ ဒီစကားမျိုး ပြောလာတာ၊ အလွန်ကျေနပ်ဖို့ ကောင်းပါတယ်။



ငြိမ်းချမ်းရေးရချင်တဲ့၊ လက်နက်မဲ့ ပြည်သူတစ်ယောက်အနေနဲ့ အဲဒီစကား (တသား) ဖတ်လိုက်ရတာနဲ့တင် အတော်ဝမ်းသာလှပါပြီ။ ရှေ့ဆက်သွားမယ့် နိုင်ငံတော်သစ်အတွက် အနည်းငယ်စိတ်အေးရပါပြီ။ တစ်ပြည်လုံး အတိုင်းအတာအနေနဲ့ လက်နက်ကိုင်တိုက်ခိုက်မှုတွေရပ်ပြီး စစ်မှန် တဲ့ ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရင်တော့ နိုင်ငံအတွက်ရော၊ ပြည်သူအတွက်ပါ ကောင်းကျိုးဖြစ်ထွန်းစရာ အကြောင်းရှိပါတယ်။

တကယ်တမ်းကျတော့ လူသတ်လက်နက်ကိုင်ဆောင်ပြီး စစ်ပွဲတွေ ဖန်တီးနေတာ (ဝါ) စစ်ပွဲတွေဖြစ်နေတာ၊ မြန်မာ့တပ်မတော်နဲ့ တိုင်းရင်းသား လူမျိုးစုအဖွဲ့တွေပါ။ တရားဝင်လက်နက်ကိုင်ဆောင်ခွင့်ရနေတာလည်း သူတို့တွေပါ။ ဟိုအကြောင်းပြ၊ ဒီအကြောင်းပြ တိုက်ခိုက်နေကြတာလည်း သူတို့တွေပါ။ တစ်တိုင်းပြည်လုံးကို သေနတ်သံ၊ ဗုံးသံတွေနဲ့ ပွက်ပွက်ညံ စေတာ သူတို့တွေပါ၊ ငြိမ်းချမ်းရေးအတွက် (ဝါ) နယ်မြေအေးချမ်းပြီး တရားဥပဒေစိုးမိုးရေးအတွက် တိုက်နေရတာပါလို့ အသံကောင်းဟစ်နေတာ သူတို့ပါ။

နောက်တစ်ချက်က မြန်မာပြည်သူလူထုရဲ့ အသက်အိုးအိမ်၊ စည်းစိမ်နဲ့ ဘဝလုံခြုံမှုအတွက် ကာကွယ်တိုက်ခိုက်နေတာပါလို့၊ တပ်မတော်က ဆိုတယ်၊ တိုင်းရင်းသားလူမျိုးစုတွေကလည်း သူတို့ သွေးချင်းသားချင်းတွေ၊ လွတ်လပ်စွာ ရှင်သန်ဖို့အတွက် စစ်မတိုက်ချင်ဘဲ တိုက်နေရတာပါ လို့ဆိုတယ်။ ဘယ်ဟာအမှန်လဲ၊ ဘာတွေမှားနေကြသလဲ၊ သမိုင်းတစ်လျှောက် အတွေ့အကြုံအရ၊ နှစ်ဖက်စလုံး ထိခိုက်နစ်နာခဲ့ရသလို၊ နှစ်ဖက်ပြည်သူ ပြည်သားတွေလည်း အတိဒုက္ခရောက်နေကြတာ အားလုံးအသိ။

မြန်မာ့တပ်မတော်က မြန်မာပြည်သူဘဝ လုံခြုံဖို့အတွက် စစ်တိုက် နေရတာပါလို့ဆိုပေမယ့် တကယ့်လက်တွေ့မှာတော့ ပြည်သူ့ဘဝတွေ

လုံခြုံမှု ကင်းမဲ့နေပြီး၊ ပဋိပက္ခမျိုးစုံကြားမှာ ဒုက္ခအဖုံဖုံတွေကြုံခံစားနေကြရတာကို လူတိုင်းလည်း သိကြမှာပါ။ နယ်စပ်ဒေသတွေမှာ တခြားတိုင်းပြည်တွေမှာ၊ စစ်ဘေးရှောင် ဒုက္ခသည်စခန်းတွေ ပေါများလာနေတာကို ကြည့်ရင် အားလုံး သဘောပေါက်နားလည်ကြမှာပါ။

အမှန်တော့ မြန်မာ့တပ်မတော် စစ်တိုက်နေတာဟာ မြန်မာလူထုအတွက်လား။ လူတစ်စုကို အကာအကွယ်ပေးနေတာလား။ လူတစ်စုအာဏာတည်မြဲဖို့၊ စည်းစိမ်ချမ်းသာပြည့်စုံကြွယ်ဝဖို့ တိုက်ခိုက်ပေးနေတာလားလို့ သုံးသပ်ပြောဆိုခြင်းခံရသကဲ့သို့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေလည်း ထိုနည်းနှင်နှင် တိုင်းရင်းသားလူမျိုးစုတွေအတွက်လား၊ လူတစ်စုအတွက် ရင်ဆိုင်တိုက်နေတဲ့သဘောလား၊ ဟုတ်သလား၊ မဟုတ်သလားဆိုတာ မြန်မာလူထုရော၊ တိုင်းရင်းသားလူမျိုးစုတွေရော၊ ဒုက္ခပင်လယ်ဝေနေကြတာကြည့်ပြီး သုံးသပ်လို့ရပါတယ်။

ဘာပဲဖြစ်ဖြစ် ခုလို တပ်မတော်သားတွေကိုယ်တိုင်၊ စစ်မတိုက်ချင်တော့ပဲ ငြိမ်းချမ်းရေးလိုလားတဲ့အကြောင်း ဖွင့်ဟပြောဆိုလာတာဟာ ကောင်းတဲ့ နိမိတ်ပါ။ စစ်တိုက်ခြင်းရဲ့ အကျိုးအပြစ်တွေကို ခံစားနားလည်လာကြတာပါ။ စစ်ရဲ့အဆိုးအကောင်း၊ အကျိုးအကြောင်းတွေကို မှန်ကန်တဲ့အသိနဲ့ နှလုံးသွင်းဆင်ခြင်ကြည့်လာကြတာပါ။

ဒါဟာ တကယ်ကောင်းမွန်တဲ့ အသိ၊ သင့်မြတ်လျော်ကန်တဲ့စိတ်ဓာတ်၊ မှန်ကန်ဖြောင့်မတ်တဲ့ အတွေးလို့ဆိုရပေမယ့် စစ်တိုက်ခြင်းကို အလိုမရှိတာဟာ ငြိမ်းချမ်းရေး လိုလားတဲ့သဘောပါ။ စစ်တိုက်ခြင်းကို ငြီးငွေ့လာသူဟာ ငြိမ်းချမ်းခြင်းမှာ မွေ့လျော်လိုတဲ့စိတ်ထားပါ။ ဒီစိတ်၊ ဒီသဘောထားမျိုးကို တပ်မတော်သားတွေကိုယ်တိုင် မွေးမြူနိုင်ရင် အနာဂတ်နိုင်ငံတော်သစ် အနေအထားဟာ တရားမျှတမှု၊ ညီညွတ်မှု၊ လမ်းမှန်ပေါ်



ရောက် ပေလိမ့်မယ်။

မြန်မာလူထုတစ်ရပ်လုံး လိုလားတောင့်တနေတာလည်း စစ်ပွဲတွေရပ်တန့်ဖို့ ငြိမ်းချမ်းရေးရဖို့ပါပဲ။ လူသတ်လက်နက်ကိုင်စွဲပြီး သတ်နေ၊ ဖြတ်နေတာထက်၊ ငြိမ်းချမ်းရေးလက်နက် (ဝါ) မေတ္တာလက်နက်ကိုင်စွဲပြီး တစ်ဦးနဲ့တစ်ဦး လက်ဆွဲနှုတ်ဆက်ပွေ့ဖက်တာကို မြင်ချင်တွေ့ချင်နေတာလည်း ပြည်သူလူထုပါပဲ။ မြန်မာလူထုနဲ့ တိုင်းရင်းသားလူမျိုးစုတွေဟာ စစ်ပွဲတွေကို ငြီးငွေ့နေကြတာ အတော်ကြာပါပြီ။ ငြိမ်းငြိမ်းချမ်းချမ်း ဘဝမှာ နေချင်ခဲ့ကြတာ ကြာပါပြီ။

ဒါပေမဲ့ တစ်ချက်စဉ်းစားရမှာက တပ်မတော်သားတွေကိုယ်တိုင် စစ်မတိုက်ချင်တော့ဘူး။ စစ်တိုက်ချင်နေတာ (ဝါ) တပ်မတော်သားများ၊ စစ်မတိုက်ချင်တိုက်ချင်အောင် လှုံ့ဆော်ခိုင်းနေတာ ဘယ်သူတွေလဲ၊ အတင်းတိုက်တွန်းနေတာ ဘယ်အဖွဲ့လဲ၊ အထက်အရာရှိအမိန့်တွေလား၊ တိုင်းရင်းသား လူမျိုးစုခေါင်းဆောင်တွေလား၊ ပြည်သူလူထုက တိုက်ခိုင်းနေတာလား၊ အစွန်း ဝိသမ လောဘသား၊ စီးပွားရေးသမားတွေ၊ အခကြေးငွေပေး တိုက်ခိုင်းနေတာလား။

ဒါတွေတော့ မှန်ကန်စွာ ဆုံးဖြတ်ပြီး တည့်မတ်စွာ ဆင်ခြင်သုံးသပ်နိုင်ဖို့ အရေးကြီးပါတယ်။ တပ်မတော်သားများကိုယ်တိုင် မိမိတို့စိတ်ခံစားချက်နဲ့ ဘဝအတွေ့အကြုံအရ ငြိမ်းချမ်းရေးကို ရှင်တယ်၊ စစ်တိုက်ခြင်းကို ရပ်ပစ်ချင်တယ်လို့ ဆိုနေပေမယ့် ဆိုနေရုံနဲ့ပြီးပါ၊ တကယ်ကျင့် ကြံအားထုတ်ရမှာပါ။ မှန်တဲ့ဘက်မှာ ရဲရဲရပ်ရမှာပါ။ ငြိမ်းချမ်းတဲ့ လူ့ဘောင်ကို လက်နက်စွန့်မှသာ တည်ဆောက်နိုင်မှာပါ။ ခင်ဗျားတို့ ငြိမ်းချမ်းသော လူ့ဘောင်အဖွဲ့အစည်းနဲ့ ပူးပေါင်းပါဝင်ပါ။ ပြောတာ ပြောသလိုလုပ်ပြီး လုပ်သလိုပြောပါ။ စစ်မတိုက်ချင်ရင် စစ်ပွဲတွေကို

www.burmeseclassic.com

www.burmeseclassic.com



ကျောခိုင်းလိုက်ကြပါ။ ငြိမ်းချမ်းရေး အမှန်တကယ်လိုချင်ရင် လူသတ်လက်နက်တွေကို စွန့်ကြပါ။ သွေးစွန်းခဲ့တဲ့ လက်တွေကို ဆေးကြောပစ်လိုက်ပါ။ သန့်ရှင်းသောလက်၊ ပြည်သူ့အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်တဲ့ လက်ပိုင်ရှင်တွေအဖြစ် ရာဇဝင်သစ် ရေးထိုးလိုက်ကြပါခင်ဗျာ။

***RIGHT TIME* ဂျာနယ်**
*(၂၄-၇-၂၀၁၃) နေ့ထုတ်*



# ရုပ်ပုံလွှာအရှင်သခင်ဆရာ၊ ဆရာ၏ ရုပ်ပုံလွှာကို ကျွန်တော်တို့ ဆက်ရေးရမည်သာ

တစ်နေ့က မြို့ထဲသွားရင်း ဆရာကြီး ဒဂုန်တာရာရဲ့ ဖျတ်ခနဲတွေ့ရသော ရုပ်ပုံလွှာ (၃) စာအုပ်ထွက်နေတာ တွေ့တာနဲ့ ကျွန်တော်ဝယ်ဖြစ်ခဲ့ပါတယ်။ အိမ်ပြန်ရောက်တော့ ချက်ချင်းပဲ ကောက်ဖတ်ဖြစ်ပါတယ်။ အဲဒီစာအုပ်ထဲမှာ မြန်မာနိုင်ငံရဲ့ အထင်ကရ ပုဂ္ဂိုလ် (၂၃) ဦးရဲ့ ရုပ်ပုံလွှာ ကောက်ကြောင်းကို အားပါးတရ ဖတ်ရှုခဲ့ရပါတယ်။

အဲဒီစာအုပ်ရဲ့ နောက်ဆုံးစာမျက်နှာတွေဖြစ်တဲ့ စာ (၁၃၃) နဲ့ စာ (၁၃၆) မှာ "ငြိမ်းချမ်းရေးသမား အောင်ဆန်း၊ စိန်ပန်းနီရိပ်မှ မှန်ထွန်းထွင်များ၊ တက္ကသိုလ်အိမ်လွမ်းစိတ္တဇ ဆောင်းပါး (၂) ပုဒ်ကို ဖတ်မိရင်း ဆရာကြီးအကြောင်း ဆောင်းပါးရေးချင်တဲ့စိတ် ဖြစ်လာခဲ့ပါတယ်။ ဆရာကြီးရဲ့ မြန်မာပြည်သူတွေအပေါ်ထားတဲ့ စာပေစေတနာ၊ ဂုဏ်ကျေးဇူးတွေကို စာပေဆောင်းပါးနဲ့ ဦးညွှတ်ဂုဏ်ပြုကျေးဇူးဆပ်ဖို့ ကျွန်တော်ကြိုးစားခဲ့ပါတယ်။

နောက်ရက် အနည်းငယ်အကြာ အောင်ပန်းမြို့မှာ ဆရာကြီး[illegible] လွန်သွားပြီဆိုတဲ့အကြောင်း ပုဂ္ဂလိက နေ့စဉ်ထုတ် သတင်းစာတစ်စောင်မှာ ဖတ်လိုက်ရတော့ 'သြော် ငါ ဆရာကြီး စာပေဂုဏ်ကျေးဇူးတွေကို ဆောင်းပါး

www.burmeseclassic.com



လေးရေးပြီး ဦးညွှတ်ဂုဏ်ပြု ပူဇော်ကန်တော့ဖို့ လုပ်နေတုန်းမှာ ဆရာကြီး ရုတ်တရက် မြန်မြန်ကွယ်လွန်သွားတဲ့အတွက် နှမြောတသမိပါတယ်။ ဆရာကြီးသိအောင် ကျေးဇူးဆပ်ခွင့်မရလိုက်တဲ့အတွက် အလွန်ဝမ်းနည်းကြေကွဲရပါတယ်။

အဖြစ်အပျက်တွေက တိုက်ဆိုင်တယ်လို့ ပြောမလား၊ ကံကြမ္မာက တမင်ရည်ရွယ်တာလားတော့မသိ ကျွန်တော်ကိုယ်ပိုင် စာအုပ်စင်မှာ ဆရာကြီး ဒဂုန်တာရာနဲ့ ဆရာမောင်ဝံသရဲ့ စာအုပ်တွေ အများဆုံး ဝယ်စုထားတာ ဖြစ်ချင်တော့ ဒီတစ်ပတ်ထဲမှာပဲ ဆရာမောင်ဝံသ ကွယ်လွန်တယ်၊ ပြီးတော့ အခု ဆရာဒဂုန်တာရာ ကွယ်လွန်တယ်။

အဲဒီဆရာနှစ်ယောက်စလုံးဟာ ကျွန်တော့်ရဲ့ စာပေဂုရုကြီးနှစ်ပါးပါ။ သူတို့ရဲ့ စာပေတွေကိုဖတ်ရင်း သူတို့ရဲ့ နည်းနာတွေ၊ ပညာတွေကို အတုယူအားကျရင်း သူတို့ရဲ့ အရေးအသားအဖွဲ့အနွဲ့ပုံစံအတိုင်း လိုက်မှတ်ရေးသားရင်း ကျွန်တော် စာပေနယ်ပယ်ထဲရောက်လာခဲ့တာပါ။ အဲဒီဆရာနှစ်ယောက်စလုံး ကျွန်တော့်ရဲ့ စာပေကျေးဇူးရှင်တွေဆိုရင်လည်း မမှားပါ။

သို့သော် အဲဒီဆရာနှစ်ယောက်စလုံး ကျွန်တော့်ကို မသိကြပါ။ သူတို့ရဲ့ အနုပညာနဲ့ သူတို့ရဲ့ စာပေတွေ ဖတ်ရှုလေ့လာရင်း ကျွန်တော် စာပေကို ချစ်မြတ်နိုးလာတာကိုလည်း သိကြမှာမဟုတ်ပါ။ ဘာကြောင့်လည်းဆိုတော့ အဲဒီဆရာနှစ်ယောက်စလုံးက ကျွန်တော်နဲ့ လူပုဂ္ဂိုလ်ချင်း တစ်ခါမှ မတွေ့ဆုံမရင်းနှီးဘူးခဲ့ကြလို့ပါ။

အဲဒီလို လူပုဂ္ဂိုလ်ချင်း ရင်းနှီးကျွမ်းဝင်မှုမရှိခဲ့ပေမယ့် ကျွန်တော့်ရဲ့ စာပေကျေးဇူးရှင်တွေအဖြစ် ကျွန်တော့်အသွေးအသားနှလုံးမှာ အမြဲဦးညွှတ်လေးစားခဲ့ရပါတယ်။ မြန်မာစာပေလောကမှာ ကျွန်တော့်စာပေကျေးဇူးရှင် မြောက်မြားစွာရှိပါတယ်။ ဆရာကြီး ဟံသာဝတီဦးဝင်းတင်တို့



ဆရာ ဇော်ဇော်အောင်၊ ဆရာမောင်သွေးချွန်၊ ဆရာဖေမြင့်တို့ဆိုတာလည်း ကျွန်တော့်ရဲ့ စာပေဖခင်တွေပါပဲ၊ တခြားဆရာ၊ ဆရာမတွေ အမြောက်အမြားရှိပါသေးတယ်။ ဆောင်းပါးရှည်နေမှာစိုးလို့ မဖော်ပြနိုင်တော့တာကို အားလုံးခွင့်လွှတ်စေချင်ပါတယ်။

ဆရာကြီး ဒဂုန်တာရာအကြောင်း ဆက်ရရင် ကျွန်တော် ဆရာကြီးရဲ့စာပေနဲ့ စတင်ရင်းနှီးလာခဲ့တာဟာ ကျွန်တော် (၇) တန်း ကျောင်းသားဘဝက မြန်မာဖတ်စာ စာအုပ်မှာပါတဲ့ ဆရာကြီးရဲ့မတ်လတော်လှန်ရေး ပုံရိပ်တွေဟာ ကျွန်တော်အသိအမှတ်ဉာဏ်မှာ စွဲထင်လာခဲ့ပါတယ်။ မတ်လတော်လှန်ရေးကဗျာတစ်ပုဒ်ကြောင့်ပါ။ အဲဒီ ကဗျာမှာပါတဲ့ စကားလုံးဖွဲ့စည်းမှု၊ ကဗျာရဲ့ရည်ရွယ်ချက် ဆိုလိုရင်းအဓိပ္ပာယ်ကို ကောင်းစွာနားမလည်ခဲ့ပေမယ့် အဖွဲ့အနွဲ့အရေးအသား ပုံသဏ္ဌာန်ဆန်းသစ်ထားကြောင်း ကျွန်တော်ကြိုက်နှစ်သက်ခဲ့ခြင်းဖြစ်ပါတယ်။

ကျောင်းမှာ ဆရာမ သင်ကြားတာကို ဂရုစိုက်နားထောင်မှတ်သားရင်း ကိုယ်တိုင်လည်း အကြိမ်ကြိမ်ဖတ်ရှုလေ့လာရင်း အဲဒီကဗျာကို ကျွန်တော်ဦးနှောက်အသိဉာဏ်မှာ စွဲထင်လာခဲ့ပါတယ်။ မတ်လတော်လှန်ရေး ပုံရိပ်တွေဟာ ကျွန်တော် အသိမှတ်ဉာဏ်ထဲမှာ မှတ်သားထင်ရှားလာခဲ့ပါတယ်။ ကြယ်ဖြူတစ်ပွင့်နဲ့ အလံနီလွှင့်ထူထားတဲ့အောက်မှာ သေနတ်လက်နက်ကိုင် တော်လှန်ရေးရဲဘော်များပုံရိပ်ကို ကျွန်တော့်မျက်လုံးမှာ မြင်ယောင်မိခဲ့ပါတယ်။

ဆရာကြီးရဲ့ ကဗျာတစ်ပုဒ်လုံးကို ကျွန်တော်အတွန့်[illegible] နားမလည်ခဲ့ပါ။ စာပေခံစားမှု၊ နှလုံးသ[illegible]ရင့်ကျက်မှု မရှိသေးတဲ့ [illegible] သင်ရ၊ ဖတ်ရတာဖြစ်တဲ့အတွက် လုံးစေ့ပတ်စေ့တော့ ကျွန်တော်[illegible] ခဲ့ပါ။ သို့သော် အဲဒီကဗျာရဲ့ နောက်ဆုံးပိုဒ်က 'ရင့်[illegible]ညောင်းသည်

www.burmeseclassic.com



ရွက်ဟောင်းစွန့်ပစ် ဘဝသစ်သို့ သနစ်ပြောင်းမည် ဖူးသစ်မီသည်၊ အနံ့ထုံမှ ကြာဖြူပွင့်’ ဆိုတဲ့ အပိုဒ်ဟာ ကျွန်တော်နှလုံးသားကို ဖမ်းစားခဲ့ပါသည်။

ခုနကပြောသလို ကြယ်ဖြူတစ်ပွင့်နဲ့ အလံနီလွှင့်ထူးထားတဲ့အောက်က သေနတ်လက်နက်ကိုင် တော်လှန်ရေးရဲဘော်များ၊ ဓား၊ လှံ၊ လေးမြား ကိုင်ဆောင်ထားတဲ့ တိုင်းရင်းသားများရဲ့ ပုံရိပ်တွေဟာ ကျွန်တော့်စိတ်အာရုံမှာ သက်ဝင်လှုပ်ရှားလာခဲ့ကြပါတယ်။ သစ်ပင်က ရွက်ဟောင်းကြွေတဲ့ ပုံရိပ်တွေ၊ ကောင်းကင်မှာ နေရဲရဲပူနေတဲ့ဟန်တွေ လက်သီးလက်မောင်းတန်း ချိန်ရွယ်ပစ်ခတ် ပြေးလွှားဆူညံအော်ဟစ်နေတဲ့ လူရုပ်တွေကို ကျွန်တော့်မျက်စိထဲ မြင်ယောင်မိခဲ့ပါတယ်။ အဲဒီလောက်ထိ ဆရာကြီးရဲ့ ကဗျာဟာ ကျွန်တော့်ကို ဖမ်းစားခဲ့တာပါ။

နောက်ပိုင်း အသက်အရွယ်လေးလည်း ရလာ၊ စာဖတ်ရှိန်လေးလည်း ရလာတဲ့အခါမှာ ဆရာကြီးရဲ့ စာအုပ်အတော်များများ ကျွန်တော် ဖတ်ရှုလေ့လာဖြစ်ခဲ့ပါတယ်။ အဲဒီစာအုပ်တွေထဲမှာ ကျွန်တော် အရင်ဦးဆုံး စဖတ်ဖြစ်ခဲ့တာက ‘မေ’ စာအုပ်ပါ။ စဖတ်တုန်းက နိုင်ငံခြားဝတ္ထုမှီငြမ်းထားတဲ့ စာအုပ်လို့ မထင်ပါ။ ဆရာကြီးရဲ့ ပင်ကိုယ်ခံစားချက်၊ ပင်ကိုယ်ရေးသားမှုလို့ပဲ ထင်တာပါ။ ဆရာကြီးရဲ့ အရေးအသားအဖွဲ့အနွဲ့ တင်ပြပုံ ဆန်းသစ်တယ်လို့ ယူဆပြီး စွဲလမ်းနှစ်သက်ခဲ့တာပါ။

အဲဒီစာအုပ်ဟာ ကျွန်တော်တို့ စာအုပ်စာပေ စိတ်ဝင်စားလာအောင် စာပေကို အရှုံးအမှူး ဖတ်ရှုလေ့လာချင်လာအောင် ဆွဲဆောင်လိုက်တာပါ။ နောက်ပြီး အဲဒီစာအုပ် မဖတ်ရသေးခင် ကျွန်တော်တို့ ဖတ်ချင်စိတ်ဖြစ်ပေါ်လာအောင် နှိုးဆော်လိုက်တာက ကိုဗဟိန်းရဲ့ အမှာစာနိဒါန်းပါ။ ဝတ္ထုဖတ်ရတာဟာ ရှန်ပိန်သောက်ရသလို ရှရှတတ အရသာလို့ ညွှန်းဆိုလိုက်တဲ့ စကားကြောင့်ပါ။ အဲဒီစာသားလေးက ဆရာကြီးရဲ့ ‘မေ’ ဝတ္ထုကို



ကျွန်တော် စဖတ်ချင်အောင် ဆွဲဆောင်လိုက်တဲ့ အဓိကအချက်ပါ။

‘ကိုဗဟိန်းဆိုတာကလည်း ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းထဲက သူရဲကောင်းဇာတ်ကောင်ပါ။ ကျွန်တော် ကျောင်းမှာသင်ခဲ့ရတဲ့ သမိုင်းသင်ခန်း စာထဲက မဟာသူရဲကောင်းပါ။ ကျွန်တော်ကြည်ညိုလေးစားခဲ့ရတဲ့ ကျောင်းသား သမဂ္ဂခေါင်းဆောင်တစ်ယောက်ပါ (၁၃၀၀) ပြည့် အရေးတော်ပုံကာလမှာ မြင်းခွာတစ်ချက်ပေါက် မီးဟုန်းဟုန်းတောက်စေရမယ်’ ဆိုတဲ့ ကိုဗဟိန်းရဲ့ ရဲရင့်ပြတ်သားတဲ့ ကြွေးကြော်သံဟာ ဗြိတိသျှယန္တယား ကိုလိုနီအုတ်တံတိုင်းတွေကို ရိုက်ချိုးပြလိုက်တာကို ကျွန်တော်ရင်ထဲအသည်းထဲမှာ စွဲနေခဲ့တာပါ။

ထားတော့ဆရာကြီး ဒဂုန်တာရာအကြောင်း ပြန်ဆက်ရရင် ဆရာကြီးရဲ့ စာအုပ်တွေထဲမှာ မာယာကဗျာစာအုပ်နဲ့ ရုပ်ပုံလွှာဆိုတဲ့စာအုပ်ဟာ ကျွန်တော်ငွားရမ်းဖတ်ရှုလေ့လာရတာ ဖတ်လို့မဝ၊ လေ့လာလို့အားမရတာကြောင့် ပထမဆုံး ကျွန်တော် ဝယ်သိမ်းဖြစ်တဲ့ စာအုပ်တွေပါ။ ဆရာကြီးရဲ့ ရုပ်ပုံလွှာစာအုပ်ကို (၁၉၈၀) ခုနှစ်ကတည်းက ကျွန်တော် စတင်ဖတ်ရှုလာခဲ့တာ ခုထိလည်း ဖတ်ရှုလေ့လာနေဆဲပါ၊ နှစ်ပေါင်း (၃၃) နှစ် ကြာလာပေမယ့် ယနေ့ထိ ဆရာကြီးရဲ့ အရေးအသား အဖွဲ့အနွဲ့တွေ လတ်ဆတ်သစ်လွင်နေဆဲပါ။

ဆရာကြီးရဲ့ ရုပ်ပုံလွှာစာအုပ်ကြောင့်လည်း ကျွန်တော့်တို့နိုင်ငံရဲ့ အတိတ်သမိုင်းခေတ်က သူရဲကောင်းအာဇာနည်တွေအကြောင်း နှံ့နှံ့စပ်စပ် သိခွင့်ရခဲ့တာပါ။ အဲဒီလို သိခွင့်ရတာကိုလည်း ကျွန်တော်တို့နိုင်ငံရဲ့ အတိတ်သမိုင်းခေတ်ဟာ မည့်ခဲ့ပါလား၊ ထူးချွန်ပြောင်မြောက်တဲ့ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တွေ ပေါ်ထွန်းခဲ့ပါလားဆိုတာ ကျွန်တော် ဂုဏ်ယူဝံ့ကြွားမိပါတယ်။ ဆရာကြီးရဲ့ ရုပ်ပုံလွှာစာအုပ်ထဲက ပုဂ္ဂိုလ်တစ်ဦးချင်းစီရဲ့ အရည်အချင်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဓာတ်တွေဟာ ကျွန်တော်တို့အတွက် ကိုးကွယ်အားထားရာ ဖြစ်လာခဲ့ပါတယ်။

ဆရာကြီးရဲ့ လူကိုလေ့လာခြင်း (ဝါ) ရုပ်ပုံလွှာကားချပ်တွေထဲက အရိုင်း (သို့) အောင်ဆန်းဆိုတဲ့ အရေးအသားအဖွဲ့အနွဲ့ကြောင့် တစ်တိုင်းပြည်လုံးက တုန်လှုပ်ခြောက်ခြားခဲ့ကြတယ်။ ပြည်သူတစ်ရပ်လုံး အံ့သြထိတ်လန့်ကုန်ကြတယ်။ ဒါပေမဲ့ ဆရာကြီး အဲဒီလိုရေးသားဖွဲ့နွဲ့လိုက်တဲ့ အကျိုးဆက်ရလဒ်က အရိုင်း (သို့) အောင်ဆန်းဆိုတဲ့ ကျွန်တော်တို့အမျိုးသားခေါင်းဆောင်ကြီးရဲ့ အကျင့်သီလစရိုက် လက္ခဏာတွေဟာ ပိုလို့တောင် ကြီးကျယ်မြင့်မြတ်လာပါတယ်၊ ဆရာကြီးရဲ့ စာပေသြဇာအစဉ်အလာဟာလည်း မြန်မာစာပေလောကတစ်ခုလုံးကို လှုပ်ခတ်သွားစေရုံတင်မက ဆရာကြီးရဲ့ ဂုဏ်သတင်းဟာလည်း ပြည်သူတွေရင်ထဲ ယနေ့ထိရှင်သန်နေခဲ့ပါတယ်။ ဒါကြောင့် ဆရာကြီးဟာ လူသာသေပေမယ့် နာမည်မသေတဲ့ စာပေသူရဲကောင်း ငြိမ်းချမ်းရေးစာဆိုကြီးအဖြစ် ကမ္ဘာမှာ မြန်မာတည်သရွေ့ ထင်ကျန်ရစ်နေမယ်လို့ ကျွန်တော် ယုံကြည်မိပါတယ်ခင်ဗျာ။

ပြည်သူ့ငြိမ်းချမ်းရေးစာဆို ဆရာကြီးဒဂုန်တာရာ ကောင်းရာသုဂတိလားပါစေ။

***EMPIRE DALY***

*(၁၃-၁၀-၂၀၁၃) နေ့ထုတ်*

◆ ◆ ◆



## တိုင်းပြည်မလွတ်လပ်သေးတာကို ပိုလ်ချုပ်နှင့်တော်လှန်ရေးခေါင်းဆောင်များသိမသွားရှာ

'ဒီမြေဟာ ငါတို့မြေ၊ မြန်မာကိုးဘွားတို့မြေ၊ ဒီမြေဟာ ငါတို့မြေ' မနက်စောစောစီးစီးကြီး ဘယ်သူ့သီချင်းအကျယ်ကြီးထဖွင့်ပါလိမ့်။ နားစွင့်ပြီးလှမ်းကြည့်လိုက်တော့ ကျွန်တော့်အိမ်ရှေ့က လမ်းပေါ်မှာ ထီရောင်းတဲ့ လှည်းဖြတ်သွားတာ မြင်လိုက်ရတယ်။ သီချင်းသံက အသံချဲ့စက်နဲ့ စပီကာနဲ့ဖွင့်တာဆိုတော့ တစ်ရပ်ကွက်လုံး ကြားရလောက်တယ်။

ကျွန်တော်ကသာ စောစောစီးစီးပြောတာ တကယ်တော့ နေ့တော့ (၇) နာရီကျော်နေပြီ။ ဆောင်းတွင်းမို့လို့သာ စောတယ်လို့ ထင်ရတယ်။ ဈေးမှာဆိုရင် အတော်ဆူဆူညံညံ စည်စည်ကားကား ဖြစ်နေပြီ။ ထားတော့ ခုနက ထီလှည်းက ဖွင့်တဲ့သီချင်းကြားရတော့ ကျွန်တော် ရေးလက်စတွေ[illegible]ကို အသာထားပြီး ထိုင်တွေးနေမိတယ်။ သီချင်းအကြောင်း[illegible] ယနေ့ခေတ် မြန်မာပြည်ရဲ့ ပြဿနာအခြေအနေအရပ်ရပ်တို့ [illegible] တစ်လွှာချင်း အနုစိတ်အကဲခတ်လေ့လာကြည့်မိတယ်။

ယနေ့ ဒီမိုကရေစီခေတ် ဒီမိုကရေစီအစိုးရလက်ထက်မှာ ကျွန်တော်တို့ နိုင်ငံ ဘယ်လိုပြဿနာမျိုးတွေနဲ့ ရင်ဆိုင်နေရသလဲ။ [illegible]

www.burmeseclassic.com

www.burmeseclassic.com



များရဲ့ အခြေအနေ ဘယ်လိုရှိသလဲ။ ရှေ့ဆက်သွားမယ့် နိုင်ငံသစ်တည်ဆောက်ရေးမှာ ဘယ်လိုအဟန့်အတား၊ အနှောင့်အယှက်တွေ ရှိနေသလဲ။ ဒါတွေကို လူတော်တော်များများ သတိထားမိကြမယ် ထင်ပါတယ်။ အဲဒီပြဿနာတွေ၊ ပဋိပက္ခတွေထဲက အခုလတ်တလောဖြစ်နေတဲ့ လယ်သိမ်း၊ ယာသိမ်း၊ မြေသိမ်းတဲ့ ကိစ္စတွေဟာ ဒီနှစ်ထဲမှာ အတော်ရေပန်းစားနေပါတယ်။ လယ်မဲ့၊ ယာမဲ့၊ မြေမဲ့၊ နေစရာမဲ့လို့ လယ်သမားများရဲ့ ဆန္ဒပြပွဲနဲ့ ရင်ဖွင့်သံတွေကလည်း ကျယ်ကျယ်လောင်လောင် ကြားနေရပါတယ်။

အဲဒီ လယ်သမားတွေက ဘယ်သူတွေလဲ၊ ဘယ်သူ့အမျိုးတွေလည်း၊ မသိမသာ ငုံ့ကြည့်လိုက်တော့ အားပါးပါး မြန်မာလူမျိုးတွေပါလား၊ မြန်မာနိုင်ငံဖွား အလုပ်သမား၊ လယ်သမားနဲ့ တိုင်းရင်းသားတွေပါလား။ အဲဒီထဲမှာကုလားမပါ၊ တရုတ်မပါ၊ မလေးရှား၊ ထိုင်းမပါ အခြား ဘယ်နိုင်ငံသားမှ မပါ၊ မြန်မာလယ်သမားကို မြန်မာလယ်မြေကနေပျောက်သွားအောင် စီမံခန့်ခွဲနေတာ ဘယ်သူတွေလဲ တစ်ချက်လှမ်းကြည့်တော့ ကိုလိုနီနယ်ချဲ့တွေမဟုတ်၊ ဖက်ဆစ်တွေမဟုတ်၊ အင်္ဂလိပ်၊ အမေရိကန်တွေမဟုတ်၊ ဂျာမဏီ၊ အီတလီ၊ ဂျပန်တွေမဟုတ်၊ မြန်မာစစ်စစ်တွေ၊ မြန်မာထုတ်ထမင်း စားနေတဲ့ မြန်မာလူမျိုးစစ်စစ်တွေပါ။

မြန်မာလယ်ယာမြေပေါ်ကနေ မြန်မာလယ်သမားတွေကို မောင်းထုတ်တယ်။ ဘယ်သူတွေလဲ။ ကိုရွှေမြန်မာတွေပဲ။ ဘာအတွက် မောင်းထုတ်သလဲ။ နိုင်ငံခြားသားပိုင် စက်ရုံ၊ အလုပ်ရုံတွေ၊ ကုမ္ပဏီရုံးခန်းတွေအတွက် နိုင်ငံခြားသားလုပ်ငန်းရှင်တွေရဲ့ စီမံကိန်းတွေအတွက် လယ်သမားများ၊ လယ်ယာမြေကနေ မောင်းထုတ်ခံနေခြင်းဖြစ်တယ်။ ဒီနေရာမှာ တစ်ခု ပြောစရာရှိတယ်။ ဗိုလ်ချုပ်တို့လို တိုင်းပြည်ခေါင်းဆောင်တွေ တိုင်းပြည်လွတ်လပ်ရေးရဖို့ ကြိုးပမ်းဆောင်ရွက်တာဟာ အဓိက အလုပ်သမား၊



လယ်သမားများနဲ့ အခြေခံလူတန်းစားတွေရဲ့ ချုပ်ခြုံကျနေတဲ့ ဘဝတွေ လွတ်မြောက်ရေးပဲ။ အလုပ်သမားတွေရဲ့ဘဝ အဆင်ပြေရေး၊ လယ်သမားတွေ ထမင်းဝဝ စားရရေး၊ မရှိဆင်းရဲသား၊ အခြေခံလူတန်းစားတွေ ဖူလုံရေး၊ အချုပ်အချယ်ကင်းကင်း၊ အနှောင်အဖွဲ့ရှင်းရှင်းနဲ့ မိမိကံကြမ္မာ မိမိဖန်တီးနိုင်ရေးပဲ။

ဒါဟာ ဗိုလ်ချုပ်တို့ရဲ့ ဉာဏ်အမြော်အမြင်၊ တိုင်းပြည်နဲ့ လူထုထားတဲ့ စေတနာ၊ ဗိုလ်ချုပ်တို့ဖြစ်ချင်တဲ့ ဆန္ဒ၊ ဗိုလ်ချုပ်တို့ လုပ်နည်းလုပ်ဟန်တွေဟာ လူတစ်ယောက်၊ လူတစ်စု၊ တစ်ဖွဲ့၊ တစ်ပါတီ ကောင်းစားရေးမဟုတ်၊ တိုင်းပြည်လူထုကောင်းစားရေး၊ တိုင်းပြည်ရဲ့ အဓိကအင်အားဖြစ်တဲ့ အလုပ်သမား၊ လယ်သမားများ ကောင်းစားရေး၊ လယ်လုပ်သူ လယ်ပိုင်ရေး၊ လယ်သမားများ တိုးတက်မြင့်မားရေး၊ လယ်ယာမြေထွက် သီးနှံထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး စတဲ့ အရေးတွေကို အခြေခံတယ်။ အဓိကက အလုပ်သမား၊ လယ်သမားများ မတရားဖိနှိပ်ချုပ်ချယ်တဲ့ စနစ်အောက်က လွတ်မြောက်ရေးပဲ။

အခု တိုင်းပြည်လွတ်လပ်ရေးရခဲ့တာ (၆၆) နှစ်တာ ကာလကို ဖြတ်သန်းခဲ့ပြီး အလုပ်သမား၊ လယ်သမားများဘဝလွတ်မြောက်ရေးကို အခြေခံတဲ့ တိုင်းပြည်လွတ်လပ်ရေးကို (၆၆) နှစ်တာ မြင်တွေ့လာခဲ့ကြပြီး တိုင်းပြည်ကို မတရားသိမ်းပိုက်၊ လူမျိုးကို မတရား ကုပ်သွေးစုပ်ချယ်လှယ်ခဲ့တဲ့ ကိုလိုနီနယ်ချဲ့နဲ့ ဖက်ဆစ်ဝါဒီတို့ လက်ထဲက စက်ရုံ၊ **အလုပ်ရုံ၊** လယ်ယာမြေတွေကို မြန်မာတိုင်းရင်းသား အလုပ်သမား၊ လယ်သ**မားများ** ပြန်ရခဲ့ပြီ။ သို့သော် တိုင်းပြည်လွတ်လပ်ရေးရပြီလား၊ မြန်မာတ**စ်မျိုးသား**လုံး လွတ်လပ်ပြီလားဆိုတာ ဗိုလ်ချုပ်ခမျာ သိမသွားရှာ။ **မြန်မာအလုပ်**သမားများ လွတ်လပ်ပြီလားဆိုတာ သခင်ဖိုးလှကြီး သိမသွား**ရှာ။ မြန်မာ**

www.burmeseclassic.com



အလုပ်သမားများ လွတ်လပ်ပြီလား၊ တကယ် လယ်ပိုင်ခဲ့သလားဆိုတာ ဆရာစံကြီးလည်း သိမသွားရှာ။ တကယ်လို့များ မြန်မာပြည်နဲ့ မြန်မာအလုပ်သမား၊ လယ်သမားတွေ လွတ်မြောက်ရေးအတွက် အသက်စွန့်လှူသွားတဲ့ အမျိုးသား အာဇာနည်ခေါင်းဆောင်ကြီးတွေသာ သိသွားခဲ့ရင် သေရာမှနိုးထ ပြန်လည်ရှင်သန်တော်လှန်ကြမှာ မလွဲဧကန်ပါပဲခင်ဗျာ။

***RIGHT TIME* ဂျာနယ်**

***(၅-၃-၂၀၁၄) နေ့ထုတ်***

◆ ◆ ◆



# ပြုပြင်လိုသူများ၏ အခြေအနေ၊ မပြုပြင်လိုသူများ၏ "ဆင်ခြေ"

'၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းလျှင် (သို့မဟုတ်) ပြန်လည်ရေးဆွဲလျှင် အန္တရာယ်ကြီး၍ ဆိုးဝါးသော အကျိုးဆက်များရှိလာနိုင်ကြောင်း' လက်ရှိအာဏာရပါတီရဲ့ ထိပ်တန်းခေါင်းဆောင်တစ်ယောက် ပြောကြားလိုက်တာကို သတင်းစာတွေကတစ်ဆင့် ကျွန်တော်ဖတ်ရှုလိုက်ရပါတယ်။

အဲဒီခေါင်းဆောင်ပြောသလို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်း (ဝါ) ပြန်လည်ရေးဆွဲရင် အန္တရာယ်ရှိတယ်။ ဆိုးဝါးတဲ့အကျိုးဆက်တွေ ရှိလာနိုင်တယ်ဆိုတာ သူ့အတွက်လား၊ တိုင်းပြည်အတွက်လား။ သေချာတာကတော့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်း(ဝါ)ပြန်လည်ရေးဆွဲလိုက်ရင် တိုင်းပြည်အန္တရာယ်တွေ ကင်းမယ်။ ဆိုးဝါးတဲ့အကျိုးဆက်ကို ရှောင်လွှဲနိုင်ရမယ်။ ဒါက ပြည်သူတွေရဲ့ ယုံကြည်ချက်။

ယခုတလော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပတ်သက်လို့ ပြောဆိုဝေဖန်သံတွေ၊ အကြံပြုတိုက်တွန်းတာတွေကို စာဖတ်သူတွေလည်း ကောင်းကောင်းသတိထားမိကြမှာပါ။ အန္တရာယ်မရှိမှန်းသိလို့ ဆိုးဝါးတဲ့ အကျိုးဆက်တွေက လွတ်မြောက်ချင်လို့ ပြည်သူတစ်ရပ်လုံးက ဖျက်သိမ်း

www.burmeseclassic.com



ပေးဖို့ (ဝါ) ပြန်လည်ရေးဆွဲဖို့ တောင်းဆိုနေတာကိုလည်း စာဖတ်သူများ သိပြီးသား ဖြစ်ပါတယ်။

ဒါတွေတင်မကသေးဘူး။ မိမိတို့နိုင်ငံကို ကူညီထောက်ပံ့နေတဲ့ ကြိုဆိုအားပေးနေတဲ့ ကမ္ဘာ့နိုင်ငံအသီးသီးကလည်း မြန်မာပြည်သူတွေ သဘောဆန္ဒနဲ့ တစ်ထပ်တည်း တိုက်တွန်းပြောဆိုနေတယ်။ ပြည်တွင်းမှာ ရှိတဲ့ အတိုက်အခံအင်အားစုတွေ၊ အမာခံ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေး ဘက်တော်သားတွေနဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေကလည်း တောက်လျှောက်ဆွေးနွေး၊ တင်ပြ၊ တောင်းဆိုနေကြတယ်။

ဒါဆိုရင် လက်ရှိ အာဏာရပါတီရဲ့ ထိပ်တန်းခေါင်းဆောင်ပြောသလို တိုင်းပြည်အတွက် အန္တရာယ်ကြီးလို့ ဆိုးဝါးတဲ့ အကျိုးဆက်တွေ ဖြစ်လာမှာစိုးလို့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို မပြင်ဆင်၊ မဖျက်သိမ်းချင်ဘူးဘဲထား၊ ပြန်လည်မရေးဆွဲချင်ဘူးဘဲထား၊ အခု ဘေးဒုက္ခအန္တရာယ်ကြားမှာ ရောက်နေတဲ့ ဆိုးဝါးတဲ့အကျိုးဆက်တွေနဲ့ ရင်ဆိုင်နေရတဲ့ တိုင်းပြည်ကို လက်ရှိအာဏာရခေါင်းဆောင်ကြီး ဘယ်လိုကိုင်တွယ်ဖြေရှင်းပေးမလဲ။

လက်ရှိ အာဏာရ ခေါင်းဆောင်ကြီးပြောတဲ့ စကားကို လေးစားလိုက်နာပြီး ပြင်ဆင်ဖျက်သိမ်းဖို့ (ဝါ) ပြန်လည်ရေးဆွဲဖို့ ထောက်ပြဝေဖန်တာမျိုး၊ တင်ပြပြောဆိုတာမျိုး ပြည်သူတွေ မလုပ်တော့ပါဘူး။ တို့လည်း မတို့၊ ထိလည်းမထိတော့ပါဘူး။ ကုန်ကုန်ပြောရင် မျက်စောင်းတောင် လှည့်မထိုးတော့ပါဘူး။ အခု တိုင်းပြည်မှာ လက်ရှိဖြစ်ပေါ်နေတဲ့ အရေးကိစ္စတွေကို ငြိမ်းအေးပြေလည်သွားအောင်၊ ခေါင်းဆောင်ကြီးတို့က ပြည်သူရှေ့က မားမားရပ် ကူညီဆောင်ရွက်ပေးမယ်ဆိုရင် လှည့်တောင်ကြည့်ကြမှာ မဟုတ်ဘူး။



အခု တိုင်းပြည်မှာ နာမည်ကျော်ကြားရေပန်းစားနေတဲ့ လက်ပံတောင်းတောင်ကိစ္စ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေနဲ့ အပစ်အခတ်ရပ်စဲရေးကိစ္စ၊ မြေယာခွဲဝေပိုင်ဆိုင်မှု အရေးကိစ္စ၊ မြေသိမ်းခံ လယ်သမားများ အရေးကိစ္စ၊ အလုပ်ရှင်၊ အလုပ်သမားများရဲ့ အရေးကိစ္စ၊ ဟိုအရေးကိစ္စ၊ ဒီအရေးကိစ္စ စတဲ့ အရေးကိစ္စပေါင်းများစွာ ပြဿနာပေါင်း သောင်းခြောက်ထောင်သော ခေါင်းဆောင်ကြီးတို့ ထိန်းကျောင်းတည့်မတ်ပေးနိုင်လို့ ယနေ့ ချက်ချင်း ရပ်တန့်သွားတာနဲ့ တစ်ပြိုင်နက် ဘယ်သူမှ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်းကို ပြောမှာမဟုတ်တော့ဘူးလို့ ကျွန်တော် ရဲရဲကြီး အာမခံပါတယ်။

ကျွန်တော်တို့ဟာ သာမန်ပြည်သူ၊ ပြည်သားတွေပါ။ နေရာလွတ်တွေ့ရင်တောင် အာဏာတက်လုမယ့်သူတွေ မဟုတ်ပါ။ လက်ရှိ အစိုးရ မကောင်းကြောင်းပြော၊ အစိုးရသစ်ဖွဲ့၊ အစိုးရတက်လုပ်ချင်သူတွေလည်း မဟုတ်ပါ။ နောက်ပြီး အစိုးရနဲ့ ဆန့်ကျင်ဘက် အဖွဲ့အစည်းကို ထောက်ခံ၊ တစ်ဖက်အဖွဲ့အစည်းရဲ့ စကားကို နားထောင်၊ အဖွဲ့အစည်းအမျိုးမျိုးရဲ့ သြဝါဒတွေ၊ မိန့်ခွန်းတွေနဲ့ ဟုတ်နိုးနိုးလုပ်နေသူတွေလည်း မဟုတ်ပါ။

သို့သော် ကျွန်တော်တို့ဟာ သာမန်ပြည်သူတွေဖြစ်တဲ့အတွက် သာမန်အတွေး၊ သာမန်စိတ်ကူး၊ သာမန်မျှော်လင့်ချက်နဲ့ သာမန်စကားပြောချင်တယ်။ တိုင်းပြည် ဒီမိုကရေစီနဲ့ သွားနေတဲ့ ခေတ်မှာ ဒီမိုကရေစီစံနှုန်းတွေ၊ ပြည့်ပြည့်ဝဝ ရချင်တယ်။ အနှောင့်အယှက်၊ အတားအဆီး [illegible] အထောင်း ကင်းကင်းနဲ့ လူ့အခွင့်အရေးအရသာကို ပီပီပြင်ပြင် ခံစား[illegible]တယ်၊ ကိုယ့်လုပ်ပိုင်ခွင့်၊ ကိုယ်ရရှိတဲ့ငွေကြေး၊ ကိုယ့်ဘဝ လုံခြုံ[illegible] စိတ်ကြိုက် စီမံဖန်တီးနိုင်တဲ့ လူသားဝါဒ၊ လူသားဘဝစံနှုန်း[illegible] ဆိုင်ချင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ မြန်မာတစ်မျိုးသားလုံးပိုင်တဲ့ မြန်မာ့မြေပေါ်က သဘာဝအရင်းအမြစ်နဲ့ သယံဇာတ အမြောက်အများကို တခြားနိုင်ငံ၊ တခြားလူမျိုးတွေရဲ့ အတင်းအဓမ္မ လုယူသိမ်းပိုက်ခြင်းဘေး၊ အစိုးရနဲ့ ပူးပေါင်းကြံစည်ပြီး၊ မလျော်ကန်တဲ့နည်းနဲ့ ကိုယ်ကျိုးရှာ အမြတ်ထုတ်ခြင်းဘေး၊ မသမာတဲ့ အမိန့်အာဏာကို အကာကွယ်ယူပြီး ဟိန်းဟောက်၊ ခြိမ်းခြောက် အနိုင်ကျင့်ခြင်း ဘေးမှ ကင်းဝေးချင်ပါတယ်။ နောက်ဆုံး ထမင်းကြမ်းခဲကို ဆားနဲ့ပဲ စားရ စားရ တခြားနိုင်ငံ၊ တခြားလူမျိုးတွေရဲ့ ဩဇာခံဘဝက လွတ်မြောက်ချင်ပါတယ်။

ကျွန်တော်တို့ဟာ သာမန်ပြည်သူတွေဖြစ်တာမို့ သာမန်အတွေး၊ သာမန်စိတ်ကူးနဲ့ သာမန်ရိုးရိုးလေးပဲ ပြောချင်ပါတယ်။ လက်ရှိ အစိုးရတာဝန် ရှိသူများကို အရိုးဆုံး၊ အဖြောင့်ဆုံး၊ အမှန်ကန်ဆုံးဆန္ဒနဲ့ပဲ တောင်းဆိုချင်ပါတယ်။ လက်ပံတောင်းတောင်နဲ့ တခြားထောင်ပေါင်းများစွာကို အရှည်တည်တံ့ ခွင့်ပြုပါ။ မိမိပိုင် လယ်ယာမြေပေါ်မှာ လယ်ယာလုပ်ပိုင်ခွင့်နဲ့ လယ်သမားတွေရဲ့ ဘဝတည်ငြိမ်အေးချမ်းအောင် ကူညီဖြေရှင်းပေးလိုက်ပါ။ လူမျိုးရေး ပြဿနာနဲ့၊ ဘာသာရေးပဋိပက္ခများ အမြန်ဆုံး ချုပ်ငြိမ်းသွားအောင် ထိန်းကျောင်းပေးကြပါ။

အလုပ်ရှင်၊ အလုပ်သမား၊ ပြဿနာပြေလည်အောင်၊ မြန်မာပြည်သူတွေ ထမင်းဝဝလင်လင်စားရအောင် ပြည်သူတွေ ဒီမိုကရေစီတန်ဖိုးနဲ့ အညီ နေနိုင်အောင်၊ အစိုးရတာဝန်ရှိသူတွေအနေနဲ့ လုပ်ကိုင်ဆောင်ရွက်ပေးပါ။

ကျွန်တော်တို့ဟာ သာမန်ပြည်သူတွေပါ၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို နားလည်တတ်ကျွမ်းတဲ့ ပညာရှင်တွေမဟုတ်ပါ။ ထောက်ပြဝေဖန်နိုင်တဲ့ ပုရောဟိတ်တွေလည်း မဟုတ်ပါ။ ဒါ မကောင်းဘူး။ ဒါကောင်း



တယ်ဆိုပြီး အကဲဖြတ်ပေးနိုင်တဲ့ ပညာရှိသုခမိန်တွေလည်း မဟုတ်ပါ။

ဒါပေမဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ချင်ပြင်၊ မပြင်ချင်နေ၊ ပြည်သူတွေလိုချင်တာ လက်ပံတောင်းတောင် အရေး ပြေလည်ရင်ကျေနပ်တယ်။ လယ်သမားရေး၊ အလုပ်သမားရေး ပြေလည်ရင် ဝမ်းမြောက်တယ်။ လူမျိုးရေး၊ ဘာသာရေးပဋိပက္ခတွေ ပြေလည်ရင် သဘောကျတယ်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေနဲ့ အပစ်အခတ် အမြန်ဆုံး ရပ်တန့်ရင် စိတ်ချမ်းသာမယ်။

ဒါတွေကို လက်ရှိ အာဏာရပါတီရဲ့ ထိပ်တန်းခေါင်းဆောင်ကြီး ပြေလည်အောင် ဖြေရှင်းပေးပါလို့ တောင်းဆိုချင်ပါတယ်ခင်ဗျာ။

***RIGHT TIME ဂျာနယ်***

*(၁၁-၁၂-၂၀၁၃) နေ့ထုတ်*

◆ ◆ ◆

www.burmeseclassic.com